Little Boy
PUBLISHING HOUSE

# ဖုန်းရွှေအဆောင် လာဘ်ကောင်လေးများ

စန္ဒီ (Artist)














Little Boy စာအုပ်အမှတ် ၂၆

# ဖုန်းရွှေအဆောင် လာဘ်ကောင်လေးများ

**စန္ဒီ (Artist)**

ဖြန့်ချိရေး

**စာပေလောက ၅**

အမှတ် ၁၃၈-၁၄၀၊ ပထမထပ်၊
မဟာဗန္ဓုလလမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃၁ ၂၅၀၆၇

စာအုပ်စာတမ်း စာနယ်ဇင်း ခွင့်ပြုအမှတ်
[ ၄၀၀၂၃၀၀၃၁၂ ]
စာအုပ်စာတမ်း မျက်နှာဖုံး ခွင့်ပြုအမှတ်
[ ၄၀၀၄၀၈၀၄၁၂ ]

●

မျက်နှာဖုံး
ကျော်ကျော်

- - -

ပုံနှိပ်ခြင်း
ပထမအကြိမ်
(၅၀၀)

- - -

ထုတ်ဝေခြင်း
ဇူလိုင်၊ ၂၀၁၂

- - -

တန်ဖိုး
၃၅၀၀ ကျပ်

●

ဒေါ်ခင်မာချို ပန်းဝေဝေစာပေ၊ အမှတ် ၃၆၀၊
ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့က ထုတ်ဝေ၍
ဒေါ်ခင်လှ (၀၁၅၇၇)၊ စာပေလောကပုံနှိပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့တွင်
မျက်နှာဖုံး နှင့် အတွင်းစာသားများ ပုံနှိပ်သည်။

၈၉၉.၇

ဓနို

ဂုန်းရွှေအဆောင် လက်ကောက်လေးများ / ဓနို ။- ရန်ကုန်။
ပန်းဝေဝေ စာပေ၊ ၂၀၁၂။
၁၇၀ - စ။ ၁၄ . ၂၅ x ၁၈ . ၅၄ စင်တီ
(၁) ဂုန်းရွှေအဆောင် လက်ကောက်လေးများ

# မာတိကာ


| | | |
|---|---|---|
| ၁။ | မြန်မာပြန်ဆိုသူ၏ အမှာစာ | - |
| ၂။ | ဖုန်းရွှေဆိုတာ ဘာလဲ | ၂ |
| ၃။ | ချီ | ၄ |
| ၄။ | ဆင်းရဲသားအိမ်ဖြစ်စေတတ်သောအရာများ | ၆ |
| ၅။ | အတွေးအခေါ်၊ ပညာရေးနှင့် ဖန်တီးမှုကို မြှင့်တင်ပေးနိုင်သောအရာများ (အရှေ့မြောက်) | ၉ |
| ၆။ | မိသားစုစည်းလုံးညီညွတ်ချစ်ခင်ပြီး ကြီးသူစကားနာခံခြင်း(အရှေ့အရပ်) | ၁၅ |
| ၇။ | အကူအညီရစရာများ၊ ပိတ်ဆို့စေတတ်တဲ့အကြောင်းအရာများ | ၂၀ |
| ၈။ | အသက်မွေးဝမ်းကျောင်းအလုပ် တိုးတက်ကြီးပွားရာ(မြောက်အရပ်) | ၂၂ |
| ၉။ | ကြွယ်ဝချမ်းသာခြင်း (အရှေ့တောင်) | ၂၈ |
| ၁၀။ | အချစ်ရေးနှင့် အိမ်ထောင်ရေး (အနောက်တောင်) | ၃၆ |
| ၁၁။ | လူသိထင်ရှား ဂုဏ်သတင်းမွှေးစေဖို့ (တောင်အရပ်) | ၄၇ |
| ၁၂။ | ကူညီသူများနှင့်ခရီးသွားခြင်း (အနောက်မြောက်) | ၅၁ |
| ၁၃။ | ရိုးရာဖုန်းရွှေအဆောင်ရုပ်တုများ | ၅၇ |
| ၁၄။ | ရိုးရာဆန်းကြယ် အဆောင်ရုပ်တုများ (နဂါး၊ ခြေ(၃)ချောင်းဖား၊ လိပ်နဂါး၊ ကီလင်း၊ ပိုက်ဆံပြားနှင့် ခြူများ) | ၈၀ |

၁၅။ ဖုန်းရွှေတန်ခိုးရှင်နတ်ဘုရားများ (အမ်းကုန်း၊ ကွမ်ရင်၊ Tsai Chein,
Lord Guan, God of Longevity,Fuk Luk Sau) ၉၅
၁၆။ ကီလင်း (Chi Lin, Kilin) ၁၀၉
(Chinese Unicorn)
၁၇။ Pi Yao (Pi Xiu , Pi Kan) ၁၂၂
၁၈။ ပိုက်ဆံဖား (ခြေ ၃ ချောင်းဖား) (3 Legs Frog) ၁၃၅
၁၉။ လိပ်နဂါး (Dragon Tortoise) ၁၄၄
၂၀။ ဘူးတောင်း (Wu Lou) နှင့် ဝါးပလွေများ (Bamboo Flutes) ၁၅၆
၂၁။ နဂါး (Dragon) ၁၆၀
၂၂။ ကာကွယ်ရေးအစောင့်အရှောက်များ၊ ၁၆၄
ဖူခွေးများ (သို့) ကျောင်းစောင့်ခြင်္သေ့များ (Fu Dogs or Temple Lions)
နှင့် စီကာဒါ (Cicada)

# မြန်မာပြန်ဆိုသူ၏ အမှာစာ

ဖုန်းရွှေအဆောင် လာဘ်ကောင်လေးများစာအုပ်ကို ကျွန်မမိတ်ဆွေ ကိုရီးယား အမျိုးသမီး Mrs.kim ဆီကနေ ပထမဆုံး **LILLIAN Too** ရေးတဲ့ Sambols of Good Fortune (fengshui) စာအုပ်ကို စတင် ဖတ်ရစဉ်ကတည်းက မြင်ခဲ့ပါ။ နောက်ပြီး ကျွန်မရဲ့ ဝါသနာအရ အခြားနိုင်ငံတွေ သွားလည်ရင်ပဲဖြစ်ဖြစ် ရောက်လေ ရာအရပ်က ထူးဆန်းတဲ့ အရုပ်ကလေးတွေမြင်ရင် ဝယ်စုတတ်တဲ့ အကျင့်လေးက ရှိတော့ ထိုင်းနိုင်ငံမှာ အရုပ်ကလေးတစ်ရုပ်တွေ့လို့ ဝယ်လာခဲ့ပါတယ်။ အဲဒီ အရုပ် ကလေးက ဘာမှန်းလဲ မသိဘူး။ ကျွန်မ ပန်းချီရေးခဲ့တဲ့ ရခိုင်တွေရဲ့ လာဘ်ကောင် ဗျာလလေးလို ပေါင်းစပ်အသွင်လေးနဲ့ပါ။ နောင်မှ အဲ့ဒီကောင်လေးက Piyao လို့ ခေါ်တဲ့ အကောင်ကလေးဖြစ်မှန်း သိလာရပါတယ်။ ဒါနဲ့ပဲ စိတ်ဝင်စားမှုက ပိုလာပြီး ဝက်ဆိုက်တွေထဲ ရှာဖတ်ကြည့်တော့ ဖုန်းရွှေပညာနဲ့ အဆောင်ရုပ်တွေက ပိုဆွဲဆောင်လာပါတယ်။ ကျွန်မတို့ မြန်မာမှာက အရုပ်ကလေးတွေ ဝယ်ကြတယ်။ ဒီလိုပဲ အလှတင်ထား လိုက်ကြတာပါပဲ။ အမ်းကုန်းဘိုးတော်ဆိုရင်တော့ လက်ဆောင် ရရင် လာဘ်ကောင်းတယ် ငွေဝင်မယ်ဆိုပြီး ရေနွေးလေးတော့ ကပ်ကြတာပါပဲ။ တခြား အရုပ်တွေကိုတော့ ဘာသိဘာသာပါ။

ဒါပေမယ့် တကယ်လေ့လာကြည့်မှ အဆောင်ရုပ်တွေဆိုတာက သူ့နေရာနဲ့သူ ထားရတာမျိုးပါ။ ဒါမှ အကျိုးပေးမှန်တာပါ။ တချို့ဆို နေရာလှည့်မှားရင် ခိုက်ပါတယ်။ ဥပမာ မြင်းတို့၊ နဂါးတို့၊ ခီလင်းတို့လိုပါ။ လာဘ်ခေါ်ကြောင်ရုပ်လေးဆို သူ့အတွက်

ကို အလှူ ~~တစ်ခါ နှစ်ခါ~~ လုပ်ပေးရတာပါ။ Piyao ဆို ချစ်ချစ်ခင်ခင် သက်ရှိလေးလို သဘောထားရင် ပိုအကျိုးပေးတာမျိုးလို့ ဆိုပါတယ်။ မယုံလို့ မလုပ်ချင်လဲနေ ဘာပဲ ပြောပြော ဒါတွေက သိထားမှ ကောင်းမယ် မဟုတ်လား။ ဒါကြောင့် အများအတွက် ဗဟုသုတအနေနဲ့ ရည်ရွယ်ပြီး ထပ်မံ ရှာဖွေ စုဆောင်းကာ တစ်စုတည်း မှတ်စုလေး အနေနဲ့ ထုတ်ဖို့ ကြိုးစားခဲ့ပါတယ်။ ကျွန်မလို ဝါသနာပါတဲ့ စာပေလောက ၅ က ထုတ်ဝေသူ မနှင်းမြတ်သွယ်နဲ့ တွေ့ပြီးတဲ့အခါမှာတော့ ဒီစာအုပ်လေး ထုတ်ဖြစ်ပါပြီ။ မှတ်စုလေးအနေနဲ့ပဲ အကျဉ်းချုံး ဘာသာပြန်ခဲ့ရတဲ့အတွက် လိုအပ်တာများ ရှိရင် စာဖတ်သူတို့ ခွင့်လွှတ်ပေးနိုင်ကြမယ်လို့ မျှော်လင့်မိပါတယ်။

**လေးစားစွာဖြင့်**

**စန္ဒီ (Artist)**

# ဖုန်းရွှေအဆောင်
# လာဘ်ကောင်လေးများ

တရုတ်ရိုးရာ အဆောင်ရုပ်တုများ၊ ကံကောင်း၊ လာဘ်ကောင်း၊ အန္တရာယ်ကင်း အဆောင် လာဘ်ကောင်လေးများကို စိတ်ဝင်စားရင်း ဒီမှတ်စုလေးကို ဘာသာပြန် ရေးပေးချင်ခဲ့ပါတယ်။ ဒါပေမဲ့ ဖုန်းရွှေဆိုတာ ဘာလဲ၊ ချီဆိုတာ ဘာလဲနဲ့ အရပ်မျက်နှာတွေရဲ့ ကိုယ်စားပြုတဲ့ စွမ်းအားတွေ၊ ထားသင့်တဲ့ပစ္စည်း၊ မထားသင့်တဲ့ ပစ္စည်းတွေကို အရင်ရှင်းပြမှ ဖြစ်ပါလိမ့်မယ်။ ကဲ. . . ဖတ်ကြည့်ကြပါစို့နော်။

Little Boy PUBLISHING HOUSE

၁

# ဖုန်းရွှေ (Feng Shui) ဆိုတာ ဘာလဲ




LittleBoy PUBLISHING HOUSE



တရုတ်လူမျိုးတို့ရဲ့ ရှေးဟောင်း လောကီပညာရပ်တစ်ခုဖြစ်တဲ့ 'ဖုန်းရွှေ'ကို ဟိုးရှေးယခင်မှ ယနေ့အထိ ယုံကြည်သူတို့ သုံးစွဲနေခဲ့ပါတယ်။ တကယ် စနစ်တကျရှိရင် သိသိသာသာ အကျိုးပေးတယ်လို့လည်း ဆိုကြတယ်။ ငွေရေးကြေးရေး၊ စီးပွားရေး၊ အိမ်ထောင်ရေး၊ ပညာရေး၊ လူမှုရေးအောင်မြင်မှု၊ ကျန်းမာရေး၊ မိသားစုရေး၊ ရောင်းပန်းဝယ်ပန်း ကောင်းမှု အားလုံးတို့အတွက် 'ဖုန်းရွှေ' ပညာရှင်တွေနဲ့ ညှိနှိုင်းတိုင်ပင် ဆောင်ရွက်လေ့ရှိကြပါတယ်။ သိပ်လည်း ပင်ပန်းတကြီး ကြိုးပမ်းစရာမလိုတဲ့ ယတြာမျိုးလို့ပဲ ပြောရမလား။ တစ်ခါတလေ ကျတော့လည်း ကိုယ်မသိလိုက်တဲ့ ကိစ္စတစ်ခုခုက ကိုယ့်ကို ထိခိုက်သွားစေတယ်ဆိုတာမျိုးကတော့ သိထားသင့်တာပေါ့နော်။ ဥပမာ- ကိုယ့်အိမ်က ဖြစ်ပျက်မှု၊ ထားသိုတာ စနစ်မကျမှု အသေးအမွှားလေးတွေကြောင့် ကိုယ်ရသင့်တဲ့ လာဘ်လာဘကို မရတာ၊ ကိုယ် ရရှိပြီးတဲ့ ငွေကြေးအဖတ်မတင်၊ မစုဆောင်းမိတာတွေအတွက် သတိထားရမှာတွေ ရှိနေတယ်လို့ဆိုထားပါတယ်။ 'ဖုန်းရွှေ'ဆိုတာ ဘာလဲ မသိတဲ့ သူတွေရှိနေသေးတာမို့ တချို့က ကြားတော့ ကြားဖူးတယ်။ ဒါပေမဲ့ ဘာပါလိမ့် ပြန်ပြောပါဦးဆိုသူတွေအတွက် အလွယ်ဆုံးပြောပြရရင် ဖုန်းရွှေဆိုတာ အယူသီးတယ်လို့ထင်ရတဲ့ လောကဓာတ်သိပ္ပံ ပညာတစ်ရပ်လို့ပဲ ပြောရမှာပါ။ ရှေးရိုးရာ တရုတ်လူမျိုးတွေရဲ့ထူးခြားဆန်းကြယ် အံ့မခန်း ပညာတစ်ရပ် ဖြစ်ပြီး ခေတ်အဆက်ဆက် ယုံယုံကြည်ကြည် ယနေ့အထိ လိုက်နာကျင့်သုံးကြပါတယ်။ သူက သဘာဝတရား၊ လူသားနဲ့ အရာဝတ္ထုတွေရဲ့ နေရာတည်ရှိမှု၊ ဆက်စပ်မှုတို့ကို အခြေခံထားတာပါ။

# J


ची (Chi)

氣

Feng Shui က ချီ (Chi) လို့ခေါ်တဲ့စွမ်းအင်ကို သင့်ဘ၀ထဲ အကောင်းဆုံး အနေအထားနဲ့ ပွားများဝင်ရောက်အောင် ဘယ်လိုလုပ်မလဲဆိုတာကို ညွှန်ပြပေးပါ တယ်။ ဒီချီ (Chi) ဆိုတဲ့ စွမ်းအင်ကလည်း အဝေးကြီးမှာ မဟုတ်ပါဘူး။ ကျွန်မတို့ရဲ့ ဝန်းကျင်မှာပဲ သတိမမူ ဂရုမပြုမိဘဲ သတိမမူ ဂူမမြင်ဆိုသလို ဝန်းရံပြီး ရှိနေခဲ့တာပါ။ ချီ (Chi) ကို ဘယ်လို အဓိပ္ပာယ်ဖွင့်ရမလဲဆိုရင် ကောင်းမွန်သော စွမ်းအင်၊ စွမ်းအား၊ စွမ်းရည်လို့ပဲ ပြောရမှာဖြစ်ပါတယ်။ Good Energy လို့ဆိုထားတာကိုး။ မိမိ နေထိုင်တဲ့ ဝန်းကျင်၊ အရောင်၊ အနေအထား၊ ပစ္စည်း၊ အရာဝတ္ထုတွေကို ရွှေ့ပြောင်း နေရာချပေးခြင်းနဲ့ မိမိလိုချင်တဲ့ ချီ (Chi) ကို ရယူတာပါ။ ဆုံးရှုံးလျော့ကျနေတဲ့ ချီ (Chi) ကို ပိတ်ဆို့ ဟန့်တားတာပါ။ ဘယ်လောက် ဟန်ကျသလဲနော်။ ဗဟုသုတလေး အနေနဲ့ သိသင့်တာ လေးတွေသိပြီး ရှောင်သင့်တာလေးတွေ ရှောင်နိုင်ရအောင် ဒီဆောင်းပါးလေးကို ဘာသာပြန် ပေးဖြစ်ပါတယ်။ နှစ်ပေါင်းများစွာ တည်တံ့ခိုင်မြဲလာတဲ့ ပညာရပ်တစ်ခုဆိုတာ သာမန် နှယ်နှယ်ရရ ပညာ တစ်ခုတော့ ဖြစ်မယ်မထင်ပါဘူး။

၃

# ဆင်းရဲသားအိမ်ဖြစ်စေတတ်သော အရာများ



## Cultter

ရှုပ်ပွနေသော အိမ်၊ အမှိုက်ပုံများ ဟိုတစ်ပုံ၊ ဒီတစ်ပုံ စုထားခြင်း။

## Leakes

မီးဖိုချောင် (သို့) ရေချိုးခန်း၊ အိမ်သာတွင် အပေါက်များရှိခြင်း။ ရေစိမ့်၊ ရေယို၊ ရေမလုံခြင်း။

## Toilet & Trash cans

ဘိုထိုင်အိမ်သာဖြစ်လျှင် အဖုံးလုံအောင် အစဉ် ဖုံးထားရမည်။ အမှိုက်ပုံး ကို အဖုံး ဖုံးထားရမည်။

## Kitty litter boxes


အိမ်မွေးတိရစ္ဆာန်များ မစင်စွန့်သောခွက်များ အိမ်တွင်း ထားရှိခြင်း။

## Broken objects

ကျိုးပျက်ကွဲအက်သောပစ္စည်းများကို နှမြောသဖြင့် မပစ်ဘဲ ဆက်လက် ထားရှိခြင်း၊ နာရီဟောင်း နာရီပျက်များကို မပြင်ဘဲထားခြင်း၊ ဓာတ်ခဲထည့်မှ လည်ပတ်မည့် အရာများကို မထည့်ဘဲ မေ့မေ့လျော့လျော့နေခြင်း၊ ကျွမ်းနေသော မီးသီး မီးချောင်းများကို မစွန့်ပစ်ခြင်း၊ မလဲလှယ်ခြင်း။

## Dead or Witering Plants

သေနေ၊ ညှိုးနေသော အပင်များကို မစွန့်ပစ်ဘဲ အိမ်တွင် ထားရှိခြင်း။




## Images of poverty or want

မိမိဓာတ်ပုံ (သို့) ကောင်းသော နိမိတ်နှင့် ဓာတ်ပုံပန်းချီပုံများကို နိမ့်ကျသော နေရာများတွင် မတော်တဆ ထားရှိမိခြင်း။ ဒီကိစ္စမျိုးတွေကို ပြုပြင်နိုင်ရင် ဝင်စရာရှိတဲ့ငွေ လွယ်လွယ်ကူကူဝင်လာပြီး ဝင်ပြီးတဲ့ငွေလည်း လျှောခနဲ ပြန်မထွက်သွားဘူးလို့ ဆိုပါတယ်။

နောက်တစ်ပိုင်းမှာတော့ အတွေးအခေါ်ပညာရေးနဲ့ ဖန်တီးမှုစွမ်းရည်ကို မြှင့်တင် ပေးနိုင်သော အရာများရယ်၊ ဘယ်အရာတွေက ဒါတွေကို နှောင့်ယှက် ဟန့်တားနေလဲဆို တာတွေ 'ဖုန်းရွှေ'ပညာနဲ့ သိနိုင်ဖို့ ဝေမျှပေးချင်ပါသေးတယ်။

◆ ◆ ◆

# ၄


# THINGS THAT INCREASE TALENT & WISDOM


(အရှေ့မြောက်)

---

## အတွေးအခေါ် ပညာရေးနှင့် ဖန်တီးမှုစွမ်းရည်ကို မြှင့်တင်ပေးနိုင်သောအရာများ

လူတော်တော်များများက ပတ်ကွာအင်းကိုဆောင်ရာမှာ အချစ်၊ လာဘ်လာဘနဲ့ ပေါ်ပြူလာဖြစ်အောင်တို့အတွက်ပဲ ဖြစ်ချင် နေကြပါတယ်။ တကယ်တော့အားလုံးထက် အရင်လိုအပ်တာက ဉာဏ်ပညာတိုးဖို့က ပထမ ဖြစ်သင့်တာပါ။ အကြံကောင်း ဉာဏ်ကောင်း ရှိမှသာ ဘဝအတွက် ဆုံးဖြတ်ချက် မှန်မယ်။ ဒါကြောင့်မို့ 'ဖုန်းရွှေ'က အသိဉာဏ်ပညာကို မြင့်မားအောင် မြှင့်တင်ပေးနိုင်တဲ့ အချက်အလက်တွေကို အောက်ပါ အတိုင်း စုစည်းဖော်ပြထားပါတယ်။





**မှတ်ချက်**


ဒီပိုင်နက်အတွက် လိုအပ်တဲ့ ဖုန်းရွှေအဆောင်လေးတွေကတော့ -

၁။ အပြာရောင်မီး၊ အပြာရောင် အသုံးအဆောင်ပစ္စည်း

၂။ အသိဉာဏ်ကောင်း အောင်မြင်ကျော်ကြားသူတို့၏ ပိုစတာဓာတ်ပုံ၊ ဉာဏ် ပညာအတွက် ကိုးကွယ်ပသသော ပုဂ္ဂိုလ်တို့၏ ပုံတော်

၃။ အလှထားသော ဓား၊ လှံ (သို့) ချွန်ထက်သောအရာများ

## The Color Blue



အပြာရောင်က ဦးနှောက်ကို အေးချမ်းမှုပေးပါတယ်။ ဒါကြောင့် ပန်းချီဆွဲခန်း (သို့) စာဖတ်ခန်းလိုအခန်းမျိုးကို အပြာရောင်အိမ်သုတ်ဆေး (သို့) အပြာနုရောင် ခန်းဆီးလေးတွေ ဆင်ယင်ထားသင့်ပါတယ်။ အပြာရောင် အသုံးအဆောင်လေးများ ထားခြင်းဖြင့် ပိုပြီး ရလဒ်ကောင်းစေမှာပါ။

## Keep this Area well lit

ထိုအခန်းအား အစဉ်အမြဲ မီးလင်းလင်းချင်းချင်း ဖြစ်စေအပ်ပါတယ်။ မီးရောင်ဟာ ဉာဏ်ပညာရဲ့ နိမိတ်ပုံဖြစ်လို့ပါပဲ။

## Symbols or images of wisdom

အသိဉာဏ်ကောင်းသူတို့၏ပုံ၊ ဥပမာ- Scientist၊ အိုင်းစတိုင်း (သို့) နာမည်ကြီးပန်းချီဆရာ တစ်ဦးဦး၏ပုံ၊ ဥပမာ-ဒါဝင်၊ ဗန်ဂိုး။ နာမ်ဝိညာဉ် သခင်တို့၏ ပုံတော်၊


ဥပမာ-သူရသတီ၊ မဟာပိန္နဲစသဖြင့် ပညာရပ်တစ်ခုခုတွင် ထူးချွန်သော သူတို့၏ပုံကို ထိုအခန်းတွင် ကပ်ထား၊ ချိတ်ဆွဲထားရမည်။ (မိုးဇက်၊ ဘီသိုဗင်၊ အိုင်းစတိုင်း၊ ဘီလ်ဂိတ်၊ bible ထဲမှ King Salmon အစရှိသဖြင့် ကိုယ်ဖြစ်လိုသော အောင်မြင်မှုပုံရိပ် တစ်ခုခု)

## Meditation tools

ထိုအခန်းထဲတွင် တရားထိုင်၊ ပုတီးစိပ်ခြင်း၊ Yoga ကျင့်ခြင်းတို့သည်လည်း စိတ်စွမ်းအင်ကို တိုးမြှင့်ပေးနိုင်မှာဖြစ်ပါတယ်။ ထို့ကြောင့် တရားထိုင်လျှင် လိုအပ်သော အသုံးအဆောင်၊ နေရာထိုင်ခင်းတစ်ခုခုကို မြင်ရသောနေရာတွင် ထားရှိသင့်သည်။ ကိုးကွယ်ယုံကြည်သော ဘာသာ၏အထိမ်းအမှတ်ရုပ်တု (သို့) ရုပ်ပုံကားချပ် တစ်ခုခု လည်း ထားရှိသင့်ပါတယ်။

## Sharp objects





ဓား (သို့) ချွန်ထက်ချွန်မြသောအရာတစ်ခုခုကို ထိုပိုင်နက်တွင် ထားရှိခြင်းဖြင့် ရှေးရိုးရာ ဖုန်းရွှေအရ သင့်ကို ထက်မြက်သောစိတ်ဓာတ် ပိုင်ရှင် ဖြစ်စေနိုင်တယ်လို့ ယူဆကြပါတယ်။ ဒါကြောင့် ဖုန်းရွှေအဆောင် အလှထား ကင်ဒိုဓားငယ်လေးတွေ ပေါ်လာပါတယ်။

**မှတ်ချက်**
ပုံမှာပြထားတဲ့သလင်းကျောက်တုံး၊ Rose Quartz၊ ခရမ်းစွဲ ကျောက်တုံးတို့က သွေးစရာမလိုဘဲ သဘာဝကိုက ချွန်ထက်နေတာပါ။ သူ့မှာလည်း စွမ်းအင်တွေရှိပါတယ်။ ဒါတွေကို အဆောင်အနေနဲ့ ဝယ်ထားချင်ရင် ဗိုလ်ချုပ် ဈေးက ကျောက်တန်းတွေ၊ အရိုင်းတုံး ရောင်းတဲ့ဆိုင်တွေမှာ ရှိတတ်ပါတယ်။

## Alcohols or Drugs

ထိုပိုင်နက်တွင် အရက်နှင့်ဆေးဝါးများ မထားသင့်ပါ။ ထိုပိုင်နက်တွင် အရက် ကောင်တာ၊ ဆေးဝါးစင်တို့ကို ထားရှိခြင်းဖြင့် ဦးနှောက်ကို ထိုင်းမှိုင်း တွေဝေစေပြီး ဆုံးဖြတ်မှုမှာ နှောင့်နှေးစေပါတယ်။

## Clutter

ထိုပိုင်နက်အတွင်း အမှိုက်များရှုပ်ပွနေခြင်းက သင့်စိတ်ကိုပါ ရှုပ်ထွေးစေပါတယ်။ ဖန်တီးမှု အားနည်းစေတယ်။ ဆုံးဖြတ်စဉ်းစားမှု၊ ဝေဖန်ခွဲခြားနိုင်မှု အားလျော့စေပါတယ်။ သင်ယူလေ့လာမှတ်သားနိုင်မှု ယုတ်လျော့စေပါတယ်။ ဒါကြောင့် မလိုအပ်တဲ့အပိုပစ္စည်းများကို အဝေးခန်းတစ်ခန်းသို့ ဖယ်ရှားလိုက်ပါ။

## Dust & Dirt

ထိုပိုင်နက်အတွင်းရှိ ပြားချပ်သောမျက်နှာပြင်များပေါ်တွင် ဖုန်မှုန်နှင့် ညစ်ပေ စွန်းထင်းမှုများမရှိစေရ။ (ဥပမာ-တီဗီဖန်သားပြင်၊ ပြတင်းပေါက်မှန်များ၊ ကြည့်မှန်၊ စားပွဲ၊ ကုလားထိုင်၊ ကြမ်းပြင် စသဖြင့်)

**Unwise symbols**

အဓိပ္ပာယ် မကောင်းသော စာတမ်းများ၊ ရုပ်ပုံများပါရှိသည့် တီရှပ်များ၊ ခွက်များ၊ ပိုစတာများ၊ စတစ်ကာများ၊ ပန်းချီရုပ်ပုံကားချပ်များကို ဖယ်ရှားလိုက်ပါ။

ဒီအချက် ၉ ချက်နဲ့အညီ သင့်အလုပ်ခန်း(သို့) စာဖတ်ခန်းကို ထားနိုင်ရင်တော့ သင့်ရဲ့လိုအပ်ချက် သိသိသာသာ ပြီးပြည့်စုံလာလိမ့်မယ်လို့ 'ဖုန်းရွှေ'က ဆိုထားပါတယ်။ ဒါလည်း ဗဟုသုတလေးတစ်ခုပေါ့နော်။

◆ ◆ ◆

# ၁

## THINGS THAT HONOR FAMILY
## (အရှေ့အရပ်)

---

### မိသားစုစည်းလုံးညီညွတ်ချစ်ခင်ပြီး ကြီးသူစကားနားခံစေခြင်း

ဒီအပိုင်းမှာတော့ မိသားစုစည်းလုံး ညီညွတ်ချစ်ခင်ပြီး ကြီးသူစကား နားခံစေခြင်း၊ ပြီးတော့ အကူအညီရစရာများကို ပိတ်ဆို့စေတတ်တဲ့ အကြောင်းအရာများရယ်၊ အသက် မွေးဝမ်းကျောင်း အလုပ် တိုးတက် ကြီးပွားရာကို 'ဖုန်းရွှေ'နဲ့ ဘယ်လို ထိန်းသိမ်း ပြုပြင်နိုင်မလဲဆိုတာ ပြောပြချင်ပါတယ်။

မိသားစုစည့်ခန်းမရဲ့အပြင်အဆင်ဟာ လူကြီးမိဘ ဘိုးဘွား အုပ်ချုပ်တဲ့ အိမ်မှာ အရေးပါလှပါတယ်။ ဒါကြောင့် ဒီအိမ်မျိုးရဲ့ အပြင်အဆင်ကို 'ဖုန်းရွှေ'က ဒီလိုဆိုထား ပါတယ်။

**မှတ်ချက်**

ဒီပိုင်နက်အတွက် လိုအပ်တဲ့'ဖုန်းရွှေ'အဆောင်လေးတွေကတော့-

- သစ်သားထည် ထုကြီးကြီးပရိဘောဂ
- ဓာတ်ပုံပေါင်
- ပန်းပု
- ဘွန်ဇိုင်းသစ်ပင်
- မိဘဘိုးဘွားဓာတ်ပုံပန်းချီကားများ
- အစိမ်းရောင်နှင့် အနက်ရောင် အသုံးအဆောင်ပစ္စည်းများ
- စားပင်သီးပင်ငယ် (သို့) အလှစိုက်အပင်ငယ်လေးများ

## သစ်သား

သစ်သားဟာ မိသားစုတစ်ခုရဲ့ ခိုင်မြဲသော အင်အား စည်းလုံးမှုကို ပြဆိုတဲ့ နိမိတ်ပုံလို့ 'ဖုန်းရွှေ'ကဆိုပါတယ်။

- မိသားစုစည်းလုံးခိုင်မြဲချင်တဲ့ပိုင်နက်မှာ လေးလံတဲ့သစ်သားပရိဘောဂ
- ရှေးဟောင်းပစ္စည်း၊ ဓာတ်ပုံပေါင်ကြီးကြီး၊ အပင်ကြီးမျိုးဆန်သော အပင်တစ်မျိုးမျိုး၊ ဥပမာ- ဘွန်ဇိုင်းပင်များ ထားသင့်ပါတယ်။

## ဆွေမျိုးအကြီးအကဲတို့ဓာတ်ပုံများ




မိဘဘိုးဘေးအစဉ်အဆက်၏ဓာတ်ပုံများအား
ခံ့ခံ့ ညားညား ပြသထားခြင်း။

## အစိမ်းရောင်နှင့် အနက်ရောင်

အစိမ်းရောင်သည် 5 Elements မှ သစ်သား၏နိမိတ်ဖြစ်ပါတယ်။ အနက်ရောင်ကတော့ ရေရဲ့ နိမိတ်အရောင်ပါ။ အစိမ်းနဲ့ အနက်ရောင် ပရိဘောဂများ၊ ကော်ဇော၊ ခန်းဆီးတို့က မိမိပိုင်နက်ရဲ့ 'ချီ'ဓာတ်ကို မြှင့်တင်ပေးပါလိမ့်မယ်။

## အိမ်တွင်းအလှစိုက်အပင်ငယ်လေးများ







အိမ်တွင်းအလှစိုက် အပင်ငယ်လေးများ၊ စားပင်သီးပင်ငယ်လေးများကို ထိုပိုင်နက်ထဲ စိုက်ပျိုးထားခြင်းက မိသားစုတွင်း စည်းစည်းလုံးလုံး သာသာယာယာ ဖြစ်စေ ပါတယ်။

◆ ◆ ◆

## THINGS THAT DISHONOR FAMILY
## (အရှေ့အရပ်)

---

### မိသားစုဝင်အချင်းချင်း စိတ်ဝမ်းကွဲခြင်းနှင့် စကားမနာခံခြင်းများ

ဒါကလည်း မိသားစုတိုင်းမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့အရာပါ။ ဒါပေမဲ့ သိပ်ဆိုး လာပြီ ဆိုရင်တော့ အောက်ပါအချက်တွေထဲက ဘယ်အချက်များနဲ့ ငြိနေလဲ ကြည့်ပြီး ပြုပြင်ကြည့် လိုက်သင့်ပါတယ်။ ဒါက 'ဖုန်းရွှေ့မှာ ဖော်ပြထားတဲ့ မိသားစု အချင်းချင်း စည်းလုံးမှုပြိုကွဲစေ၊ စကားနာခံစေ၊ အရှိအသေပျက်စေတဲ့ အရာတွေပါတဲ့။ မိသားစု စုဆုံစည်းရာ ဧည့်ခန်းနေရာ အတွက်ကိုပဲ ဆိုလိုတာ ဖြစ်ပါတယ်။

## သတ္တုပစ္စည်း

ငွေခေါင်းလောင်း (သို့) ငွေ၊ အလူမီနီယမ် ဒါမှမဟုတ် အခြားသတ္တု တစ်မျိုးမျိုးနဲ့ပြုလုပ်ထားတဲ့ ဓာတ်ပုံဘောင်ကလေးများ ထားရှိခြင်းက မိသားစု စည်းလုံးချစ်ကြည်မှုနဲ့ လူကြီးမိဘ ဘိုးဘေးရှိသေခြင်းကို ဖြိုခွင်းပါတယ်။ သတ္တုဟာ သစ်သားကိုခုတ်ဖြတ်တဲ့ အရာပါ။ သစ်သားက လူကြီးမိဘ၊ မိသားစုရဲ့နိမိတ်ပုံပါ။

## အဖြူရောင်

အဖြူရောင်များ ထိုအခန်းထဲမှာ သိပ်များနေရင် အနက်ရောင်နဲ့ ပြန်ညှိပေးရပါမယ်။ ဥပမာ-အဖြူရောင်ခန်းဆီး၊ နံရံ၊ ပရိဘောဂဖြစ်နေရင် အနက်ရောင်ပန်းအိုး၊ အစိမ်းရောင် ပန်းအိုးကို တွဲပြီးထားပေးပါ။

## ပိုင်းသောပုံသဏ္ဍာန်များ

ရွှေဒင်္ဂါးများ၊ ပိုင်းစက်စက်ပုံသဏ္ဍာန်ရှိသော ရွှေဟောင်းပန်းကန်ပြားများ ကိုထိုအခန်းတွင်မထားသင့်ပါ။

◆ ◆ ◆

# ၄

# THINGS THAT BLOCK HELPFUL CONTACTS
## အကူအညီရစရာများကို ပိတ်ဆို့စေတတ်တဲ့အကြောင်းအရာများ

## Clutter

အိမ်မှာ ပြည့်နေအောင်ထည့်ထားသော စက္ကူပုံးများ၊ စာစောင်များ၊ မဂ္ဂဇင်းများကို မရှင်းပါက ကူညီမယ့်သူမရနိုင်ပါ။

## Plug Your Drains

ရေချိုးခန်းနဲ့ အိမ်သာ၊ မီးဖိုတို့မှာ ရေဒလဟောကျနေရင်၊ ရေတစိမ့်စိမ့် စီးယိုနေရင် အမြန်ပြုပြင်တားဆီးရပါမယ်။ တကယ်လို့ မလုပ်နိုင်သေးဘူး ဆိုရင်လည်း အဲဒီပိုက်လိုင်းကို အနီရောင်ဖဲကြိုးနဲ့ ချည်ထားလိုက်ပါ။ ဒါမှမဟုတ် လက်သည်းနီ အနီရောင်နဲ့ မျဉ်းကြောင်း တစ်ကြောင်း သားထားလိုက်ပါ။

◆ ◆ ◆

# ၇

## CAREER
## (အသက်မွေးဝမ်းကျောင်းအလုပ် တိုးတက်ကြီးပွားရာ)
## The North Wall
## (မြောက်အရပ်)

---

မြောက်အရပ်ဟာ ကိုယ့် အသက်မွေးဝမ်းကျောင်းအလုပ်နဲ့ သက်ဆိုင်ပါတယ်။ မြောက်ဘက်အရပ်ဒေသပါ။

**မှတ်ချက်**
ဒီပိုင်နက်အတွက် လိုအပ်တဲ့ ဖုန်းရွှေအဆောင်လေးတွေကတော့ စားပွဲတင်ရေပန်း၊ အနက်ရောင်အသုံးအဆောင် ပစ္စည်းများ၊ ကြည့်မှန်၊ နာမည်ကြီး အောင်မြင်သူ၊ ကိုယ်ဖြစ်ချင်သူရဲ့ ဓာတ်ပုံပိုစတာ၊ ဖန်ထည်များ။

Little Bee PUBLISHING HOUSE

# THINGS THAT ENCHANCE YOUR CAREER
## (မြောက်အရပ်)

တိုးတက်ရာ တိုးတက်ကြောင်းအတွက်ကတော့ လူတိုင်းရှာနေကြတာပါပဲ။ ဒါပေမဲ့ တစ်ခါတလေ ထင်သလို မဖြစ်ကြပါဘူး။ တစ်ခါတလေကျတော့ ကိုယ့်နေရာထိုင်ခင်းကြောင့် ခက်ခဲနေရတာမျိုး၊ ခိုက်နေတာမျိုးလေးတွေကို ဖုန်းရှွေနဲ့ ပြုပြင်ကြည့်လိုက်ပါ။ နေအိမ်ရဲ့မြောက်အရပ်ကို စစ်ဆေးပြောင်းလဲလိုက်ပါ။

## Water




စားပွဲပေါ် အလှတင်တဲ့ ရေတွေစီးနေ၊ လည်ပတ်နေတဲ့ အရုပ်ကလေးတွေ ရှိတတ်ပါတယ်။ အဲဒါကို မြောက်ဘက်အရပ်မှာ တင်ထားလိုက်ပါ။

## Black Color








အမည်းရောင်အသုံးအဆောင်တွေထားပါ။ အမည်းရောင်က ဖုန်းရွှေအရ ရေဓာတ် ဖြစ်ပါတယ်။

## Mirrors







ကြည့်မှန်ကလည်း ရေဓာတ်သဘောပဲဖြစ်ပါတယ်။

## Positive Carrer Symbols & Images

ကောင်းသောနိမိတ်ပုံတွေနဲ့ ချိတ်ဆွဲမိတာ သေချာပါစေ။ မိမိအလုပ်နဲ့ သက်ဆိုင်တဲ့ အောင်မြင်သူပုံဆိုရင်လည်း ရပါတယ်။ အားကစားသမားဆို ဘက်ခမ်းပုံ၊ စီးပွားရေး သမားဆို မီလျံနာဒေါ်နာထရမ့်ပ်ပုံ၊ နိုင်ငံရေးသမားဆို အမေရိကန် သမ္မတပုံစသဖြင့်ပေါ့။

**Glass**

ကြည်လင်တဲ့ ဖန်သားဖန်ထည်ပစ္စည်းတွေထားပေးပါ။ အမြဲကြည်လင်ပြီး ဖုန်၊ အမှိုက်ကင်းစင်အောင် ဂရုစိုက်လိုက်ပါ။

♦ ♦ ♦

## THINGS THAT DISTROY A CAREER

စောစောကနဲ့ ဆန့်ကျင်ဘက် မြောက်အရပ်ရဲ့ တိုးတက်ရာ တိုးတက်ကြောင်းကို ဖျက်ဆီးနေတဲ့အရာတွေလည်း သိထားဖို့လိုပါလိမ့်မယ်။

## Earth

မြေကြီးမြေသားတွေပါ။ ဒီအရပ်မှာ ဒါတွေရှိရင် တိုးတက်မှုမရှိဘူး။ အကူအညီ မရပါဘူး။ အခွင့်အလမ်းပိတ်ဆို့ပါတယ်။ ဒါကြောင့် မြေအိုးထဲ စိုက်တဲ့အပင်တွေ မထားရပါဘူး။ နောက်ပြီး ရွှံ့ပစ္စည်းတွေကလည်း မြေဓာတ်ပဲမို့ ဖယ်ရှားပါ။ မြေ၊ စဉ့်၊ ကြွေစသဖြင့် အကုန်ကို ဖယ်လိုက်ပါ။ ဖန်ထည်ပဲ ထားလို့ ရပါတယ်။

## Yellow Color

အဝါရောင်၊ မြေညိုရောင်အသုံးအဆောင်တွေက ရေဓာတ်ကို တိုက်ခိုက်ပါတယ်။ ဒါကြောင့် ဒီပိုင်နက်မှာ ဒီအရောင်တွေများနေရင် အဖြူနဲ့ အနက် ပန်းအိုးထားပြီး ဖြေပေးပါ။ ဖြစ်နိုင်ရင် ဖန်ထည်သုံးပေးပါ။

## Avoid Square Shapes

လေးထောင့်ကျနေတာ ဖုန်းရွှေမှာ မြေကိုခိုင်းနိုင်းပါတယ်။ ဒါကြောင့် လေးထောင့်စားပွဲကို အနားဝိုက်စားပွဲ (သို့) စားပွဲဝိုင်းနဲ့ လဲလှယ်ပါ။ စင်များ၊ ဆိုက်တေးဘဲလ်များ အားလုံး လေးထောင့်ကျနေရင် ဖန်ရုပ်တု၊ ဖန်ပန်းအိုး၊ ဖန်ဇလုံ တစ်ခုစီတင်ပြီး မြေဓာတ်ကို လိုက်ဖျက်ပေးပါ။

◆ ◆ ◆

PUBLISHING HOUSE

# ၈

## ကြွယ်ဝချမ်းသာခြင်း
## The South East Corner
## (အရှေ့တောင်အရပ်)

ဒီအပိုင်းမှာတော့ 'ဖုန်းရွှေ'နဲ့ ကြွယ်ဝချမ်းသာခြင်းရယ်၊ အချစ်ရေး၊ အိမ်ထောင်ရေးရယ်ကို ဘယ်လိုထိန်းသိမ်းပြုပြင်နိုင်မလဲဆိုတာ ပြောပြချင်ပါတယ်။

ကြွယ်ဝချမ်းသာခြင်းရဲ့နေရာကတော့ အရှေ့တောင်ဘက်ပါပဲ။ ဒီနေရာကနေ ငွေကြေးဥစ္စာတွေ စီးမျောဝင်ရောက်လာဖို့အတွက် ဖန်တီးပြုပြင် ရပါမယ်။ တစ်ခါတလေ ရှာသလောက် ဘာတွေကုန်နေမှန်းမသိ အဖတ်မတင်တဲ့ လူမျိုးတွေအတွက်ရော၊ ဆထက်ထမ်းပိုး တိုးပွားချမ်းသာချင်တဲ့သူတွေအတွက်ရော လိုတဲ့အစီအရင်တွေပါ။

**မှတ်ချက်**

ဒီနေရာအတွက် လိုအပ်တဲ့မုန့်ရွှေအဆောင်တွေကတော့ -

- ခရမ်း၊ အနီ၊ အစိမ်းရောင်
- ရွှေတုံး၊ ငွေတုံး၊ ရွှေပြား၊ ပိုက်ဆံပြား၊ မုန့်ရွှေ အစီအရင်အရုပ်ကလေးတွေ
- ဒေါ်လာပုံ ပိုက်ဆံတုတွေ
- ရေပန်း၊ ရေတံခွန်ပုံတွေ၊ အရုပ်တွေ
- ရွှေငါး ၉ ကောင်၊ မြင်း ၈ ကောင်ပြေးနေတဲ့ ပန်းချီပိုစတာ
- ရတနာသေတ္တာ အလှတင်စရာအရုပ်လေးတွေ
- ကျောက်စိမ်းသစ်ပင်
- အသီးတွေဝေနေတဲ့သစ်ပင်ပုံတို့ပါပဲ။


## Purple, Red, Green Colors



အနီရောင်၊ ခရမ်းရောင်နဲ့ အစိမ်းတို့က ဒီနေရာအတွက် ကြွယ်ဝချမ်းသာစေဖို့ ကူညီပေးပါတယ်။ ဖန်ဇလုံအကြည်တစ်ခုထဲ ခရမ်းစွဲကျောက်၊ အစိမ်းရင့်ရောင်ကျောက်စိမ်း စလေးတွေ၊ အနီရောင်ကျောက်ကလေးတွေ စုထည့်ပြီး အရှေ့တောင်အရပ်မှာ အလှထားပါ။


LittleBoy PUBLISHING HOUSE

## Symbols Wealth



ကြွယ်ဝမှုရဲ့သင်္ကေတများဖြစ်ဖို့ အလှထားတဲ့ရွှေတုံးရွှေခဲ (သို့) နိုင်ငံခြား ငွေအကြွေ စေ့တွေ၊ ရှေးဟောင်းငွေအကြွေတွေကိုလည်း ဖန်ဇလုံလေးတစ်ခုနဲ့ ထည့်ထားပါ။ ဒါမှ မဟုတ် photo print out ထုတ်ပြီးကပ်ပါ။

## Fake Money



ငွေစက္ကူ၊ အမေရိကန်ဒေါ်လာတစ်သန်းတန် (သို့) အမြင့်ဆုံး တန်ဖိုး ပိုက်ဆံတစ်ရွက်ဓာတ်ပုံ (သို့) print ထုတ်ပါ။ ပိုစတာတွေ့ရင်လည်းဝယ်ပါ။ ပေါင်ထည့်ပြီး ချိတ်ဆွဲထားလိုက်ပါ။

## Fountain



ရေတံခွန်ပိုစတာ၊ အရုပ်တစ်ခုခုကို ချိတ်ဆွဲပေးပါ။ တရုတ်ပြည်ကလာတဲ့ တချို့ ဖုန်းရွှေနာရီတွေမှာ လှုပ်ရှားနေတဲ့ရေတံခွန်လေးတွေပါတာ ယုဇနပလာဇာမှာ တွေ့ဖူးပါတယ်။ ဒီနာရီလေးတွေကို အစက ဘာမှန်းမသိခဲ့ပါဘူး။ သက်သက် အလှလုပ်ထားတယ်ပဲ ထင်ခဲ့တာပါ။ နောက်မှ ဖုန်းရွှေပစ္စည်းတွေမှန်း သိရပါတယ်။ ဒါလေးတွေ ဝယ်မိပြီးရင် နေရာမှန်အောင်ချိတ်ဆွဲမှ အကျိုးသက်ရောက်မှုရှိမှာပါ။ နောက်ပြီး လျှပ်စစ်အားသုံးတဲ့ ကျောက်တုံးလေးတွေ၊ ဝါးလုံးလေးတွေနဲ့ ရေကိုလည်ပတ်အောင် ပြုလုပ်ထားတဲ့ အလှတင် ပစ္စည်းလေးတွေလည်းရှိပါသေးတယ်။

## Nine Gold Fish

နောက်အစီအရင်တစ်ခုကတော့ အဲဒီထောင့်မှာ ငါးကန်ထားပြီး ငါးမွေးတာပါ။ မိမိအခန်းရဲ့ အရှေ့တောင်ထောင့် ဖြစ်ရပါမယ်။ ရွှေငါးအဝါ (သို့) လိမ္မော် (သို့) ရွှေရောင် ၈ ကောင်ထဲ အမည်းရောင် တစ်ကောင်ရောမွေးရပါမယ်။ စုစုပေါင်း ၉ ကောင်ပေ့ါ။ မတော် တဆတစ်ကောင်ကောင် သေသွားရင်လည်း သေသွားတဲ့ အကောင်ရဲ့ အရောင် အတိုင်း နေ့မကူးဘဲ ပြန်အစားထိုး မွေးပေးပါ။ တကယ်ထူးခြား အကျိုးပေးတဲ့ ဖုန်းရွှေ ပညာလို့ အာမခံထားပါတယ်။ အလုပ်ရှုပ်တယ်။ ငါးမမွေးချင်ဘူးဆိုရင်တော့ ဓာတ်ပုံ (သို့) ပိုစတာ (သို့) ပန်းချီကားသာ ချိတ်ထားလိုက်ပါ။

## Eight Horses



မြင်း(၈)ကောင်ပြေးနေတဲ့ရုပ်တု (သို့) ပန်းချီကားကို အရှေ့တောင်ဘက်အခြမ်း ကနေ အိမ်ရှေ့ (သို့) ဆိုင်ရှေ့တံခါးဝမှာထားရပါမယ်။ အထူးသတိထားရမယ့်အချက် ကတော့ မြင်းခေါင်းတွေရဲ့ဦးတည်ရာက အိမ်ထဲဘက်ကိုဖြစ်ရပါမယ်။ အိမ်ပြင်ဘက်ကို ဦးတည်ထားရင်တော့ သွားပြီပဲ။ ငွေမဝင်ဘဲ ငွေထွက်သွားပါလိမ့်မယ်။ ဒါကလည်း ဝင်လာ မစဲ တသဲသဲအစီအမံတစ်ခုပါ။

## Jewels







အရှေ့တောင်အရပ်ရဲ့ အစီအမံနောက်တစ်ခုကတော့ ရတနာပါ။ ရတနာသေတ္တာ လှလှလေးထဲ ပြိုးပြိုးပြက်ပြက် အလှဆင် ရတနာတွေထည့်ပါ။ တကယ့်အစစ်မဖြစ်လည်း ရပါတယ်။ စီးကွင့်စ်နဲ့ အဝတ်တွေမှာတပ်တဲ့ ကျောက်တွေ၊ ပုလဲတွေပြည့်လျှံအောင် ထည့်ပြီးထားပါ။ ဒါမှမဟုတ်လည်း အစုအပုံလိုက်ဓာတ်ပုံ (သို့) ပိုစတာထားပါ။

## Symbols of Luxury

ဇိမ်ခံပစ္စည်းအသုံးအဆောင်ပြယုဂ်တစ်ခုခုထားပါ။ ဥပမာ-စျေးအကြီးဆုံးမော်တော်ကားပုံတူ ကစားစရာကားလေး၊ လေယာဉ်ရုပ်၊ မော်တော်ဘုတ်၊ (သို့) အမြင့်ဆုံးတောင်မှာ မတ်တတ်ရပ်နေတဲ့လူတစ်ယောက်ရဲ့ဓာတ်ပုံ၊ ပိုစတာ (သို့) ပင်လယ်ကမ်းခြေအကောင်းစားမှာ နေပူဆာလှုံဇိမ်ယစ်နေတဲ့ပုံ (သို့) အပျံစားတိုက်၊ အိမ်၊ ရေကူးကန်တွေဘာတွေနဲ့ပေါ့။ အဲဒီလို ဓာတ်ပုံပိုစတာမျိုးတွေ ချိတ်ပေးပါ။

## Jade Plant

တရုတ်ရိုးရာ ဖုန်းရွှေမှာ ကျောက်စိမ်းသစ်ပင်ဟာ ကြွယ်ဝခြင်းအတွက် အဆောင် ကောင်းပါပဲ။ ကျောက်စိမ်းအကာပြားချပ်ချပ်လေးတွေနဲ့ ဆင်ယင်ထားတဲ့ ကျောက်စိမ်း သစ်ပင်လေးတွေကို ဗိုလ်ချုပ်ဈေးကဆိုင်တွေမှာ ဝယ်လို့ရပါတယ်။ အရှေ့တောင်အရပ်မှာ ထားရပါမယ်။

## Fruit Trees

အသီးတွေပွတ်နေအောင်သီးတဲ့ အလှထား လိမ္မော်သီးပင်၊ သံပရာပင်တွေ ပန်း ဥယျာဉ်ခြံတွေမှာ ဝယ်လို့ရပါတယ်။ ဟိုတလောက ကျွန်မမောင်တစ်ယောက် အဖေနဲ့ အမေကို ဝယ်လာပေးလို့တွေ့ဖူးပါတယ်။ ဘောက်ထော်ပြည်သာယာ ပန်းဥယျာဉ်ခြံလေး တစ်ခုက ဝယ်လာတာတဲ့။ အဲဒီလိုအပင်မျိုး (သို့) ဘယ်သောအခါမှ မကြွေမယ့် အသီးပင် အတု ပန်းအိုးလေး (သို့) ဓာတ်ပုံပန်းချီပိုစတာ တစ်ခုခုသာချိတ်ထားလိုက်ပါ။

◆ ◆ ◆

# ၉

## LOVE & FRIENDSHIP
## အချစ်ရေး အိမ်ထောင်ရေး
## The Southwest
## (အနောက်တောင်အရပ်)

---

သူငယ်ချင်း မိတ်ဆွေကောင်း မရှိဘူး၊ ချစ်သူရည်းစား မတည်မြဲဘူး၊ အိမ်ထောင်ဘက် မရှိဘူး၊ ဘာတစ်ခုမှ ဖြစ်မလာဘူးဆိုရင် ဘာတွေများ မှားနေလဲ ပြန်စစ်ပြီး ဖုန်းရွှေအစီအရင်လေးတွေ စမ်းကြည့်နိုင်ပါတယ်။ မိမိအိပ်ခန်းရဲ့ အနောက်တောင်အရပ်ပါ။

## Make Space

အဲဒီနေရာမှာ စက္ကူတွေ၊ မဂ္ဂဇင်း၊ ဂျာနယ်တွေ၊ သတင်းစာတွေ၊ စုပုံ ထိုးထည့်ပြည့်နက်နေတဲ့ပုံးတွေ၊ လျှော်ဖို့ပုံထားတဲ့ အဝတ်ခြင်း၊ ဖုန်မှုန့်၊ အမှိုက်လုံး လေးတွေ ရှိနေပါသလား။ ဒါကြောင့် အချစ်နတ်သမီးက အဲဒီထောင့်က ဝင်လို့ မရနိုင်ဘူး ဖြစ်နေတာကို။ အိပ်ခန်းရဲ့အနောက်တောင်ထောင့်ကို အထူးသဖြင့် ရှင်းလင်းလိုက်ပါ။ သပ်သပ်ရပ်ရပ်ဖြစ်သွားအောင် အဲဒီထောင့်မှာ အသုံးမလိုတဲ့ပစ္စည်းတွေ စုပုံထိုးထားတာ ရှင်းလင်းလိုက်ရုံပါပဲ။

## Act As If You Already Have A Partner

စစ်မှန်တဲ့ဖူးစာဖက်ရောက်လာဖို့အတွက် လက်ရှိအဖော်ရှိနေတဲ့ သူတစ်ဦး လို စိတ်ထဲထားပြီး နေထိုင်လိုက်ပါ။ ဆိုလိုတာက အိပ်ရာမှာ ခေါင်းအုံး ၂ လုံးထားပါ။ ထမင်းစားပွဲ ခုတင်ဘေးထားရင်လည်း ဟိုဘက်ဒီဘက် တစ်လုံးစီထားပါ။ အဝတ် ဗီရိုထဲ ဆန့်ကျင်ဘက်အဖော်သုံး ပစ္စည်းတစ်ခုခု ရှိပါစေ။ ဥပမာ- မိမိက အမျိုးသမီး ဆိုရင် ကိုယ်နဲ့ဘာမှမဆိုင်တဲ့ နက်ခ်တိုင်လိုမျိုး၊ ရှူးဖိနပ်သုတ်ဆေးဘူးလိုမျိုးပေါ့။ ဝယ်ပြီး ဗီရိုထဲထည့်ထားပါ။ ရေချိုးခန်းကလည်း အနောက်တောင်အရပ်ပဲဆိုရင် ပိုပြီးသန့်ရှင်း ပေးပါ။ ဧည့်သည်သုံး ဆပ်ပြာထားပေးပါ။ သွားပွတ်တံအပိုတစ်ချောင်း ကို မိမိသွားပွတ်တံနဲ့ ယှဉ်တွဲထားလိုက်ပါ။

## Place Objects in Pair

အရာရာတိုင်း တစ်စုံဖြစ်နေပါစေ။ အနောက်တောင်ထောင့်မှာ ရှိတဲ့ အရာတိုင်းက စုံလိုက်ဖြစ်နေပါစေ။ ဖယောင်းတိုင် ရှည်ဆိုလည်းတစ်စုံ၊ rose quartz အသည်းပုံ ၂ တုံးဝယ်ပါ။ Romantic ဖြစ်တဲ့ စုံတွဲပုံပန်းချီကား၊ ဓာတ်ပုံ၊ ပိုစတာတို့ကို ကပ်ထားပါ။


## Sensual Items






ရနံ့လေးတွေ သင်းပျံ့နေပါစေ။ အမွှေးရနံ့ခဲလေးတွေ၊ အမွှေးဆီ၊ ရေမွှေး၊ ချောကလက်၊ ထွန်းထားရင် ရနံ့သင်းသင်းထွက်လာတဲ့ ဖယောင်းတိုင်မျိုးတွေ သုံးပေးပါ။

## Tickle It Pink








ပန်းရောင်လွှမ်းခြုံနေအောင်လုပ်ပါ။ ပန်းရောင်က တရုတ်မှာ အချစ်ရဲ့ အရောင် ပါပဲ။ ပန်းရောင်နံရံ၊ ခန်းဆီး၊ အိပ်ရာခင်း၊ အသုံးအဆောင်တွေအပြင် ဖန်ဇလုံ (သို့) ဖန်ဘူးအလုံးနဲ့ ပန်းရောင်သကြားလုံးလေးတွေ တင်ထားလိုက်ပါ။

## Rounded & Curvy Items




Love Word Stone



နံရံကပ် ကြည့်မှန်အဝိုင်း

ဒီနေရာမှာ အကွေးအဝိုက်တွေပါတဲ့ abstracts ပန်းချီကားတွေ၊ ရေမွှေး ပုလင်း အဝိုင်းတွေထားရပါမယ်။ လေးထောင့်ကျကျတွေ ဖယ်လိုက်ပါ။ ပန်းရောင် (သို့) နှင်းဆီ သွေးရောင်တွေဆို ကောင်းပါတယ်။

♦ ♦ ♦

## THINGS THAT DISRUPT REALATIONSHIPS

## ချစ်ခြင်းမေတ္တာအိမ်ထောင်ရေးကို ဖြိုခွင်းသည့်အချက်များ

The South west

(အနောက်တောင်ထောင့်)

---

## Stuff From Dead Realationships

စိတ်ထဲမှာလုံးဝမရှိတော့ပေမယ့် ဟိုအရင်တွဲခဲ့ဖူးတဲ့ ရည်းစားဟောင်း၊ ချစ်သူဟောင်း၊ အိမ်ထောင်ဟောင်းနဲ့ ပတ်သက်တဲ့စာများ၊ ဓာတ်ပုံများ၊ အမှတ်တရပစ္စည်းများ၊ သူ့ရဲ့ အသုံးအဆောင်တချို့ ဒီအခန်းထဲ မတော်တဆ မေ့နေလို့ပဲဖြစ်ဖြစ်၊ နှမြောလို့ပဲ ဖြစ်ဖြစ် ထားရှိခြင်းက အချစ်သစ်ဝင်ရောက်လာဖို့ အဟန့်အတားဖြစ်နေပါတယ်။ စွန့်ပစ်လိုက်ပါ။

## Depictions of Single Woman

သင်ကိုယ်တိုင်ရဲ့ ဓာတ်ပုံဖြစ်စေ၊ ပန်းချီဖြစ်စေ၊ တခြားမိန်းကလေးပုံဖြစ်စေ၊ အမျိုး သမီးတစ်ယောက်တည်း ပန်းချီကား (သို့) ပန်းပုရုပ် တွေရှိနေရင် ဖယ်ရှားလိုက်ပါ။ တစ်ဦးတည်းပုံမှန်သမျှ ဒီအခန်းထဲမှာ မထားရပါဘူး။ အဲဒီနေရာကို စုံတွဲပုံတွေနဲ့ အစား ထိုးပါ။ စုံတွဲပုံဆိုထားလို့ သင့်တော်ပါတယ်။ ပန်းချီကားထဲက ငှက်ဆိုလည်း ငှက်မောင်နှံ၊ ငါးဆိုလည်း နှစ်ကောင်တွဲ၊ လိပ်ပြာဆိုလည်း ပန်းနဲ့တွဲထားတဲ့ပုံမျိုးသာ ရှိပါစေ။

## Too Much Yin & Yan

Yin နဲ့Y Yan (အဖိုနဲ့အမ)သဘာဝက မျှတရပါမယ်။ အမ တအားများနေရင် အဖိုက မဝင်လာနိုင်ပါဘူး။ ဥပမာ-သင်က အပျိုကြီး တစ်ကိုယ်တည်းသမား။ သင့်ရဲ့ အနောက်တောင် အချစ်ရပ်ဝန်းနယ်မြေမှာ အမျိုးသမီး အသုံးဆောင်တွေ နုနု ရွရွတွေ မျှည်းပြည့်ကာ လွှမ်းမိုးလွှန်းနေပြီဆိုရင် အမျိုးသားဆန်တဲ့ တယ်လီဖုန်း မည်းမည်းကြီး တစ်လုံး (သို့) ရှူးဖိနပ်တိုက်ဆေးဘူး အဲဒါ မျိုးတွေကို အဆောင်အနေနဲ့ ဖြည့်ထားလိုက်ပါ။ တကယ်လို့ သင်က အမျိုးသား ဖြစ်နေရင်တော့ ဒီထောင့်မှာပုံနေတဲ့ လျှော်ရမယ့်အဝတ်နဲ့ စာအုပ်ပုံကို ရှင်းလိုက်ပါ။ ပြီးတော့ ပန်းအိုး ပန်းရောင်လေး တစ်အိုး ကို ချိတ်ပေးလိုက်ပါ။ ဒါဆို Yin နဲ့ Yan (အဖိုနဲ့အမ) သဘာဝက မျှတသွားပါပြီ။ ဒီလိုမှမညှိပေးရင် တစ်ကိုယ်တည်းဘဝမှာ ပျော်ပျော်နေရမှာပါပဲ။

Little Boy PUBLISHING HOUSE

## Childish Things

ကလေးဆန်တာပြတဲ့ အစာသွပ်မွေးပွအရုပ်တွေ၊ ဘာဘီရုပ်တွေ၊ ဂိမ်းခွေတွေကို ဒီအခန်းထဲ မထားပါနဲ့၊ နေရာပြောင်းလိုက်ပါ။

## Distractions

အလုပ်နဲ့ပတ်သက်တဲ့စာအုပ်တွေ၊ စာရွက်စာတမ်းတွေ၊ ပြီးတော့ တီဗီတွေကို ဒီအခန်းထဲကနေ ထုတ်လိုက်ပါ။

## Sharp Pointy Things

အသွားအဖျားချွန်ထက်တဲ့ပစ္စည်းကိရိယာတွေ၊ အလှစိုက် ကန္တာရ ဆူးပင်တွေလည်း မထားရပါဘူး။ အလှပြင်ပစ္စည်းထဲက ချွန်မြတဲ့ ကိရိယာတွေ၊ ထီးတို့ကိုလည်း တခြားအခန်း ရွှေ့လိုက်ပါ။

♦ ♦ ♦

# ၁၀

## လူသိထင်ရှား ဂုဏ်သတင်းမွေးစေဖို့

### The South Wall

### (တောင်အရပ်)

ဒီအပိုင်းမှာကတော့ လူသိထင်ရှား ဂုဏ်သတင်းမွေးစေဖို့ အကူအညီ ဘယ်လို ယူမလဲ၊ ဘယ်အရာတွေက လူသိထင်ရှား အောင်မြင် နာမည်ကြီးမှုကို ဖျက်ဆီး ပစ်နေလဲ၊ ကူညီမယ့်သူ ဘယ်လိုရအောင်ယူမလဲ၊ နိုင်ငံခြားခရီးတွေ အဆင်ပြေစေ ချင်တာတွေနဲ့ ပတ်သက်တဲ့ ဖုန်းရွှေ ဗဟုသုတလေးတွေ ဝေမျှချင်ပါတယ်။

တောင်ဘက်အရပ်ဟာ ထင်ရှားကျော်ကြား လူသိများအောင်မြင်စေဖို့ အသိ အမှတ်ပြုခံရစေဖို့ အစီအရင်လုပ်ရမယ့် နေရာပါ။

**မှတ်ချက်**

ဒီနေရာအတွက်လိုတဲ့ ဖုန်းရွှေ အဆောင်တွေကတော့-


- အနီရောင်စားပွဲတင်မီး
- နံရံကပ်စတစ်ကာ ကြယ်ပွင့်လေးများ၊ နေလုံးပုံ
- စားပွဲတင်အလှထား ကင်ဒိုမား၊ မြား၊ လုံ့အစရှိတဲ့ အဖျားချွန်ထက်တဲ့ ပစ္စည်းတွေ

# THINGS THAT ENCHANCE THE FAME & REPUTATION

## (တောင်အရပ်)

## အောင်မြင်ကျော်ကြား ဂုဏ်သတင်းမွှေးစေဖို့

## Red Color



ဒီနေရာက မီးဓာတ်လွှမ်းမိုးတဲ့နေရာပါ။ ဒီနေရာအတွက်သုံးတဲ့ပစ္စည်းအသုံးအဆောင်တွေကို အနီရောင်သုံးရင် စွမ်းအားပိုရှိပါတယ်။ (အနက်ရောင်လျှော့ပါ။) အနီရောင်ပန်းအိုး၊ ဇလုံတစ်ခုနဲ့အပြည့်ထည့်ထားတဲ့ ပန်းသီးနီနီတွေ၊ အနီရောင်မှိုအုံးတွေ၊ အနီရောင်ပန်းချီကားစတာ တွေနဲ့ အားဖြည့်ပေးလို့ရပါတယ်။

## Red Light

အနီရောင်စားပွဲတင်မီးအိမ်၊ အနီရောင်မီးလုံးတပ်ထားတဲ့ အလှထားမီးအိမ်၊ အနီရောင် ညအိပ်မီးလုံးတို့ကို ဒီအရပ်မှာသုံးပေးပါ။


## Real Fire


တကယ့်မီးအစစ်ကလည်း တစ်ခါတစ်ရံ လိုအပ်ပါတယ်။ အေးတဲ့နိုင်ငံတွေ မှာဆို ဒီတောင်အရပ်မှာ မီးလင်းဖိုထားသင့်ပါတယ်။ ပူတဲ့နိုင်ငံတွေမှာတော့ မီးလင်းဖိုထားလေ့မရှိတဲ့အတွက် ဖယောင်းတိုင်ထွန်းပါ။ အမွှေးရနံ့ပါတဲ့ဖယောင်းတိုင်လေးတွေ ဝယ်လို့ရပါတယ်။ အဲဒီထောင့်မှာထွန်းပေးရင် ကိုယ့်ရဲ့ဂုဏ်သတင်းက မွှေးပျံ့ကျော်ကြားပါလိမ့်မယ်။ အနုပညာသမားတွေနဲ့ ပိုသင့်တော်တဲ့အစီအရင်ကောင်းတစ်ခုပါ။

## Electrically Powered Objects

လျှပ်စစ်နဲ့သုံးစွဲရတဲ့ အသုံးအဆောင်မှန်သမျှ တီဗီ၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ ပန်ကာစတာတို့ကို အဲဒီဧရိယာမှာ သုံးစွဲတာကောင်းပါတယ်တဲ့။

## Pointy or Triangular Objects





မီးတောက်မီးလျှံ မီးညွန့်နဲ့ ပုံသဏ္ဍာန်ဆင်တဲ့ အချွန်အတက်တွေနဲ့ ပစ္စည်းတွေ အလှဆင်ထားရင် ဒီအရပ်ရဲ့စွမ်းအင်ကို ဖြည့်ဆည်းပေးရာကျပါတယ်။ တြိဂံပုံပစ္စည်းတွေ၊ ထိပ်အချွန်ပါတဲ့ crystal ကျောက်တုံးတွေ၊ ဓား၊ လှံ၊ လေး၊ မြားလက်နက် တွေအားလုံး တာလို့ အလွန်ကောင်းမွန်တဲ့နေရာပါ။ ပစ္စည်းတွေမဟုတ်လည်း ပန်းချီကားဓာတ်ပုံထား လို့ရပါတယ်။

## Sun and Stars




ထင်ရှားကျော်ကြားတဲ့အနုပညာရှင်ဖြစ်ချင်ရင် ရုပ်တုအလှဆင် ပစ္စည်းတစ်ခုခု Crystal နဲ့ ဖြစ်ဖြစ်၊ ဖန်နဲ့ဖြစ်ဖြစ် ကြည်လင်တဲ့အရာ တစ်ခုခုကို ချိတ်ဆွဲထားပါ။

## Famous People

သင်အထင်ကြီးတဲ့၊ ဖြစ်ချင်အားကျတဲ့၊ နာမည်ကျော်ကြားလူသိများတဲ့ စာရေးဆရာ၊ ပညာရှင်၊ စီးပွားရေးသမား၊ အနုပညာရှင်တစ်ဦး ဦးရဲ့ပုံကို ချိတ်ဆွဲထားလိုက်ပါ။

## Award and Trophies

ကိုယ်တိုင်ရရှိထားတဲ့ ဘွဲ့လက်မှတ်၊ ဂုဏ်ထူးဆောင်လက်မှတ်၊ ဆုတံဆိပ်၊ ဘွဲ့ဓာတ်ပုံတို့ကို ချိတ်ရတင်ရမယ့်နေရာ ဖြစ်ပါတယ်။

◆ ◆ ◆

# THINGS THAT DAMAGE YOUR GOOD REPUTATION
## လူသိထင်ရှားအောင်မြင်နာမည်ကြီးမှုကို ဖျက်ဆီးပစ်သောအရာများ

## Water

ဒီနေရာမှာ ရေပန်း၊ ရေတံခွန်ပုံတွေ ချိတ်ဆွဲတာ ဒီနေရာရဲ့စွမ်းအားကို လျော့ကျ နိမ့်ပါးစေပါတယ်။ ရေဓာတ်က မီးဓာတ်ကို ဖျက်ဆီးပစ်လို့ပါပဲ။ မသိဘဲထားမိခဲ့တာရှိရင် ဖယ်လိုက်ပါ။

## Black Color Objects

အမည်းရောင်အသုံးအဆောင်ပစ္စည်းများ၊ အမည်းရောင် အလှတင် ပစ္စည်းများက ဒီနေရာရဲ့စွမ်းအင်ကို လျော့ကျစေပါတယ်။ နှင်းဆီသွေးရောင်လွှမ်းတဲ့ အနီ၊ အဝါ၊ လိမ္မော်ရောင်သမ်းတဲ့ပန်းချီကား၊ ခန်းဆီး၊ အလှတင်ပစ္စည်းတွေနဲ့ လဲလှယ် လိုက်ပါ။ ဒါဆို သင့်ဂုဏ်သတင်းကို မတိုက်ခိုက် မလျော့ပါးတော့ပါဘူး။

## Symbols of Poor Character

မကောင်းတဲ့နိမိတ်ပုံလွှမ်းတဲ့ ရုပ်ပုံကားချပ်တွေ၊ အရုပ်တွေကို ဖယ်ရှားလိုက်ပါ။ အဆာသွတ်ငါးမန်းပုံ၊ ဝက်ရုပ်စုဘူး၊ အိမ်သာခွက်ပုံမျိုး တွေအထိပါပဲ။

## Dead Flowers

ပန်းခြောက်တွေ၊ ညှိုးနွမ်းပြီး သေလုဆဲဆဲနဲ့ သေနေတဲ့ပန်းတွေ၊ အပင်တွေကို အမြန်ရှင်းလင်းပါ။ အလှထားဖို့ပြုပြင်ထားတဲ့ ပန်းခြောက်မျိုးလည်း မထားရပါဘူး။ ဒီထောင့်မှာဆိုရင် ခိုက်တတ်ပါတယ်။ တခြားနေရာရွှေ့ထားလိုက်ပါ။ ဒီနေရာအတွက် အသင့်တော်ဆုံးပန်းက အနီရောင်အပွင့်ပွင့်တဲ့ ကန္တာရ (Cactus) ပန်းပင်ပါ။

♦ ♦ ♦

PUBLISHING HOUSE

# ၁၁

## HALPFUL PEOPLE AND TRAVEL

## ကူညီမည့်သူများနှင့် ခရီးသွားခြင်း

### North West Wall

### (အနောက်မြောက်အရပ်)

ခရီးလှည့်လည်သွားလာခြင်း၊ ကူညီမည့်သူရခြင်းတို့က အနောက်မြောက်အရပ်နဲ့ သက်ဆိုင်ပါတယ်။ နိုင်ငံရပ်ခြားမှာ အလုပ်သွားလုပ်တဲ့သူ၊ ကျောင်းသွားတက်သူတွေ၊ နိုင်ငံခြားခရီး၊ ပြည်တွင်းခရီး၊ အလည်ခရီး မကြာခဏသွားရသူတွေ၊ ပြီးတော့ သင်္ဘော သား၊ လေယာဉ်မယ်၊ ပိုင်းလော့၊ တိုးရစ်စ်ဂိုက်၊ အဝေးပြေးယာဉ်လုပ်ငန်း လုပ်ကိုင်သူတွေအားလုံး လိုက်နာစီရင်သင့်တဲ့ သိထားသင့်တဲ့ ဖုန်းရွှေ အစီအရင်တွေပါပဲ။

**မှတ်ချက်**

လိုအပ်တဲ့ဖုန်းရွှေအဆောင်ပစ္စည်းတွေကတော့-

- ဖန် (သို့) သလင်းနဲ့ပြုလုပ်ထားတဲ့ ကမ္ဘာလုံးပုံ
- ငွေရောင်အမ်းကုန်းဘိုးတော်ရုပ်တု (ခရီးဆောင်အိတ်လွယ်ထားပြီး ခါးမှာ ဘူးသီးခြောက် ရေဘူးပါတယ်။)
- ကမ္ဘာ့မြေပုံ
- လေယာဉ် (သို့) သင်္ဘော (သို့) ရွက်လှေ (သို့) ကားအရုပ်တွေ
- ပျံသန်းနေတဲ့ငှက်တွေပါတဲ့ပန်းချီ၊ ဓာတ်ပုံ၊ ပိုစတာ

LittleBoy PUBLISHING HOUSE

# THINGS THAT ATTRACT MENTORS OR OPPORTUNITY (အနောက်မြောက်)

## Images of Travel



လေယာဉ်၊ ကား၊ ရွက်လှေ၊ မီးရထားစတဲ့ သယ်ယူပို့ဆောင်ရေးနဲ့သက်ဆိုင်တဲ့ အမှတ်တရ အရုပ်လေးတွေ၊ ပျံသန်းနေတဲ့ငှက်တွေပါတဲ့ ပန်းချီ၊ ဓာတ်ပုံ၊ ပိုစတာတို့ကို အဲဒီအရပ်မှာ ထားရပါမယ်။

## Images of Angels or Gurus





ခရီးလှည့်လည်သွားလာခြင်းနဲ့ဆိုင်တဲ့ သက်ဆိုင်ရာဘာသာရေးရဲ့ နတ်သား နတ်သမီး ရုပ်တု၊ ဂန္ဓာရီလှည့်လည်သွားလာနေသော ဆရာသမားဂုရုများပုံ၊ တရုတ်

လှမ်းမိုးများတွင်တော့ ခရီးသွားအိတ်ထမ်းထားတဲ့၊ ဘူးသီးခြောက်ရေဘူး ခါးမှာချိတ်ထားတဲ့ မတ်ရပ်ဖမ်းကုန်းဘိုးတော် ရုပ် ရှိပါတယ်။ ဒါတွေကို အနောက်မြောက်အရပ်မှာထားရင် လိုရာဆန္ဒ ပြည့်ဝမှာပါ။

## Silver and Grey



ငွေရောင်နှင့် မီးခိုးများဟာ ဒီအရပ်အတွက် အကျိုးပြုအရောင်များ ဖြစ်ပါတယ်။ ဒီအရပ်မှာထားတဲ့ ပန်းချီပန်းပုရုပ်တွေ၊ ခွက်၊ ပန်းအိုး၊ ဘောလ်ပင်ကအစ မီးခိုးနဲ့ငွေရောင် ရှမ်းရင် ပိုအကျိုးပေးပါလိမ့်မယ်။


## Library

စာအုပ်စင်ထားရမယ့်နေရာပါ။ ဗဟုသုတ ဖြည့်စွမ်းပေးမယ့် စာအုပ်တွေ၊ သင်ယူလေ့လာနေတဲ့ စာအုပ်တွေ၊ ပတ်စ်ပို့ စတာတွေကို ဒီအရပ်ဒေသမှာ ထားပါ။

## Maps of The World

ကမ္ဘာ့မြေပုံကိုပါ အနောက်မြောက်အရပ်မှာ ပေါင်သွင်းပြီး ကပ်ထားလိုက်ပါ။ အကြိမ်ကြိမ်ခရီးသွားလာရမယ်။ အောင်မြင်မယ်။

**Bells**



ခေါင်းလောင်းလေးတွေကို ဖဲပြားနဲ့ ချိတ်ဆွဲထားပါ။ ဒါမှမဟုတ် ခေါင်းလောင်း မျိုးစုံကို စားပွဲလေးတစ်ခုနဲ့ ခင်းကျင်း ပြသ ထားလိုက်ပါ။ ငွေရောင်လေးတွေပဲ ဖြစ်သင့် ပါတယ်။ ခေါင်းလောင်းလေးတွေက သင့် အခက်အခဲ အတိုက်အခိုက်တွေကို မောင်းနှင် ပေးပါလိမ့်မယ်။

နောက်တစ်ပိုင်းမှာတော့ ရိုးရာ ဖုန်းရွှေ အဆောင် ရုပ်တုများ၊ တိရစ္ဆာန် လာဘ် ကောင်လေးများကို ဗဟုသုတအဖြစ် ဝေမျှ ပေးပါဦးမယ်။

♦ ♦ ♦

# ၁၂

## TRADITIONAL FENG SHUI SYMBOLS

## ရိုးရာဖုန်းရွှေအဆောင်ရုပ်တုများ

စိတ်ဝင်စားစရာကောင်းတဲ့ ဖုန်းရွှေအဆောင် ရုပ်တုလေးတွေအကြောင်းလည်း ပြောပြချင်ပါသေးတယ်။ သူတို့ဆီမှာတော့ ဖုန်းရွှေဆိုင်ဆိုပြီး သီးသန့်ရှိပါတယ်။ နောက်ပြီး နိုင်ငံတိုင်းရဲ့တရုတ်တန်းမှာ ဒီဖုန်းရွှေနဲ့ပတ်သက်တဲ့ ရုပ်တု ကလေးတွေ ရောင်းပါတယ်။ မြန်မာပြည် တရုတ်တန်း၊ ပြီးတော့ ယုဇနပလာဇာက လက်ဆောင် ပစ္စည်းဆိုင်လေးတွေ တချို့မှာ အလှဆင်အရုပ်တွေအနေနဲ့ ဘာမှန်းမသိ ညာမှန်းမသိ တွေ့ရပါတယ်။

တချို့ကလည်း ဖုန်းရွှေကိုမသိဘဲ ဧည့်ခန်းမှာ အလှထားဖို့ဆိုပြီး ဝယ်ကြပါတယ်။ တချို့ကတော့ လာဘ်ကောင်းတယ်ဆိုပြီးဝယ်တယ်။ ဒါပေမဲ့ ကြားဖူးနားဝပဲရှိတယ်။ ဂယ နဏ သိတာမဟုတ်လေတော့ တကယ်ထားရမယ့် သက်ဆိုင်တဲ့နေရာ ထောင့်အနေအထားကိုမသိဘဲ တင်ထားလိုက်တော့ ရရှိမယ့် အကျိုးသက်ရောက်မှု မရှိတော့ပါဘူး။ တချို့ဆို ခိုက်တောင် ခိုက်သွား ပါသေးတယ်။


တကယ်တော့ ဘယ်လိုအရုပ်ကလေးဆို ဘယ်လိုစွမ်းအင် ရှိတယ် ဆိုတာသာ သိထားခဲ့ရင် ဘယ်လိုနေရာမှာထားရမယ်ဆိုတဲ့ အသိလေးလည်း ရှိထားခဲ့ရင် အလှထား အရုပ်တစ်ခုအနေနဲ့သာမကဘဲ ကိုယ့်အတွက်လည်း အကျိုးရှိအသုံးဝင်စေနိုင်တယ်။ မွေးနေ့၊ အိမ်သစ်တက်ပွဲ၊ ဆိုင်(သို့) ကုမ္ပဏီ တစ်ခုခုဖွင့်ပွဲအတွက် အထိမ်းအမှတ် လက်ဆောင်တစ်ခုခုအတွက် လက်ဆောင် ဝယ်ပေးရင်လည်း အကျိုးရှိမှုနဲ့ ထားရမယ့် ထောင့်နေရာလေးလည်း ကိုယ်က ရှင်းလင်းပြောပြနိုင်ရင် ဒီလက်ဆောင်ရတာ ဝမ်းမသာ ကျေးဇူးမတင်တဲ့ လူရယ် လို့ရှိမှာ မဟုတ်ဘူးထင်တယ်လေ။ ဒါကြောင့်လည်း ကျွန်မ ဒီဆောင်းပါးလေးနဲ့ ဖုန်းရွှေအခြေခံ ဗဟုသုတလေးတွေ ဘာသာပြန်ပေးဖြစ်တာပါ။

LittleBoy PUBLISHING HOUSE

# CHINESE ANIMAL MASCOTS
# (တိရစ္ဆာန်လာဘ်ကောင်လေးများ)

ဇိဖုန်းရွှေအဆောင်အရုပ်လေးတွေထဲ တိရစ္ဆာန်ရုပ်လေးတွေ တော်တော်များများလည်း တွေ့ရပါတယ်။ တရုတ်လူမျိုးရဲ့ ရိုးရာဗေဒင်မှာ မွေးတဲ့နှစ်အလိုက် တိရစ္ဆာန်အကောင် (၁၂)မျိုးရှိပါတယ်။ အဲဒါအပြင် ရေ၊ မီး၊ မြေ၊ သစ်သား၊ သတ္တုဆိုပြီး (၅)မျိုး ထပ်ခွဲပါတယ်။ ဥပမာ-နဂါးနှစ်မွေးရင်တောင်မှ ရေနဂါး၊ မီးနဂါး၊ သစ်သားနဂါး စသဖြင့်ပေါ့။ အဆောင်ရုပ်တုအနေနဲ့ မွေးတဲ့နှစ်အကောင်ရုပ်တွေ ဆောင်တဲ့အပြင် အခြားတိရစ္ဆာန်ရုပ်တွေကတော့ စီကာဒါ (Cicada) ခေါ်တဲ့ပိုးကောင်ရုပ်၊ ရွှေငှား၊ မြင်း(၉)ကောင်၊ မြင်း(၈)ကောင်၊ ဆင်ရုပ်တွေ၊ ဘဲရုပ်စုံတွဲ၊ မြွေ၊ လာဘ်ခေါ် ကြောင်ရုပ်များ၊ ငါးတွေ၊ နဂါး၊ ဇာမဏီ၊ ဖား၊ လိပ်၊ ကီလင်းရုပ်တု၊ သံစုံမြည်ခေါင်းလောင်းတွေအပြင် ချိတ်ဆွဲစရာ တရုတ်ရှေးပိုက်ဆံပြား တွေ၊ ရွှေတုံးရွှေခဲပုံစံတွေနဲ့ မားရှည်တွေပါပါတယ်။

## အဆောင်တိရစ္ဆာန်ရုပ်များ



## ဝက်ရုပ်

ရွှေပုံငွေပုံပေါ် ကလေးငယ်ဝက်ပေါက်များစွာနှင့် ဝက်မကြီးပုံရုပ်တုဖြစ်ပါတယ်။ ကြွယ်ဝခြင်း၊ သာယာပျော်ရွှင်ခြင်းတို့အတွက် အဆောင်ဖြစ်ပါတယ်။ ညှိခန်း (သို့) ထမင်းစားခန်းတို့တွင် ထားနိုင်ပါတယ်။ ဝက်နှစ်ဖွားများအတွက် အကောင်းဆုံး အဆောင်ရုပ်တု ဖြစ်ပါတယ်။ အနောက်မြောက်နှင့် မြောက်အရပ်တို့တွင်ထားရန် ဖြစ်ပါတယ်။ ကံကောင်းခြင်းတွေ ခေါ်ယူနိုင်မယ့် အဆောင်ရုပ်ပါ။

## Wish Fulfilling Cow ဆုတောင်းပြည့်နွားရုပ်



ဖုန်းရွှေမှာ ဆုတောင်းပြည့်နွားရုပ်ဆိုတာရှိပါသေးတယ်။ သူကတော့ ရွှေတုံး ရွှေခဲတွေနဲ့ ပိုက်ဆံပြားတွေပေါ်ထိုင်နေတဲ့ နွားပုံဖြစ်ပါတယ်။ ကံကောင်းစေဖို့ အဲဒီရုပ်တုကို သင့်အိပ်ခန်းထဲ (သို့) စားပွဲပေါ်ထားပါ။ ဟိန္ဒူတွေကတော့ နွားကို လူတွေကိုအကျိုးပြုပေးလို့ ကိုးကွယ်ကြပါတယ်။ တရုတ်ကတော့ အလုပ်ကြိုးစားခြင်းရဲ့ရလဒ်၊ လုံခြုံအောင် ထိန်းသိမ်းခြင်းစသဖြင့် မှတ်ယူပါတယ်။ အရှေ့တိုင်း တော်တော်များများရဲ့ နွားအပေါ် မှတ်ယူချက်က ဆင်ပါတယ်။ ပြီးတော့ နွားကို ကောင်းကောင်းဆက်ဆံရင် သူကလည်း သင့်ဆုတောင်းကို ပြည့်စေမယ်လို့ယုံကြည်ကြပါတယ်။

## Gold Cow




ရွှေရောင် (သို့) ကြေးဖြင့်ပြုလုပ်ထားသော ဦးချိုပါတဲ့နွားက ရွှေတုံးများ ပေါ်ထိုင်နေပုံဖြစ်ပါတယ်။

**အသုံးပြုပုံ၊ အကျိုးပြုပုံ**

အရှေ့တောင်အရပ် (ကြွယ်ဝချမ်းသာမှုအတွက်)၊ မြောက်အရပ် (တစ်ဟုန်ထိုးကြီးပွားရန်)၊ အနောက်မြောက်အရပ် (အကြံပေးကူညီသူ ပေါ်ပေါက်ရန်အတွက်) တို့တွင် ထားရှိရပါမယ်။

## The Tortoise (လိပ်ရုပ်များ)





အသက်ရှည်ခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်း၊ ထောက်ပံ့ကူညီခြင်း၊ ချမ်းသာမှုနှင့် ပိုင်ဆိုင်ခြင်းတို့အတွက် နိမိတ်ပုံ ဖြစ်ပါတယ်။ ဖုန်းရွှေမှာ သူက မြောက်အရပ် အတွက် ကာကွယ်စောင့်ရှောက်ပါတယ်။ လိပ်တွေရဲ့ကျောမှာလည်း ထူးဆန်းတဲ့ မှော်ဆန်ဆန် Lo Shu Square of Numbers တွေ ပါပါတယ်။ လိပ်ကို အိမ်ရဲ့မြောက်အရပ်မှာထားရင် ကံကောင်းပါမယ်။ ဖုန်းရွှေလိပ်တွေဟာ ကံကောင်းတဲ့ ချီဓာတ်ကို အိမ်ထဲ ခေါ်လာပေး တတ်ပါတယ်။ လိပ်က အနည်းဆုံး အသက် (၁၂၀)နေတဲ့ကောင်တွေပါ။ ဒါကြောင့် လိပ်တွေကို အသက်ရှည်ခြင်း နိမိတ်ပုံအဖြစ် ခိုင်းတာပါ။

လိပ်သုံးကောင် ဆင့်ထားတဲ့အဆောင်ကတော့ မိသားစု ချစ်ခင်စည်းလုံးရေး အတွက် ဖြစ်ပါတယ်။ မိတ်ဆွေ သူငယ်ချင်းတွေရဲ့ ကြာရှည်တည်တံ့သော ခင်မင်ခြင်း တို့နဲ့လည်း သက်ဆိုင်ပါတယ်။

**လက်ဆောင်ပေးသင့်သောသူများ**

ဖုန်းရွှေလိပ်ရုပ်လေးတွေကို သူငယ်ချင်းတွေ၊ မိသားစုဝင်တွေ၊ ကြာရှည်စွာ ရင်းနှီးခင်မင်လာသူတွေ၊ အထက်အရာရှိအကြီးအကဲနဲ့ အသက်ကြီးရင့်သူ ဘိုးဘွားများရဲ့ မွေးနေ့တွေမှာ လက်ဆောင်ပေးသင့်ပါတယ်။

**သတိထားရန်အချက်များ**

ဖုန်းရွှေလာဘ်ကောင်းအဆောင်ဆိုပေမယ့် မွန်လူမျိုး၊ မွန်ပြည်နယ်သား တွေကိုတော့ လက်ဆောင်မပေးမိဖို့ မှတ်ချက်လေး ရေးပေးပါရစေ။ မွန် လေ့မှာတော့ လိပ်အိမ်ပေါ် ရောက်ရင် လိပ်ပုပ်လို့ခေါ်ပြီး ရွှေရည်၊ ငွေရည် လောင်း အပေးပြန်လွှတ်လေ့ရှိပါတယ်။ သူတို့ကတော့ လိပ်ကို ကံကောင်းလိမ့်မယ်လို့ ယုံကြည်မယ်မထင်ပါ။ လာဘ်တိတ်တယ် ထင်လေ့ရှိပါတယ်။

| ထားရန်နေရာ | အရပ် | ရည်ရွယ်ချက် |
|---|---|---|
| - ဧည့်ခန်း<br>- ထမင်းစားခန်း<br>- အလုပ်နေရာဌာန | မြောက် | အလုပ်ကံကောင်းစေရန် |
| - ဧည့်ခန်း<br>- ထမင်းစားခန်း<br>- အိပ်ခန်း | အရှေ့ | ကျန်းမာရေးနဲ့ ကံကောင်းခြင်းအတွက် |

မိမိအိမ်ရဲ့ ရေချိုးခန်းနှင့် မီးဖိုမှလွဲပြီး ကြိုက်တဲ့နေရာတွေမှာ ဖုန်းရွှေ လိပ်ရုပ်ကို ထားနိုင်ပါတယ်။ ရေချိုးခန်းနဲ့ မီးဖိုမှာတော့ လုံးဝမထားရပါ။ မြင်းနှင့်ငါးများနှင့်မတူဘဲ လိပ်ရုပ်မျက်နှာများ ဘယ်ဘက်လှည့်လှည့် အရေး မကြီးပါ။

Little Boy PUBLISHING HOUSE

## Elephants (ဆင်ရုပ်များ)

ဆင်ကတော့ အင်အား၊ ဉာဏ်ပညာ၊ အသက်ရှည်မှု၊ စွမ်းအင်နှင့် အဆင့်အတန်းမြင့်မားခြင်းတို့ရဲ့ နိမိတ်ပုံပဲဖြစ်ပါတယ်။ ဗုဒ္ဓဘာသာဝင်တွေရဲ့ အဆောက်အအုံတွေမှာ မပါမဖြစ် မြင့်မြတ်တဲ့ဘာသာရေးအကောင်၊ အင်အားရှိသော အချစ်၊ သစ္စာမြဲမြံသောမောင်နှံတို့၏ ကိုယ်စားလည်းဖြစ်ပါတယ်။ အနီရောင်ယွန်းထည်၊ ဖန်၊ ရွှံ၊ ပလာစတာ၊ ကြေးစသဖြင့် အမျိုးစုံပါပဲ။

## Elephant With Raised Trunk (နှာမောင်းမြှောက်ထားသောဆင်)

ပါဝါရှိသော အိမ်ထောင်ဦးစီး (သို့) လုပ်ငန်းတစ်ခုခု၏ အကြီးအကဲကို ကိုယ်စားပြုပါတယ်။



**အသုံးပြုပုံ၊ အကျိုးပြုပုံ**

ရုံးခန်းတစ်ခန်းမှာ ဒီရုပ်တုကိုထားရင် လုပ်ငန်းအစည်း အဝေးများကို အောင်အောင်မြင်မြင် ဦးဆောင်နိုင်မယ့် အကြီးအကဲဖြစ်မယ်လို့ ဖုန်းရွှေက အကြံပေးထားပါတယ်။

**လက်ဆောင်ပေးသင့်သောသူ**

ကုမ္ပဏီအကြီးအကဲ၊ လုပ်ငန်းရှင်တစ်ဦးဦး၊ ကျောင်းအုပ်၊ ဆေးရုံအုပ်၊ အိမ်ထောင်ဦးစီး၊ လူကြီးမိဘအကြီးအကဲ၊ ရုံးဌာနတစ်ခုခု (သို့) စစ်တပ်အတွင်းမှ ရာထူးကြီးမားသူတစ်ယောက်ယောက်ကို လက်ဆောင်ပေးရမယ့် ပစ္စည်းမျိုးဖြစ်ပါတယ်။

## Elephant With Calf (သားငယ်ပါသောဆင်)

ကလေးပါတဲ့ ဆင်ရုပ်ဖြစ်ပါတယ်။

**အသုံးပြုပုံ၊ အကျိုးပြုပုံ**

ကလေးမရှိသေးတဲ့၊ ကလေးလိုချင်တဲ့ အိမ်ထောင်သည် အမျိုးသမီးတွေ အတွက် အကျိုးပြုမှာပါ။ အိပ်ရာအနီး စားပွဲပုလေးမှာ ဒါမှမဟုတ် အိပ်ခန်း အတွင်း တစ်နေရာရာမှာ ထားရမှာပါ။

**လက်ဆောင်ပေးသင့်သောသူ**

ကလေးလိုချင်နေသူ မိသားစုကိုပေးရမယ့် လက်ဆောင်ဖြစ်ပါတယ်။

## Six Good Fortune Elephants (ဆင် ၆ ကောင်)

ဆင် ၆ ကောင် အနေအထားအမျိုးမျိုး ရှိတတ်ပါတယ်။ ယွန်းအနီနဲ့တွေ့ရတာ များပါတယ်။ အမျိုးအစားအမျိုးမျိုးနဲ့ လုပ်တာပါပဲ။

**အသုံးပြုပုံ၊ အကျိုးပြုပုံ**

အင်အား၊ ဉာဏ်၊ ဂရုစိုက်မှု၊ အသက်ဇီဝ၊ စွမ်းအင်၊ အဆင့် အတန်းမြင့်မှု ပြပါတယ်။ အဲဒါတွေ လိုချင်လိုအပ်တဲ့သူတွေ ဆောင်ရမှာပါ။ မည်သည့် အရပ်မျက်နှာမှာမဆို ထားလို့ရပါတယ်။

**လက်ဆောင်ပေးသင့်သောသူ**

အသင်းအဖွဲ့နဲ့ လှုပ်ရှားတဲ့သူတွေ၊ အဖွဲ့အစည်း တစ်ခုခု စုပေါင်း စာကြည့် တိုက်၊ အလှပြင်ခန်းမ၊ ကျူရှင်၊ ရုံးခန်း၊ အလုပ်ရုံ၊ စစ်တပ်၊ ရဲစခန်း၊ ဘောလုံး အသင်း၊ ကလပ်တစ်ခုခုရဲ့ဖွင့်ပွဲ (သို့မဟုတ်) အမှတ်တရ နှစ်ပတ်လည် နေ့မျိုးမှာ ပေးသင့်ပါတယ်။

## Mandarin Ducks (ဘဲ ၂ ကောင်)

ဘဲရုပ်စုံတွဲလေးက အိမ်ထောင်ရေးဘဝကို ကိုယ်စားပြုတာပါ။ သစ်သားနဲ့ တွေ့ရတာ များပါတယ်။ ဒါပေမဲ့ အမျိုးမျိုးတော့ရှိပါတယ်။



**အသုံးပြုပုံ၊ အကျိုးပြုပုံ**
အနောက်တောင်အရပ် (အချစ်ရေး၊ မေတ္တာရေးတိုးပြီး နွေးထွေးစေဖို့)၊ အရှေ့အရပ် (မိသားစုဘဝ ခိုင်မြဲစေဖို့)

**လက်ဆောင်ပေးသင့်သောသူ**
မင်္ဂလာဆောင်စုံတွဲ (သို့) မင်္ဂလာနှစ်ပတ်လည်နေ့ ကျင်းပသူများကို ပေးသင့်တဲ့ အရုပ်ကလေးပါ။

## Snake (မြွေ)

မြွေပုံသဏ္ဍာန်အမျိုးမျိုးကို ပလတ်စတာ (သို့) အနီရောင်ယွန်းနဲ့ ပြုလုပ်ထားပါတယ်။

**အသုံးပြုပုံ၊ အကျိုးပြုပုံ**

ပြတင်းပေါက်အနားမှာထားရှိရင် ရန်အန္တရာယ်တွေက ကာကွယ်ပေးတယ်ဆိုပါတယ်။

**လက်ဆောင်ပေးသင့်သောသူ**

ဖြိုင်ဘက်များလေ့ရှိတဲ့လုပ်ငန်းရှင်၊ မနာလိုခံရ တာများတဲ့ တစ်ခုခုမှာ ထူးချွန်သူ အနုပညာသည်၊ ခဏခဏရန်ဖြစ်လေ့ရှိတဲ့ ကျောင်းသား ကျောင်းသူ၊ စစ်ဘက်၊ ရဲဘက်တာဝန် ထမ်းဆောင်သူတွေရဲ့မွေးနေ့တွေမှာပေးရမယ့် လက်ဆောင်ပါ။

## Zodiac Animals (ရာသီခွင်အကောင်များ)



တရုတ်ရိုးရာ မွေးနှစ်အလိုက် ရာသီခွင် အကောင် (၁၂) ကောင်ပါ။ နဂါး၊ မြွေ၊ ကြက်၊ ယုန်၊ ကြွက်၊ ဆိတ်၊ မြင်း၊ ခွေး၊ ဝက်၊ နွား၊ ကျား၊ မျောက် တို့ဖြစ်ပါတယ်။ ပုံစံအမျိုးမျိုးနဲ့လာပါတယ်။ တယ်လီဖုန်းတွေမှာ ချိတ်တဲ့ အရုပ်ကလေးတွေက အစပေါ့။ စတစ်ကာ တွေတောင် ရှိတတ်ပါတယ်။

### အသုံးပြုပုံ၊ အကျိုးပြုပုံ

ကိုယ့်မွေးနှစ်ရဲ့အကောင်ကို ကိုယ်ချိတ်ဆွဲ ထားတာ ကံကောင်းစေတယ်ပေါ့။ ပြီးတော့ ရုပ်တုဆိုရင်လည်း ကိုယ့် အိပ်ခန်းရဲ့ မြင့်မြတ်တဲ့နေရာမှာ ထားနိုင်တယ်။ နိမ့်ကျတဲ့နေရာမှာ မထား မိစေဖို့ သတိပြုရပါမယ်။ နောက်ပြီး ဇာတာ ညှိုးနေတယ်ထင်တဲ့ အခါမျိုးမှာ အိမ်မှာ ပတ်ကွာအင်းချပ်ရှိရင် အလယ်တည့်တည့်မှာကပ်ပြီး မြင့်မြတ်တဲ့နေရာမှာ ချိတ်ဆွဲပေးခြင်းနဲ့ ဇာတာကို ပြန်မြှင့်တင်ပေးနိုင်ပါတယ်။

### လက်ဆောင်ပေးသင့်သောသူ

သူငယ်ချင်း၊ မိတ်ဆွေ၊ ချစ်သူ၊ မိသားစု၊ ဆွေမျိုး အားလုံးကို အမှတ်တရ ပေးချင်တိုင်းပေးနိုင်တဲ့ အချိန်အခါမရွေး သင့်လျော်တဲ့ လက်ဆောင်မျိုးပါ။ ကိုယ့်မွေးနှစ်အကောင်မဟုတ်လည်း လက်ရှိသက်ရောက်နှစ်ရဲ့ အကောင်ကို ကံကောင်းအဆောင်အဖြစ် လက်ဆောင်ပေးနိုင်ပါတယ်။ ဥပမာ- ၂၀၁၂ ဆို နဂါးရုပ်ပေါ့။

## မြင်းများ (Ma Shing Yin)

ဖုန်းရွှေမှာ မြင်းတွေက အင်အား စွမ်းအား၊ သည်းခံခြင်းနှင့် အောင်မြင်ခြင်းကို ကိုယ်စားပြုပါတယ်။ ဖုန်းရွှေမြင်းတွေရဲ့ ဟန်ကိုကြည့်ရင် အမြဲတမ်း ရှေ့သို့ တစ်ဟုန်ထိုး ပြေးနေဟန်တွေပဲရှိပါတယ်။ တကယ်လို့ သင်ဟာ အကျဉ်းအကျပ် အခက်အခဲ တစ်စုံတစ်ရာနဲ့ ရင်ဆိုင်နေရမယ်ဆိုရင် ဖုန်းရွှေမြင်းရုပ်အဆောင်သာ ဆောင်လိုက်ပါ။ မြင်းရုပ် အဆောင်က အောင်မြင်မှု အင်အား၊ အလေးထားခံရမှု၊ ငြိမ်းချမ်းခြင်းတို့ကို ရယူပေးပါလိမ့်မယ်။

### Eight Horses Statue



မြင်း ၈ ကောင်ပြေးနေတဲ့ပုံသဏ္ဍာန်ပါ။ များသောအားဖြင့် ယွန်းအနီနဲ့ပြုလုပ်ထား တာတွေ့ရပါတယ်။ ဒါပေမဲ့လည်း ရွှေ၊ ငွေ၊ ကြေး၊ ကျောက်စိမ်း၊ ဖန်ထည်တို့နဲ့လည်း လုပ်ထားတာတွေရှိပါတယ်။

**အသုံးပြုပုံ၊ အကျိုးပြုပုံ**

ဖန်သားရုပ်တုဖြစ်ရင် မြောက်အရပ် (ကူညီစောင်မသူပေါ်ရန်)၊ ကျန်အရပ်များကို တောင်အရပ်(ထင်ပေါ်ကျော်ကြား လူသိများအောင်မြင်ရန်)၊ အရှေ့တောင်အရပ် (ပိုင်ဆိုင်သောပစ္စည်းဥစ္စာတိုးပွားရန်)၊ အိမ်ရှေ့ အဝင်

တံခါးပေါက်ဝ အနီး (ကျော်ကြားအောင်မြင်မှုများ၊ အသိအမှတ်ပြုခံရရေးများ၊ အခွင့်အရေးများ) ဝင်ရောက်လာစေနိုင်ရန်။

## Ma Shang Ying



မြင်းအပေါ် ယင်ကောင်နားနေတဲ့ ဖုန်းရွှေအဆောင် ရုပ်တုကို Ma Shang Ying လို့ခေါ်ပါတယ်။ အဓိပ္ပာယ်ကတော့ ချက်ချင်းလက်ငင်း အောင်မြင်ခြင်းလို့ ဆိုလိုပါတယ်။ သူ့ကို ထီသမား၊ လောင်းကစား သမားတွေကြိုက်ပါတယ်။ ထုလုပ်ပြီး အမြဲ ဆောင်တတ်ကြပါတယ်။ ဒဏ္ဍာရီထဲမှာ ချင်မင်းဆက်ကာလက ဗိုလ်ချုပ်တစ်ယောက် အမြဲတမ်းစစ်ပွဲမှာ နိုင်ပါတယ်။ ဒါပေမဲ့ သူက သူနဲ့အတူ တိုက်ပွဲဝင် အောင်မြင်မှုတွေ ယူပေးတဲ့ သူ့မြင်းကို ဘယ်သောအခါမှ သန့်ရှင်းရေးလုပ်ပေးခြင်း၊ ရေချိုးပေးခြင်းမရှိပါဘူး။ လူတွေကမေးတဲ့အခါ သူက ယင်ကောင် မြင်းအပေါ်နားတိုင်း ငါအောင်မြင်တာမို့ ရေမချိုးပေးတာလို့ဖြေတယ်။ အဲဒီအချိန်ကစလို့ ဒီအဆောင်ရုပ်ကို လူတွေသုံးခဲ့တာလို့ သတ်မှတ်နိုင်ပါတယ်။

နောက်တစ်ပိုင်းမှာတော့ စိတ်ဝင်စားစရာကောင်းလှတဲ့ ဖုန်းရှွေရဲ့ လာဘ်ခေါ် ကြောင်ရုပ်ကလေးများ၊ လာဘ်ခေါ်ငါးတွေ၊ ဆန်းကြယ်ရုပ်တုတွေဖြစ်တဲ့ ခြေ ၃ချောင်း ဖားပြုတ်၊ နဂါးခေါင်းနဲ့လိပ်တို့အကြောင်း ရေးပေးချင်ပါသေးတယ်။

## LUCKY CATS လာဘ်ခေါ်ကြောင်ရုပ်ကလေးများ



လာဘ်ခေါ်ကြောင်ရုပ်လို့ မြန်မာတွေက သိနေကြပါတယ်။ ဂျပန်မှာရော၊ ထိုင်းမှာ ရောပါ ခေတ်စားနေတဲ့အဆောင် ရုပ်ပါပဲ။ အရောင်နဲ့ ဘယ်လိုခွဲခြားထားတယ်ဆိုတာတော့ ဒီမှာမသိကြပါဘူး။ ဒီလိုပဲဝယ်ပြီး အိမ်ဦးခန်းမှာ ထားလိုက်ကြတာပဲလေ။ ပိုအကျိုးရှိအောင် တော့ သေချာသိရမှဖြစ်မယ်လို့ထင်ပါတယ်။ နောက်ပိုင်းအလျဉ်းသင့်ရင် ဂျပန်လူမျိုးတွေရဲ့ အဆောင်အမျိုးမျိုးတွေအထဲက လာဘ်ခေါ်ကြောင်ရုပ်အကြောင်း ပါရေးပြချင်ပါသေးတယ်။ အခုကတော့ ဖုန်းရှွေနဲ့ ပတ်သက်တာပဲရေးမှာဆိုတော့ ကြောင်ရုပ်(၃)မျိုးရှိပါတယ်။ ဘာတွေလဲဆိုတော့. . .

## The Golden Lucky Money Cat (ရွှေရောင်လာဘ်ခေါ်ကြောင်ရုပ်)

ရွှေရောင်လာဘ်ခေါ်ကြောင်ရုပ်ကို ပလာစတာနဲ့လုပ်တာများပါတယ်။ သူက ရွှေရောင်အစစ် (သို့) အဖြူနဲ့ ရွှေ(၂)မျိုးရောပါ။ ဘယ် ဘက်လက်ဖဝါးကို မြှောက်တင်ထားပါတယ်။

**အသုံးပြုပုံ၊ အကျိုးပြုပုံ**


ရွှေရောင်လာဘ်ခေါ်ကြောင်ရုပ်ကလေးက ဘယ်လက်ကို မြှောက်ပြီး မိမိအိမ်ဂေဟာအတွင်း လာဘ်လာဘ အခွင့်အလမ်းများ ဝင်ရောက်လာစေရန် ဖိတ်ခေါ်ပေးပါတယ်။ စုဘူးပုံစံနဲ့လာတဲ့ရွှေရောင်ကြောင်ရုပ်လေးဆို နေ့စဉ်အစာကျွေးတဲ့ အနေနဲ့ ငွေကြေးကို သူ့ကိုယ်ထဲထည့်ပေးရပါမယ်။ သူ့အစာဝသလို ပိုင်ရှင်မှာလည်း ငွေကြေးလည်ပတ်မှုမှန်ပြီး ပုံမှန်တိုးပွား ပါလိမ့်မယ်။ နှစ်စဉ် နှစ်သစ်ကူးအခါမှာ သူ့ကိုယ်ထဲ ကငွေကိုထုတ်ယူပြီး ဘုရားကျောင်းမှာ သူ့ကိုယ်စားလှူပြီး သူ့အတွက် အမျှအတန်းပေးဝေရင် ပိုမိုအကျိုးကို ထမ်းရွက်သယ်ပိုးခြင်းနဲ့ ကျေးဇူးဆပ်မယ်လို့ဆိုပါတယ်။ အသက်ရှိနေတဲ့ ကောင်လေးလို သဘောထားရမယ်ပေါ့နော်။ ဒါဆို လာဘ်ခေါ် ကြောင်ရုပ်ကလေးဝယ်ပြီး ဧည့်ခန်းဗီရိုပေါ် အလှတင်ရုံပြလို့ ပြီးမယ့်ကိစ္စမဟုတ်ဘူးပဲ။ တော်ကြာ ကြောင်ကလေးစိတ် ကောက်သွားမှဒုက္ခလို့တွေးမိပါရဲ့။ အရှေ့တောင် အရပ် (ချမ်းသာကြွယ်ဝရေး)၊ အရှေ့မြောက် (ဉာဏ်ပညာကြီးမြတ်ရေး)

**လက်ဆောင်ပေးသင့်သောသူ**

ဆိုင်သစ်ဖွင့်ပွဲ၊ သူငယ်ချင်း၊ မိတ်ဆွေ၊ ချစ်သူ၊ မိသားစု၊ ဆွေမျိုးအားလုံးကို အမှတ်တရပေးချင်တိုင်းပေးနိုင်တဲ့ အချိန်အခါမရွေးသင့်လျော်တဲ့ လက်ဆောင်မျိုးပါ။

LittleBoy PUBLISHING HOUSE

# The White Lucky Money Cat (အဖြူရောင် လာဘ်ခေါ်ကြောင်ရုပ်)



အဖြူရောင်ကြောင်ကတော့ ရွှေရောင်လာဘ်ခေါ်ကြောင်ရုပ်ကလေးလို ဘယ်လက်မမြှောက်ဘဲ ညာလက်ကိုမြှောက်ထားပါတယ်။ သူကတော့ ငွေကြေးအဓိက မဟုတ်ဘဲ ကံကောင်းမှုကို လက်ယပ်ခေါ်တယ်လို့ဆိုပါတယ်။ ကျန်းမာရေးကိုလည်း စောင့်ရှောက်တယ်လို့ဆိုပါတယ်။

**အသုံးပြုပုံ၊ အကျိုးပြုပုံ**

အဖြူရောင်ကြောင်ကိုအလုပ်ခန်း၊ရုံးခန်းရဲ့စင်မြင့်တစ်နေရာ မှာထားရပါ တယ်။ အိမ်ရှေ့ တံခါးဝအနား၊ ပြတင်းပေါက်ပေါင်ပေါ်၊ လုပ်ငန်းစားပွဲ၊ ရုံးစားပွဲ၊ ကွန်ပျူတာနား၊ ငွေရေစက်နား၊ ငွေထည့်သောစားပွဲအံဆွဲထဲ၊ ငွေထည့်သော အာမခံ သေတ္တာထဲ၊ ကျန်းမာရေးမကောင်းသူ အိပ်ရာဘေး စားပွဲစင်လေးပေါ် တို့မှာထားရပါတယ်။

**လက်ဆောင်ပေးသင့်သောသူ**

အဖြူရောင်ကြောင်လေးကတော့ ကျန်းမာရေး မကောင်းချချာသူ၊ ငွေ များများကို နေ့စဉ်ကိုင်တွယ် အလုပ်လုပ်နေသူများ၊ လောင်းကစား ဝါသနာ ပါသူ၊ အလုပ်သစ် အခွင့်အလမ်းကောင်းများ စောင့်ဆိုင်းနေသူ၊ စာမေးပွဲများ မကြာခဏဖြေရသော ကျောင်းသူ ကျောင်းသားများ၊ ရာထူးအဆင့် အတန်း တက်ရန် မျှော်လင့်နေ သူများအတွက် သင့်တော်ပါတယ်။

## The Black Cat of Protection (အမည်းရောင် လာဘ်ခေါ်ကြောင်ရုပ်)

အမည်းရောင်ကြောင်ကတော့ ကာကွယ်ရေးအတွက်ပါ။ သူက တံမြက်စည်း အရှည်ကို ကိုင်ထားပါတယ်။ ရန်အတိုက်အခိုက် အန္တရာယ်၊ မကောင်းဆိုးဝါး ပြုစားခံရခြင်းတို့ကို ရှင်းလင်းကာကွယ်ပေးပါတယ်။ ညာလက်ဖဝါးကို မြှောက်ထားပါတယ်။ တံမြက်စည်းက အသိဉာဏ်ပညာကို ကိုယ်စားပြုပြီး စိတ်ပူပင်သောကကို အဝေးသို့ လှည်းကျင်းပေးပါတယ်။ မကောင်းဆိုးဝါး ပရလောကသားတို့မှ ကာကွယ်ပေးပါတယ်။

**အသုံးပြုပုံ၊ အကျိုးပြုပုံ**

အရှေ့တောင်အရပ် (သို့) အိမ်အလယ်တည့်တည့်တွင် (လုပ်ငန်းအတွက်၊ ကျန်းမာရေးအတွက်)ထားရှိပါ။

**လက်ဆောင်ပေးသင့်သောသူ**

အမည်းရောင်ကြောင်ကလေးကို အပြိုင်အဆိုင် အတိုက်အခိုက်ခံရတာ များတဲ့ လုပ်ငန်းရှင်၊ မနာလိုခံရတတ်တဲ့ အနုပညာသည် (သို့)ထူးချွန်တဲ့ကျောင်းသား၊ အိပ်မက်ဆိုးတွေ ညတိုင်းမက်လေ့ရှိသူ၊ ညညကြောက်ပြီး ငိုတတ်တဲ့ ကလေးရှိတဲ့ အိမ်၊ စိတ်မသိုးမသန့်ဖြစ်ရတဲ့ အိမ်သစ်နေရာသစ်ကို ပြောင်းရွှေ့ နေထိုင်သူ၊ အကြောင်းမရှိဘဲ မကြာခဏဖျားနာတတ်သူ၊ အန္တရာယ်များတဲ့ အလုပ်တွေ လုပ်ကိုင်ရသူ၊ စစ်ဘက်၊ ရဲဘက်နဲ့ ဆေးရုံဝန်ထမ်းတွေကို လက်ဆောင်ပေးသင့်ပါတယ်။

◆ ◆ ◆

## LUCKY FISH (ကံကောင်းစေသော ငါး)

### Single Leaping Carp



Feng Shui Gold Fish

တစ်ကောင်တည်းပွက်ထနေတဲ့ငါးက ကြွယ်ဝမှု၊ အောင်မြင်မှုကို ကိုယ်စားပြုတာပါ။

**အသုံးပြုပုံ၊ အကျိုးပြုပုံ**

ဖန်အကြည်နဲ့ပြုလုပ်ထားတဲ့ငါးရုပ်ကို မြောက်အရပ်မှာထား မယ်ဆိုရင် အကူအညီကောင်းရပါတယ်။ လိမ္မော်ရောင် (သို့) ပန်းရောင်နဲ့ ရွှေရောင်သမ်းတဲ့ ငါးတွေကိုတော့ အနောက်တောင်အရပ်မှာထားပါ။

**လက်ဆောင်ပေးသင့်သောသူ**

အောင်မြင်ကြွယ်ဝချမ်းသာချင်တဲ့ ဘယ်သူ့ကိုမဆို ပေးလို့ရတဲ့လက်ဆောင်ပါ။

## Double Leaping Carp (ငါးမောင်နံ)



ငါး ၂ ကောင်တွဲက ပျော်ရွှင်ချမ်းမြေ့မှုကို ကိုယ်စားပြုတာပါ။ ရွှေရောင်၊ ပန်းရောင်၊ အစိမ်းရောင်၊ လိမ္မော်ရောင် အရောင်စုံရှိပါတယ်။ အဲဒီ ငါးစုံတွဲရုပ်တုကို တရုတ်ဘာသာ နဲ့ Fu Gui Youyu (Brimming with help) လို့ခေါ်ပါတယ်။

**အသုံးပြုပုံ၊ အကျိုးပြုပုံ**

ငါးတွေက ကြွယ်ဝမှု၊ အောင်မြင်မှုကို ကိုယ်စားပြုတာပါ။ ရုပ်တု ပဲဖြစ်ဖြစ်၊ ပန်းချီပဲဖြစ်ဖြစ်၊ ပုံနှိပ်ပဲဖြစ်ဖြစ် အရှေ့တောင်ဘက်အခန်းထောင့်မှာထားရင် ချမ်းသာကြွယ်ဝပြီး ပျော်ရွှင်ချမ်းမြေ့တဲ့ဘဝရမယ်လို့ဆိုထားပါ တယ်။

**လက်ဆောင်ပေးသင့်သောသူ**

အောင်မြင်ကြွယ်ဝချမ်းမြေ့ချင်တဲ့ ဘယ်သူကိုမဆို ပေးလို့ရတဲ့လက်ဆောင်ပါ။

## Nine Lucky Goldfish (ရွှေငါးကိုးကောင်)

ရွှေငါး ၉ ကောင်ပါတဲ့ ပန်းချီကား၊ ပုံနှိပ်ပန်းချီ၊ ခတ်ပုံ၊ ပိုစတာ အမျိုးမျိုး ရှိပါတယ်။ ရွှေငါးရွှေရောင် (သို့) အဝါရောင် ၈ ကောင်နဲ့ အနက်ရောင် တစ်ကောင် ရောထားတာပါ။

### အသုံးပြုပုံ၊ အကျိုးပြုပုံ

ရွှေငါး(၉)ကောင်ပုံကို အိမ်အဝင်ပေါက်ရဲ့ ညာဘက် (ကိုယ်က အိမ်ထဲကကြည့်ရင် ညာဘက်)မှာ ချိတ်ဆွဲထားမယ်ဆိုရင် လာဘ်လာဘ တိုးပွားစေပါတယ်။ အိမ်ခန်းရဲ့ အရှေ့တောင်ဘက်အရပ်မှာထားရင် ငွေကြေးကံကောင်းစေပါတယ်။ တချို့တရုတ်လူမျိုးတွေကတော့ အိမ်ရဲ့အရှေ့တောင်အရပ်မှာ တကယ့်ငါးကန်ထားပြီး ရွှေ ရောင် ၈ ကောင်၊ အနက် ၁ ကောင် ရောမွေးပါတယ်။ (အဲဒီငါးတွေထဲက သေတဲ့ငါး ရှိခဲ့ရင်လည်း သေသွားတဲ့ငါးအရောင်အတိုင်း အစားထိုး ဖြည့်ပေးရ ပါတယ်။ အမြဲတမ်းတော့ အဝါ (သို့) ရွှေရောင်(၈)ကောင်၊ အနက်(၁)ကောင် ဖြစ်နေရမှာပေါ့) အိမ်လည်းလှ၊ ငွေကံလည်းကောင်းပေါ့။ ငါးလည်းမချစ်တတ်၊ ကရိကထလည်း မများချင် ဘူးဆိုရင်တော့ ပန်းချီကား၊ ပိုစတာတစ်ခုခု ချိတ် ထားပေါ့နော်။

### လက်ဆောင်ပေးသင့်သောသူ

ငွေကြေးကံကောင်းချမ်းသာချင်တဲ့ ဘယ်သူ့ကိုမဆို ပေးလို့ရတဲ့လက်ဆောင်ပါ။ ဆိုင်ဖွင့် ပွဲ၊ အိမ်သစ်တက်ပွဲ၊ မွေးနေ့အားလုံးနဲ့သင့်တော် ပါတယ်။ ငါးချစ်တတ်သူဆို ဖန်အိုးကြီး တစ်ခုထဲ ငါး(၉)ကောင်ထည့်ပြီး လှလှပပလေးပြင် ပေးနိုင်ပါတယ်။ ငါးဆိုင်တွေမှာဆို ငါးကန်အလှဆင်ပစ္စည်းတွေ ပေါမှပေါပါ။ ပန်းဆိုင်မှာ ပန်းစည်းကြီးကြီးတစ်စည်းမှာ ပေးတဲ့ဈေးနဲ့ပဲ ဖန်လုံးအိမ်နဲ့ ငါး(၉)ကောင် လှတပတလေး ပြင်ပေးလိုက်ရင် ဒီအစီအရင်လေး အကျိုးပြုပုံလေး ပြောပြလိုက်ရင် ငါးချစ်သူမွေးနေ့ရှင် (သို့) ဆိုင်သစ်၊ အိမ်သစ်ရှင်က ပန်းစည်းရတာထက် ပျော်သွားမှာပါ။ ပန်းစည်းက (၃)ရက် ဆို နွမ်းသွားပြီလေ။

Little Boy Publishing House



## ဂျပန် ဖုန်းရွှေကံကောင်း ကြောင်ရုပ်လေးများ

အလျဉ်းသင့်တုန်းဈေးကွက်ထဲရေပန်းစားနေတဲ့ ဖုန်းရွှေလာဘ်ခေါ် ကြောင်ရုပ်ကလေးတွေရဲ့ အရုပ်ကလေးတွေပါ ဖော်ပြပေးချင်ပါတယ်။ ကြွေလေးတွေနဲ့ပြုလုပ်ထားပြီး တချို့မှာ ကြွယ်ဝခြင်း၊ ကံကောင်းခြင်း၊ အန္တရာယ်ကင်းခြင်း၊ အချစ်ခံရခြင်း စသဖြင့် ရေးထားပါတယ်။ တယ်လီဖုန်းချိတ်ဖို့ (သို့) ကားမှန်မှာချိတ်ဆွဲဖို့နဲ့ ဟန်းချိန်း၊ လော့ကက် စသဖြင့် အမျိုးမျိုးပြုလုပ်ကြပါတယ်။ ဂျပန်တွေက ကြောင်ကိုချစ်ပြီး ကံကိုယုံကြည်ကြပြီး အဆောင်အမြဲတစေ ဆောင်တဲ့လူမျိုးတွေပါ။ ဒါကြောင့် အခြားလက်ဖွဲ့အဆောင်တွေလည်း ရှိကြပေမယ့် ကြောင်ကံကောင်းလက်ဖွဲ့လေးက ယနေ့ရေပန်းအစားဆုံးပါပဲ။

**လက်ဆောင်ပေးသင့်သောသူ**

မည်သူမဆို နှစ်သက်မယ့်အဆောင်လေးပါ။ ပိုက်ဆံ အိတ်၊ ကား၊ နေရာတိုင်းမှာချိတ်ဆွဲ နိုင်လို့ပါပဲ။

## ဂျပန်ပစ်တိုင်းထောင်



နောက်တစ်ခုကတော့ ပစ်တိုင်းထောင်ပါ။ သူတို့ရဲ့ ပစ်တိုင်းထောင်က စစချင်း မျက်လုံးမှာမျက်ဆန် မပါပါဘူး။ အလုပ်တစ်ခုစပြီဆို အဓိဋ္ဌာန်ပြီး မျက်ဆန် တစ်ဖက်ထည့် ရပါတယ်။ အောင်မြင်ပြီ ဆို နောက်တစ်ဖက် ထပ်ထည့်ရပါတယ်လို့ဆိုပါ တယ်။

**လက်ဆောင်ပေးသင့်သောသူ**

လုပ်ငန်းသစ်စတင်သူများအတွက် သင့်တော်သော အစီအရင်ဖြစ်ပါတယ်။

တရုတ်ရိုးရာဖုန်းရွှေကိုလည်း ဂျပန်နဲ့ ကိုရီးယားတွေရဲ့ အဆောက်အအုံတွေနဲ့ အခမ်းအနားအပြင်အဆင်တွေမှာ အများဆုံးတွေ့နေရဆဲပါ။

# ၁၃

# CHINESE FANTASY FIGURES

## ဆန်းကြယ်ရုပ်တုများ

## Dragon နဂါး



တရုတ်လူမျိုးတွေအတွက်ကတော့ နဂါးဆိုတာ အင်အား၊ ထာဝရစွမ်းအင်၊ မြင့်မြတ်ခြင်းပါပဲ။ ကောင်းမြတ်တဲ့ဓာတ်သဘောကို ယူဆောင်ပြီး အဖျက်ရန်တွေက ကာကွယ်ပေးပါတယ်။ ဒဏ္ဍာရီမှာ နဂါးက (အဖို) Yin သဘာဝဖြစ်ပြီး ဇာမဏီ (အမ) Yan ဖြစ်ပြီး သူတို့နှစ်ဦးက မိတ်ဖက်ဖြစ်ကြပါတယ်။ ဒါကြောင့် နဂါးရုပ်ဟာ အဖိုဓာတ်သဘာဝနဲ့ အင်အားကို ဆောင်ကြဉ်း ပေးပါတယ်။ နဂါးရုပ်တုတွေကို ပလတ်စတာ၊ အနီရောင်ယွန်းထည်၊ ငွေ၊ ရွှေ ပလတ် စတစ်၊ ကျောက်စိမ်းစတဲ့ အရာအမျိုးမျိုးနဲ့ ထုဆစ်ပုံဖော်လေ့ ရှိကြပါတယ်။

**အသုံးပြုပုံ၊ အကျိုးပြုပုံ**

အောင်မြင်ကြွယ်ဝချမ်းမြေ့ချင်တဲ့ ဘယ်သူကိုမဆိုပေးလို့ရတဲ့လက်ဆောင်ပါ။ နဂါးနှစ်မွေးဖွား သူနဲ့အကြီးအကဲ တာဝန်ယူနေရတဲ့သူမျိုးတွေအတွက် လက်ဆောင်မွန်ပါပဲ။

## Dragon & Phoenix (နဂါးနဲ့ ဇာမဏီစုံတွဲ)

နဂါးနဲ့ဇာမဏီစုံတွဲရုပ်တုက မိမိတို့ရဲ့ဘဝမှာရှိတဲ့ Yin & Yan သဘာဝတရားကို ထိန်းညှိပေးပါတယ်။


**အသုံးပြုပုံ၊ အကျိုးပြုပုံ**

နဂါးနဲ့ဇာမဏီစုံတွဲကို အနောက်မြောက်အရပ် (ထိမ်းမြား မင်္ဂလာ)၊ အရှေ့ (မိသားစုအတွက်)၊ အရှေ့တောင် (ပိုင်ဆိုင်ကြွယ်ဝမှုအတွက်)၊ အနောက် မြောက် (ကူညီစောင်မမှုရရှိရေး)။ ရုပ်ထုမဟုတ်လည်း ပန်းချီ၊ ဓာတ်ပုံ၊ Print ပိုစတာများလည်း သုံးလို့ရပါတယ်။

**လက်ဆောင်ပေးသင့်သောသူ**

ကြင်စဦးမင်္ဂလာမောင်နှံအတွက် အသင့်တော်ဆုံး လက်ဆောင်မွန်ပါ။ မင်္ဂလာနှစ်ပတ်လည်မောင်နှံတွေအတွက် လက်ဆောင်ပေးဖို့လည်း သင့်လျော်ပါတယ်။

## Three Legged Money Toad (ခြေ ၃ ချောင်းဖားပြုတ်)



ခြေ(၃)ချောင်းဖားပြုတ်ကြီးကိုတော့ ရွှေ၊ ငွေ၊ ကြေး၊ ပလတ်စတစ်၊ ပလတ်စတာ၊ ဖန်ထည်တို့အပြင် ကျောက်စိမ်း၊ အနီရောင်ယွန်းထည်တို့နဲ့ပါ တွေ့ရပါတယ်။ ဒီဖားပြုတ်ကြီးက ကြည့်ရတာလည်း ထူးဆန်းတယ်။ ပြီးတော့ ထူးထူးဆန်းဆန်း လာဘ်လာဘတွေကို သင့်အိမ်ထဲ၊ သင့်ဆိုင်ထဲ ဆွဲခေါ်ယူလာနိုင်တယ်ဆိုပဲ။ သူ့မှာ ခြေ ၃ ချောင်းပဲရှိပြီး ရွှေပြား၊ ရွှေတုံး၊ ငွေပုံကြီးပေါ်ထိုင်ပြီး ပါးစပ်ကြီးကို မဟတဟ လုပ်ထားတတ်ပါတယ်။


**အသုံးပြုပုံ၊ အကျိုးပြုပုံ**

အိမ်ရှေ့ဝင်ပေါက်က တည့်တည့်လှမ်းမြင်ရတဲ့နေရာမှာထားရမယ်။ မနက်တိုင်း ငွေပြားတစ်ပြား (မြန်မာမှာတော့ အမြင့်ဆုံးတန်ဖိုးရှိတဲ့ ငွေစက္ကူတစ်ရွက်ပေါ့)ကို ကန်တော့ပုံ လိပ်ခေါက်ပြီး သူ့ပါးစပ်ထဲထည့် အစာကျွေးရမှာပါ။ ငွေကြေးများကို ကိုယ့်ထံ သူက ပြန်လည်ဆောင်ကြဉ်းလာမှာ ဖြစ်ပါတယ်။ ညနေစောင်းရင် ပြန်ထုတ်ယူပါ။ နောက်တစ်နေ့နံနက်မှာ အသစ်ထပ်ထည့်ပါ။ နေ့စဉ်ငွေလဲလှယ် ပေးရမယ်လို့ ဆိုလိုပါတယ်။ ထည့်ထားတဲ့ငွေကို ပြန်ထုတ်မယူဘဲ အကြာကြီး မထားရပါ။ ရစရာငွေများ ကြန့်ကြာသွားတဲ့အဖြစ် ရောက်သွားတတ်ပါတယ်။ ကိုယ်နေ့တိုင်းထမင်းစားသလို သူ့ကိုလည်း အစာကျွေးဖို့၊ ဂရုစိုက်ဖို့ မမေ့သင့်ပါဘူး။ 'လာဘ်ခေါ်ဖား(စ)ကောင်'ကို ပတ်ကွာအင်း၏ ဦးတည်ချက်များ အတိုင်း ထားလိုက်ပါက ဝင်လာမစဲ တသဲသဲဆိုရအောင် ငွေဝင်မယ်လို့ဆိုပါတယ်။

**လက်ဆောင်ပေးသင့်သောသူ**

ဆိုင်ခန်း၊ အရောင်းအဝယ်လုပ်သောခန်းမ၊ ငွေကြေး အပေးအယူ အမြဲလုပ်သော နေရာ၊ လောင်းကစားဒိုင်၊ ထီဆိုင်၊ ရုံးခန်းတို့နှင့်ပတ်သက်သော၊ လုပ်ကိုင်နေသော ပိုင်ရှင်များ။

## The Dragon Headed Turtle (နဂါးဦးခေါင်းနှင့် လိပ်ကြီး)



ဆန်းကြယ်လှတဲ့ နဂါးဦးခေါင်းနှင့်လိပ်ကြီးက စိတ်ဝင်စားစရာကောင်းလှ ပါတယ်။ သူ့ကို ဖန်၊ ပလတ်စတာ၊ ပလတ်စတစ်၊ သတ္တု၊ ကျောက်သား၊ ရွှေ ငွေ၊ ကြေးဝါသာမက ယွန်းအနီနဲ့လည်း လုပ်ကြပါတယ်။ သူကလည်း ခြေ(၃)ချောင်းဖားပြုတ်ကြီးလိုပဲ ရွှေပုံ ငွေပုံပေါ် ထိုင်နေခဲ့ပါတယ်။ အသစ်စတည်သော လုပ်ငန်းသစ်၊ စီးပွားသစ်၊ အိုးအိမ် သစ်တို့အပြင် ကံကောင်းခြင်း၊ အသက်ရှည်ခြင်းတို့ကိုပါ ကိုယ်စားပြုတယ်လို့ဆိုပါတယ်။

**အသုံးပြုပုံ၊ အကျိုးပြုပုံ**

အခန်းအလယ်ဗဟို (ကျန်းမာရေး၊ ကြွယ်ဝခြင်း၊ ပိုင်ဆိုင်မှု တိုးပွားခြင်း) (မှတ်ချက်။ လိပ် ကျောခွံတွင် သဘာဝအားဖြင့် ရှေးတရုတ်အင်းချပ်ပုံပါသည်) အနောက်တောင်ထောင့် (အနီရောင်ဖဲကြိုးကို နဂါးပါးစပ်ထဲ ထည့်ထားပါ။ အချစ်ကိုရမယ်။) အနောက်တောင်ထောင့် (ရွှေရောင်ဖဲကြိုးကို နဂါးပါးစပ်ထဲ ထည့်ထားပါ။ ကြွယ်ဝမှုကိုရမယ်။) အိမ်အလယ် (အပြာရောင်ဖဲကြိုးကို နဂါးပါးစပ်ထဲထည့်ထားပါ။ ကျန်းမာအသက် ရှည်မယ်။)

**အရေးကြီးသတိပေးချက်**

ယောင်မှားလို့မှ နဂါးဦးခေါင်းကို ရေချိုးခန်း (သို့) မီးဖိုဘက် မလှည့်မိပါစေနဲ့။ လှည့်မိပါက ချီ (Chi) ဓာတ်များ ပျက်ပြယ်မယ်၊ အစစအရာရာ ထိခိုက် ဆုံးရှုံးမယ်တဲ့။ ဒါ တွေမသိထားရင် အလှထားအ ရုပ်ကလေးတစ်ရုပ်ကြောင့် ခိုက်တတ်တာ သတိပြုရပါ။

**လက်ဆောင်ပေးသင့်သောသူ**

အသစ်စတည်သောလုပ်ငန်းသစ်၊ စီးပွားသစ်၊ အိုးသစ်အိမ်သစ်စတင်တဲ့သူတွေကို ပေးသင့်ပါတယ်။ လုပ်သင့်တာ၊ မလုပ်သင့်တာလည်း သေချာပြောပြဖို့ မမေ့နဲ့ဦးပေါ့။

## Ki Lin ကီလင်းရုပ်တုကလေး



ကီလင်းကတော့ ဦးချိုပါတဲ့ တရုတ်ရိုးရာ လာဘ်ကောင်လေးပါပဲ။ ဒီက ရခိုင် ဗျာလဒ လေးတွေနဲ့တောင် ခပ်ဆင်ဆင်တူပါတယ်။ ပေါင်း စပ်ခန္ဓာလေးနဲ့ပါ။ ဦးချိုက အထီးမှာပဲ ပါတာဖြစ်ပါတယ်။ ကီလင်းအထီးက ပျော်ရွှင်ခြင်းနဲ့ ကံကောင်းခြင်းကို ဖော်ဆောင်

ပါတယ်။ အမကတော့ အသက်ရှည်ခြင်းနဲ့ ဉာဏ်ပညာအတွက်ပါ။ အထီး အမ တစ်စုံ ဆောင်ထားရင် ပိုပြီးအကျိုးသက်ရောက်မှုကောင်းတယ်လို့ ပြောထား ပါတယ်။

**အသုံးပြုပုံ၊ အကျိုးပြုပုံ**

အနောက်မြောက်အရပ် (နိုင်ငံရပ်ခြားခရီးကံကောင်းခြင်း၊ ကူညီမည့်သူပေါ်ခြင်း)၊ အရှေ့မြောက် (ဉာဏ်ပညာ တိုးတက်ခြင်း၊ စွမ်းဆောင်ဖန်တီးချက်များ အားကောင်းစေခြင်း)

**လက်ဆောင်ပေးသင့်သောသူ**

မည်သူ့ကိုမဆို ပေးလို့ရတဲ့လက်ဆောင်မျိုးပါ။ ချစ်သူ၊ သူငယ်ချင်း၊ ဆွေမျိုး မောင်နှမသားချင်းများ၊ နိုင်ငံရပ်ခြားသွားအလုပ်လုပ်သူ၊ ကျောင်းတက် သူအပြင် သင်္ဘောသားများ၊ ဦးနှောက်အသုံးပြုပြီး ဖန်တီးတီထွင်ရတဲ့သူတွေ၊ စာသမား၊ ကဗျာသမား၊ ပန်းချီသမားတွေနဲ့ဆို ပိုသင့်တော်ပါတယ်။

## Kilin With Happy Children

ကလေးများ ကီလင်းကျောပေါ်တက်ပြီး ပျော်ရွှင်ရယ်မောဆော့ ကစား နေသော ရုပ်တုလည်းရှိပါသေးတယ်။

**အသုံးပြုပုံ၊ အကျိုးပြုပုံ**

အနောက်အရပ် (အဲဒီရုပ်တု၊ ဒါမှမဟုတ် ပန်းချီကား ပိုစတာကိုထားရင် ကလေး တွေ ပျော်ရွှင်စေမယ်၊ ဉာဏ်ရည် မြင့်မားပြီး အောင်မြင်တိုးတက် ဖန်တီးနိုင်စွမ်း ပိုမြင့်လာမယ်လို့ ဆိုထားပါတယ်။)

**လက်ဆောင်ပေးသင့်သောသူ**

ကလေးများရှိသောအိမ်၊ ကလေးမွေးနေ့၊ ကလေး ထိန်းကျောင်း၊ ကလေး စာသင် ခန်း ဖွင့်ထားသော ဆရာ၊ ဆရာမများအား လက်ဆောင်ပေးသင့်ပါတယ်။

◆ ◆ ◆

## Feng Shui Chinese Bells (ဆည်းလည်းများ၊ ခြူများ၊ ခေါင်းလောင်းများ)

ဒီအပိုင်းမှာတော့ ဖုန်းရွှေဆည်းလည်းများ၊ ခြူများ၊ ခေါင်းလောင်းများ (တရုတ်ရှေးပိုက်ဆံပြားများ)ရဲ့ အစီအရင်တွေကို ဖုန်းရွှေအဆောင်အဖြစ် ထားရှိပုံတွေကိုပြောပြပါ့မယ်။



လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကစလို့ ဗုဒ္ဓဘာသာတွေ လွှမ်းမိုးတဲ့ အာရှဒေသတွေမှာ ခေါင်းလောင်းသံကို မကောင်းဆိုးဝါးကို နှင်ထုတ်နိုင်တဲ့အသံ၊ ကောင်းမွန်တဲ့ ဆုတောင်းနဲ့ အလှူကိုဖော်ထုတ်နိုင်တဲ့အသံလို့ သတ်မှတ်ခဲ့ပါတယ်။ တရုတ်ခေါင်းလောင်းတချို့မှာ အသံမြည်ဖို့ရိုက်ခတ်မယ့် ခေါင်းလောင်းအတွင်း အလယ်ကောင်တိုင်ဖျားမှာ လက်နဲ့ဆွဲပြီး တီးခတ်ဖို့ ကြိုးထုံးထူထူ ရောင်စုံများ တပ်ဆင်လေ့ရှိပါတယ်။ အဲ့ဒီကြိုးအရောင်နဲ့လိုက်ပြီး ဖုန်းရွှေစီမံချက်က ရှိနေခဲ့ပါတယ်။

**အသုံးပြုပုံ၊ အကျိုးပြုပုံ**

**အနီရောင်ကြိုး**
အနောက်တောင်ထောင့် (အချစ်ရေးပြဿနာ၊ အိမ်ထောင်ရေးနှင့် ကူညီစောင့်ရှောက်မှု)

အစိမ်းရောင်ကြိုး
အရှေ့တောင်ထောင့် (ငွေကြေးနဲ့သက်ဆိုင်သောကိစ္စများ)။

**အနက်ရောင်ကြိုး**
မြောက်ဘက်ထောင့် (ကာကွယ်စောင့်ရှောက်ခြင်း)၊ အရှေ့ဘက်ထောင့် (မိသားစုအတွက်) အိမ်အလယ်တည့်တည့် (ကျန်းမာရေး)။

**လက်ဆောင်ပေးသင့်သောသူ**
အိမ်ထောင်ရေး၊ အချစ်ရေးအဆင်မပြေသူ၊ စိတ်ပူပန် သောကရှိသူ ၊ အတွင်းသိမိတ်ဆွေ အချင်းချင်း ပေးနိုင်ပါတယ်။

◆ ◆ ◆



# FENG SHUI CHINESE COINS
# တရုတ်ရှေးပိုက်ဆံပြားများ

## Ching Coin




အလယ်တွင် လေးထောင့်ကွက်အပေါက်ပါသော တရုတ်ရှေးပိုက်ဆံပြားများကို ရောဂါဘယနဲ့ ဘေးအန္တရာယ်ဆိုးတို့က ကာကွယ်ဖို့သုံးပါတယ်။ အဲဒါလေးတွေကို ဖုန်းရွှေ ဒင်္ဂါးလို့ခေါ်ပါတယ်။ ဖုန်းရွှေမှာ အဲဒီ ဒင်္ဂါးလေးတွေဟာ သတ္တုဓာတ်ရှိတယ်။ ကြွယ်ဝမှုကို ကိုယ်စားပြုပါတယ်။

**အသုံးပြုပုံ၊ အကျိုးပြုပုံ**

ဒင်္ဂါးပြား(၃)ပြားကို အပ်ချည်ကြိုးနီနဲ့ချည်ပါ။ (မိမိအိမ်ရဲ့ ခနအရပ်ကျရာနေရာ (သို့) ငွေထည့်တဲ့အံဆွဲ၊ ဗီရို၊ အလုပ်စားပွဲမှာထားပါ။ ဝင်ငွေတိုးမယ်။)


ဂင်္ဂါးပြား(၃)ပြားကို အပြာရောင်ဖဲကြိုးနဲ့ချည်ပါ။ (ရုတ်တရက် ငွေအလုံးအခဲလိုက် ဝင်မယ်။)

ဂင်္ဂါးပြား(၈)ပြားကို အနီရောင်ကြိုးစနဲ့တွဲချည်ပါ။ (အိမ်အဝင်ဝ ဒါမှမဟုတ် အရှေ့တောင်အရပ်မှာ ချိတ်ဆွဲပါ။ လာဘ်လာဘ ပေါများလာ ပါမယ်။)





## Coin Balls (ငွေဘောလုံး)



တရုတ်ပိုက်ဆံပြားတွေကို အပ်ချည်ကြိုးနီ (သို့) ဖဲကြိုးနီနဲ့ ပူးချည်ပါ။ ကြေးနန်းကြိုး၊ သွပ်ကြိုး၊ ငွေကြိုးစတဲ့ သတ္တုကြိုးတစ်မျိုးနဲ့ ပူးချည်ပြီး စက်လုံးသဏ္ဍာန်လုပ်ပါ။

**အသုံးပြုပုံ၊ အကျိုးပြုပုံ**

အရှေ့တောင်အရပ် (ငွေသိမ်းကောင်တာ၊ စားပွဲ၊ အံဆွဲနား၊ ကွန်ပျူတာနား၊ ငွေရေတွက်စက်နား ထားရင်-န အင်အား အမြန်တိုးပွားမယ်။)

## Coins Swords (ငွေပြားတပ်ဓားရှည်)

ဓားရှည်တစ်လက်မှာ ပိုက်ဆံပြားငွေချိတ်ဆွဲထားတာက ပြဿနာများ ဖြေရှင်းရာမှာ သုံးတယ်။ အနှောင့်အယှက်၊ အတားအဆီးတွေ ဖယ်တာပေါ့။

**အသုံးပြုပုံ၊ အကျိုးပြုပုံ**
အရှေ့မြောက်ထောင့်မှာချိတ်ဆွဲရင် အသိဉာဏ်ပညာတိုးတက်ပြီး အောင်နိုင်မှု ရပါတယ်။

## Coin Mobiles (ဒင်္ဂါးရှစ်ပြားတွဲ)



ဒင်္ဂါးပြား(၈)ပြားကို ကြိုးနီနဲ့ ခပ်ချောင်ချောင် ရွေ့လျားနိုင်အောင်ချည်ပါ။

**အသုံးပြုပုံ၊ အကျိုးပြုပုံ**
မြောက်အရပ်နှင့် အရှေ့အရပ်မှာထားရင် ငွေကအနှောင့် အယှက်ကင်းကင်းနဲ့ လာမယ်။


## Dragon Wealth Coin (နဂါးကြွယ်ဝဒင်္ဂါး)

အလယ်အပေါက်ဘေးတစ်ဖက်တစ်ချက် နဂါးနှစ်ကောင် ဝန်းရံနေသော ပိုက်ဆံ။

**အသုံးပြုပုံ၊ အကျိုးပြုပုံ**

ရေထည့်ထားတဲ့ ဖန်ဇလုံတစ်ခုထဲ အဲဒီပိုက်ဆံစေ့တွေထည့်ပြီး ကြွယ်ဝမှုတွေ ရောက်လာဖို့ ဖိတ်ခေါ်ရပါတယ်။

## Coin & Red Ribbon on a Stone (ကျောက်တုံးပေါ်မှ ဒင်္ဂါးသုံးပြား)



ဒင်္ဂါး(၃)ပြားကို ဖဲကြိုးနီနှင့်ပူးချည်ပြီး ကျောက်တုံးပြားပြား တစ်ခုပေါ် တင်ထားပါ။

**အသုံးပြုပုံ၊ အကျိုးပြုပုံ**

ထိုကျောက်တုံးကို အလုပ်စားပွဲပေါ်တင်ထားပါက အလုပ်အကိုင် အလွန်ကောင်းပြီး ငွေများ ဝင်လာမစဲ တသဲသဲဖြစ်မည်။


♦ ♦ ♦

# ၁၄

# ဖုန်းရွှေတန်ခိုးရှင်နတ်ဘုရားများ

LittleBoy PUBLISHING HOUSE

## ဖုန်းရှေ အမ်းကုန်းရုပ်တုများ




တရုတ်က ဗုဒ္ဓလို့ခေါ်တဲ့ အဲဒီရုပ်တုကို မြန်မာမှာ အမ်းကုန်းဘိုးတော်လို့ပဲ လူသိများပါတယ်။ လာဘ်လာဘအတွက် ကိုးကွယ်ကြတယ်။ လက်ဆောင်ရရင် ကံကောင်းတယ် လို့သိကြတယ်။ အသေးစိတ်တော့ မသိကြပါဘူး။ ပျော်ရွှင်ခြင်း၊ ချမ်းသာကြွယ်ဝခြင်းနဲ့ မေတ္တာတရားကိုပြတဲ့နိမိတ်ပုံပါ။ ထိုရုပ်တု၏ ဆူဖြိုးတဲ့ဝမ်းဗိုက်ကို လက်နဲ့တို့ထိပွတ်သပ်တာက ကံကောင်းမှု၊ ကြွယ်ဝမှုကိုရတယ်တဲ့။

သတိထားဖို့ကတော့ ဘယ်တော့မှ ကြမ်းပြင်ကိုမချရပါဘူး။ အမြင့်မှာပဲ ထားရမယ်။ ဖြစ်နိုင်ရင် ကိုယ့်ဦးခေါင်းထက်မြင့် တဲ့နေရာမှာထားမှသာ ပိုအကျိုးပေးတယ်လို့ဆိုပါတယ်။ ဒါမှသာ သူက ကိုယ့်ဘဝကို အပေါ်စီးကမြင်နိုင်ပြီး ကယ်မနိုင်မယ်တဲ့။

**Buddha Playing With Children**

**(ကလေးတွေနဲ့ ဆော့ကစားရယ်မောနေတဲ့အမ်းကုန်း)**





ဒီရုပ်တုမှာ အမ်းကုန်းက ဟက်ဟက်ပက်ပက်ရယ်မောနေပါတယ်။ သူ့ကိုယ်ပေါ်မှာ ကလေးတွေတက်ပြီးထိုင်တဲ့သူ ကထိုင်၊ ဆော့တဲ့သူကဆော့နေပါတယ်။ များသောအားဖြင့် ကလေးငါးယောက်ရှိတတ်ပါတယ်။ ဒီရုပ်တုဟာ ကောင်းကင်ဘုံကလာတဲ့ သုခတွေ သင့်အိမ်ကို မျှဝေဆောင်ကြဉ်းပေးမယ်လို့ အဆိုရှိပါတယ်။

**အသုံးပြုပုံ၊ အကျိုးပြုပုံ**

အနောက်အရပ်မှာထားရပါမယ်။

## Buddha of Contentment (နဂါးတစ်ကောင် ပခုံးပေါ်တင်ထားတဲ့အမ်းကုန်း)





အမ်းကုန်းပခုံးပေါ် နဂါးတစ်ကောင်တင်ထားတယ်။ ဒီအရုပ်ကို မြန်မာမှာ သိပ်မတွေ့ဖူးပါ။

**အသုံးပြုပုံ၊ အကျိုးပြုပုံ**

အိမ်တွင်း မြောက်အရပ် (လုပ်ငန်းအတွက် စိတ်ကျေနပ်စရာ အတိုပြီးမယ်၊ အောင်မြင် သူ ဖြစ်မယ်။)၊ အိမ်အလယ် (ကျန်းမာရေးကောင်းမယ်။)

## The Laughing Buddha (ရယ်မောနေသောဗုဒ္ဓ)



ရယ်မောနေတဲ့ အမ်းကုန်းဘိုးတော်ပုံပါ။ မြန်မာပြည်မှာအတွေ့ရ ဆုံးရုပ်တုပါပဲ။ တင်ပလ္လင်ခွေ ထိုင်နေတဲ့ပုံဖြစ်ပါတယ်။

**အသုံးပြုပုံ၊ အကျိုးပြုပုံ**

အိမ်အလယ် (အသက်ရှည် ကျန်းမာပျော်ရွှင်ခြင်းကိုပေးပါတယ်)

## Buddha of Plenty (ကြွယ်ဝခြင်းဗုဒ္ဓ)






ကြွယ်ဝခြင်းကို ကိုယ်စားပြုပါတယ်။ ဒူးတစ်ဖက်ထောင်ပြီး ငွေထုပ်ကြီးပေါ် (သို့) ငွေပုံပေါ်ထိုင်နေတဲ့ အမ်းကုန်းပုံတော်ပါ။ မျက်နှာကလည်း ထုံးစံအတိုင်း ရယ်မောနေပါတယ်။

**အသုံးပြုပုံ၊ အကျိုးပြုပုံ**

အိမ်ရဲ့အရှေ့တောင်အရပ် (ဥစ္စာဓန ပေါကြွယ်ဝစေမယ်)

## Weeping Buddha (ငိုကြွေးနေသောဗုဒ္ဓ)





မြန်မာပြည်မှာ လုံးဝမတွေ့ဖူးတဲ့ အမ်းကုန်းပုံတော်ပါ။ ငိုယိုနေတဲ့ အမ်းကုန်းတဲ့။


### အသုံးပြုပုံ၊ အကျိုးပြုပုံ

သူက အိမ်မှာရှိတဲ့ ပင်ပန်းဝမ်းနည်းပူဆွေးမှုတွေကို စုပ်ယူလိုက်ပြီး အခက်အခဲတွေ ဖြေရှင်းပေးမယ်လို့ ဆိုထားတော့ တစ်မျိုးစိတ်ဝင်စားစရာကောင်းပြန်ရော။ တစ်အိမ်လုံး ဘယ်နေရာမဆို ထားလို့ရပါတယ်။

### လက်ဆောင်ပေးသင့်သောသူ

ဝမ်းနည်းကြေကွဲစရာ လောလောလတ်လတ်ဖြစ် ထားတဲ့သူ၊ အိမ်ထောင်ရေး အဆင် မပြေဖြစ်နေတဲ့ မိတ်ဆွေ၊ ရည်းစားစွန့်ပစ်ခံထားရတဲ့ သူငယ်ချင်း။

## Buddha With Gold Ingot (ရွှေတုံးမြှောက်ဗုဒ္ဓ)



ကြီးမားတဲ့ရွှေတုံးကို ကိုင်မြှောက်ထားပြီး မတ်တတ်ရပ်အနေအထားနဲ့ပါ။ မျက်နှာက ပြုံးရယ်နေပါတယ်။

**အသုံးပြုပုံ၊ အကျိုးပြုပုံ**

အရှေ့တောင်အရပ် (သို့) မြောက်အရပ်၊ စီးပွားလာဘ်လာဘ တိုးတက်ကောင်းမွန်စေပါတယ်။

**လက်ဆောင်ပေးသင့်သောသူ**

ကြွယ်ဝအောင်မြင် စိတ်အေးချမ်းသာချင်တဲ့၊ ငွေကြေး ကံကောင်း ချမ်းသာချင်တဲ့ ဘယ်သူ့ကိုမဆို ပေးလို့ရတဲ့လက်ဆောင်ပါ။

## QUAN YIN (ကွမ်ရင်မယ်တော်)



ကွမ်ရင်မယ်တော်ကိုတော့ မြန်မာကသိကြပါတယ်။ သူမက မေတ္တာရှင်ပါ။ မေတ္တာတရား၊ ကြင်နာခြင်း၊ ကယ်မခြင်း၊ စီးပွားကြွယ်ဝမှုတို့ကို သူမကပေးပါတယ်။ ကွမ်ရင်ကို ဘယ်လိုအနေအထားပုံစံတွေ ပြောင်းပြောင်း သူမရဲ့ မျက်နှာတော်လေးက အမြဲ အေးချမ်းပြီး ဝတ်စုံဖြူဆွတ်ဆွတ်၊ စိပ်ပုတီး၊ ကရားလေးတစ်ခုကတော့ ပါမြဲဖြစ်ပါတယ်။

**အသုံးပြုပုံ၊ အကျိုးပြုပုံ**

မြင့်မြတ်သောနေရာမှာပဲ ထားရပါတယ်။ သက်သတ်လွတ် ဆွမ်းပဲ ကပ်ရပါတယ်။ ဒုက္ခရောက်ရင် ကူတယ်။ အခက်အခဲတွေ ဖြေရှင်းပေးတယ်၊ အေးချမ်းတဲ့အိမ်ဂေဟာ ဖြစ်စေပါတယ်။

**လက်ဆောင်ပေးသင့်သောသူ**

ကြွယ်ဝအောင်မြင် စိတ်အေးချမ်းသာချင်တဲ့၊ ငွေကြေး ကံကောင်းချမ်းသာချင်တဲ့ ဘယ်သူကိုမဆို ပေးလို့ရတဲ့လက်ဆောင်ပါ။

# TSAI CHIEN



ကြောက်မက်ဖွယ် တင်းမာတဲ့အနီရောင်မျက်နှာထားနဲ့ ဒေါသကြီးမယ့်ပုံရှိတဲ့ စစ်သူရဲကောင်းရုပ်တုပါ။

**အသုံးပြုပုံ၊ အကျိုးပြုပုံ**

ကြွယ်ဝမှုကိုပေးစွမ်းတယ်။ မကောင်းဆိုးဝါး အတိုက်အခိုက်ကို ကာကွယ်ပေးတယ်။ အရှေ့တောင်အရပ်မှာထားရင်တော့ ငွေများကို ဖမ်းဆီးယူငင်ပေးမယ် လို့ဆိုတယ်။

**လက်ဆောင်ပေးသင့်သောသူ**

ဝန်ထမ်း၊ အရာရှိအရာခံ၊ စစ်ဘက်၊ စီးပွားရေးသမားတို့ကို လက်ဆောင်ပေးသင့်ပါတယ်။

## LORD GUAN




မုတ်ဆိတ်ရှည်နဲ့ မားရှည်ကတော့ သူ့အထိမ်းအမှတ်ပါပဲ။

**အသုံးပြုပုံ၊ အကျိုးပေးပုံ**

မြောက်အရပ် (ရာထူးတိုးတက်ဖို့ပါ)၊ အရှေ့တောင်ထောင့် (စီးပွားတိုးတက်ဖို့)

**လက်ဆောင်ပေးသင့်သောသူ**

ငွေကြေးကံကောင်းချမ်းသာချင်တဲ့၊ အမြန်ရာထူးခန့် ကျော်တက်ချင်တဲ့ ဘယ်သူကိုမဆို ပေးလို့ရတဲ့ လက်ဆောင်ပါ။

# THE GOD OF LONGEVITY



မုတ်ဆိတ်ဖြူ ရှည်ရှည်ဖားဖား၊ ရွှေတုံးကြီးနဲ့ မက်မုံသီးအလုံးကြီးကြီး ကိုင်ထားတဲ့၊ တုတ်ကောက်ရှည်တစ်ချောင်းလည်းပါတဲ့ ဘိုးဘိုး၊ ရယ်မောနေသော ကလေးငယ်များ ခြံရံထားတဲ့ ရုပ်တုတွေ၊ ပန်းချီကားချပ်တွေ မြန်မာမှာတွေ့ဖူးပါတယ်။ မဟာ ပထဝီစောင့်နတ်၊ အသက်ဇီဝကိုပိုင်စိုးသူ၊ သီးနှံများကိုဖြစ်ထွန်းစေသူ၊ ရွှေငွေသဘာဝသယံဇာတများရဲ့ အရှင်သခင်စသဖြင့် သူ့ကို အမျိုးမျိုး တင်စားပါတယ်။

**အသုံးပြုပုံ၊ အကျိုးပြုပုံ**

နေရာမရွေးထားနိုင်တယ်။ ကြွယ်ဝခြင်း၊ အသက်ရှည်ခြင်း၊ ပျော်ရွှင်ခြင်းတို့ အတွက်ဖြစ်ပါတယ်။

**လက်ဆောင်ပေးသင့်သောသူ**

ငွေကြေးကံကောင်းချမ်းသာချင်တဲ့ဘယ်သူကိုမဆိုပေးလို့ရတဲ့လက်ဆောင်ပါ။ တွင်းထွက် ရတနာလုပ်ငန်း၊ ရေနံ အရောင်းအဝယ်လုပ်သူ၊ စိုက်ပျိုးဥယျာဉ် ခြံမြေသမားတွေကို လက်ဆောင်ပေးသင့်ပါတယ်။

**Fuk Luk Sau**



ဖုလုရှုလို့သိကြတဲ့ နတ်မင်းကြီး(၃)ပါးကတော့ သက်ရှည်ကျန်းမာရေး၊ ကြွယ်ဝချမ်းသာမှုနဲ့ ပျော်ရွှင်ချမ်းမြေ့မှုတို့ အတွက် ဖြစ်ပါတယ်။ ရှု (Sau) ကိုယ်တော်က လက်ထဲမှာ အမြိုက်ရေပုလင်း (သို့) သက်ရှည်သစ်သီးကို ကိုင်ထားပြီး သက်ရှည် ကျန်းမာရေးကို ဆောင်ကြဉ်းပေးပါတယ်။ ဒုတိယမြောက် ဖု (Fuk) ကိုယ်တော်ကတော့ ကြွယ်ဝမှုနဲ့ ဝင်ငွေတိုးပွားမှုအတွက်ပါ။ တတိယမြောက်ကိုယ်တော် လု (Luk) ကတော့ Ru Yi ကို ဘယ်လက်မှာ ကိုင်ထားတတ်ပါတယ်။ အမြဲတမ်း အလယ်မှာမတ်တတ်ရပ်ပါတယ်။ သူတို့ (၃)ပါးက သက်ရှည်ကျန်းမာရေး၊ ကြွယ်ဝချမ်းသာမှုနဲ့ ပျော်ရွှင်ချမ်းမြေ့မှု (သို့) ပါဝါတို့ရဲ့ နိမိတ်ပြုတွေပါ။

### အသုံးပြုပုံ၊ အကျိုးပြုပုံ

ဧည့်ခန်းနဲ့ ထမင်းစားခန်းမှာ အနည်းငယ်မြင့်တဲ့ နံရံကပ် စားပွဲရှည်နဲ့ ထားရပါမယ်။ အလုပ်ခန်းမှာဆိုလည်း မိမိနောက်ကျော နံရံကပ်စင်မြင့်မှာ ထားရပါမယ်။ အိမ်တွင်းရဲ့ ချီဓာတ်ကိုတိုးမြှင့်ပေးသလို ရုံးအတွက် ဂုဏ်ကြမ္မာကောင်း၊ အခွင့်အလမ်းကောင်းကို ရစေပါမယ်။

### လက်ဆောင်ပေးသင့်သောသူ

Fuk Luk Sau ဟာဆို ဟောင်ကောင်၊ မလေးရှား၊ ထိုင်ဝမ်နဲ့ စင်္ကာပူက တရုတ်လူမျိုး အိမ်တိုင်းရဲ့ မရှိမဖြစ် ယုံကြည်မှုပါပဲ။ ဒါကြောင့် အဲဒီလူမျိုး တွေနဲ့ တွဲဖက်အလုပ် လုပ်တဲ့ ကုမ္ပဏီရုံးခန်းဖွင့်ပွဲတွေမှာ လက်ဆောင်အဖြစ်ပေးရင် လာဘ်ကောင်းတယ်ဆိုပြီး အရမ်းသဘောကျမှာပါ။ အိမ်ထောင်ဦး၊ အိမ်သစ် တက်ပွဲတွေအတွက်လည်း သင့်တော်တဲ့ လက်ဆောင်မွန်ဖြစ်ပါတယ်။

### သတိပြုရန်

သတိပြုရမှာက သူတို့ကို ရှိခိုးပူဇော် ကန်တော့ကိုးကွယ်စရာမဟုတ် ပါဘူး။ ဒီအတိုင်း စင်ခပ်မြင့်မြင့်နဲ့ တင်ထားရုံပါ။ အမွှေးတိုင်ထွန်း၊ မီးပူဇော်၊ ဆွမ်းကပ်၊ ရေကပ်လုပ်စရာလည်းမလိုပါ။ ဒါပေမဲ့ အလေးထားဂရုစိုက်ဖို့တော့လိုပါတယ်။ ကြမ်းပြင် အနိမ့်မှာချထားခြင်း၊ ဖြစ်သလို ညစ်ပေသောအဝတ်များနှင့် ပွတ်တိုက်သန့်စင်လိုက်ခြင်းတို့ မလုပ်ရပါ။

◆ ◆ ◆


# ၁၆

## Chi Lin

## (ကီလင်း သို့မဟုတ် ချီလင်း)

ဒီအပိုင်းမှာတော့ ဆန်းကြယ်လာဘ်ကောင်လေးတစ်ကောင်ဖြစ်တဲ့
Chi Lin အကြောင်း ရေးပြချင်ပါတယ်။

## ၁။ ကီလင်း (Chi Lin)



ကီလင်းဆိုတာ မြင်းကိုယ်ထည်၊ နဂါးဦးခေါင်းရှိတဲ့ ကောင်းကင်ဘုံရဲ့ သတ္တဝါ တစ် ကောင်ပဲဖြစ်ပါတယ်။ ဒဏ္ဍာရီအကောင်တစ်ကောင်ဖြစ်ပြီး နဂါးရဲ့စွမ်းအင်နဲ့ မြင်းရဲ့ကောင်း ခြင်းကြန်အင် စွမ်းအင်တွေရောစပ်ထားတဲ့ အစွမ်းရှိပါတယ်။ Chinese unicorn ပါပဲ။

အခြားအစောင့်အရှောက်တွေထက်မက သူ့မှာထူးခြားတဲ့စွမ်းအင်ရှိတယ်လို့ ဆိုထားပါတယ်။ လာဘ်ကောင်းတဲ့ အဆောင်ရုပ်တုတစ်ခုပါ။ သူက ချီ (Chi) ဓာတ်ကို ခံတွင်းကမှုတ်ထုတ်ပေးတယ်တဲ့။ သူက မြင်းရဲ့စရိုက်လိုပဲ သခင်ကို အင်မတန်ချစ်ပြီး ယဉ်ပါးလွယ်ပါတယ်။ သူ့ကိုဆောင်ခြင်းက အင်အား၊ စွမ်းရည်၊ ရည်မှန်းချက်အောင်မြင်စေရန်၊ ကျန်းမာရေးကောင်းရန်၊ နာမည်ကျော်ကြားထင်ရှားစေရန်၊ ကြွယ်ဝမှုများ ပိုင်ဆိုင်ရန် တို့အတွက်ဖြစ်ပါတယ်။ သူ့ကျောကအကွက်တွေက ကောင်းကင်ဘုံရဲ့ Bagua ပုံစံပါပဲ။ ဖုန်းရွှေရဲ့အဓိက ပတ်ကွာအင်းကွက်ပါ။

ဒီကီလင်းရုပ်တုက ရှေးအခါက အရေးပါ အရာရောက်တဲ့သူတွေသာ ဆောင်တဲ့ အရုပ်ပါပဲ။ တရုတ်ဧကရာဇ်တွေရဲ့ စာကြည့်စားပွဲ၊ ရုံးစားပွဲမှာ သူတို့ရဲ့အရေးပါလှတဲ့

တော်ဝင်တံဆိပ်တုံးနဲ့ ရွှေဆင့်နောက်ဆင့်ထားရှိတဲ့ အဆောင်ရုပ်တုပါ။ နောက်ပြီး ကီလင်းကို တရုတ်စကောဇ်တွေအပြင် စစ်တပ်အကြီးအကဲတွေ ဗိုလ်ချုပ်ကြီးတွေက ဆောင်ကြပါတယ်။ သူတို့ရဲ့ အုပ်ချုပ်မှုပိုင်း ဩဇာတန်ခိုးထွားအောင်၊ ငယ်သားတွေ မတော်လှန်အောင်၊ ရန်သူကို နိုင်နင်းအောင် တိုက်ခိုက်ဖို့တွေအတွက် အထူးဆောင်တဲ့ အကောင်ဖြစ်ခဲ့ပါတယ်။


ဘုရင်ခေတ်တွေပြီးတော့ ကီလင်းရုပ်တုကြီးတွေကတော့ လုပ်ငန်းကြီး လုပ်ကိုင်တဲ့သူတွေကို ကာကွယ်စောင့်ရှောက်တယ်လို့ ယုံကြည်ကြတဲ့အတွက် ဟိုတယ်ကြီးတွေ၊ ကာဆီနိုလောင်းကစားရုံကြီးတွေ၊ ရှေးဟောင်း ပစ္စည်းဆိုင်ကြီးတွေမှာ ထားရှိပါတယ်။ အစောင့်အရှောက်တင်မက ငွေဝင်ဖို့၊ လာဘ်လာဘကောင်းဖို့ ကီလင်းကိုတော့ ရွှေပုံ ငွေပုံ ပေါ် ထိုင်နေတဲ့ (သို့) ရပ်နေတဲ့ (သို့) အိပ်နေတဲ့ ကီလင်းပုံ အမျိုးမျိုးပေါ့။ မိသားစုဝင်တွေအတွက် အိမ်မှာ အသက်ရှည်ကျန်းမာဖို့၊ ငွေတိုးပွားဖို့၊ အလုပ်အကိုင်အဆင်ပြေဖို့ ကံကောင်းဖို့ပေါ့။


## ထားရှိပုံ

ဖုန်းရွှေကီလင်းရုပ်တုတွေကို အသားအမျိုးမျိုးနဲ့ ထုပြီးဆောင်ခဲ့ကြတယ်။ ကီလင်း ရုပ်တုတွေကို အရှေ့အရပ် အဓိကဝင်ပေါက်တံခါးဘက် ခေါင်းလှည့်ထားရင် မိသားစုဝင်ထဲက တစ်ယောက်ယောက် အပြင်သွားချိန်၊ ခရီးသွားချိန်မှာ သူက လိုက်ပါပြီး အန္တရာယ်က ကာကွယ်ပေးတယ်။ ကီလင်းက မိသားစုအတွက် ပျော်ရွှင်ခြင်း မင်္ဂလာဆုကိုပေးတယ်။

ဧည့်ခန်း (သို့) ထမင်းစားခန်း (သို့) အလုပ်ခန်းရဲ့ အရှေ့တောင်အရပ်မှာ ထားရင် ကံကောင်းငွေဝင်မယ်။ အလုပ်စားပွဲပေါ် ကီလင်းတစ်ကောင်ဖြစ်ဖြစ်၊ နှစ်ကောင်ဖြစ်ဖြစ် ထားရင် ကံကောင်းမယ်။ နိုင်ငံရေးနဲ့ ကိုယ့်ကိုအန္တရာယ်ပေးနိုင်တဲ့လူတွေရန်က လွတ် ကင်းမယ်။ Reception Table မှာလည်း ထားလို့ရတယ်။ ဆိုင်ဖွင့်တဲ့သူ ဆိုလည်း ငွေရှင်းကောင်တာ ပေါ်ထားရမယ့်အရပ်ပါ။ မျက်နှာကို အပြင်ဘက်လှည့်ထားပါ။

## ၂။ ကီလင်းအမိုအဖ တစ်စုံတွဲတာလည်းရှိတယ်






တစ်ကောင်က ကမ္ဘာလုံးကိုင်ထားပြီး (ဒီကောင်ကိုကြည့်တဲ့ဘက်ကနေ ဘယ်ဘက် အခြမ်းမှာထားရမယ်) တစ်ကောင်က ကလေးနဲ့ (ကြည့်တဲ့အခြမ်းကနေ ညာဘက်မှာ ထားရမယ်)ပါ။ ဒီရုပ်တုစုံတွဲကိုတော့ အဓိကဝင်ပေါက် တစ်ဖက် တစ်ချက်မှာ ထားရမှာပါ။ ကမ္ဘာလုံးကိုင်ထား တဲ့ အထီးရဲ့စွမ်းအင်က ပြင်ပအန္တရာယ်ကာကွယ်ပြီး ပြင်ပက ကောင်းခြင်းမင်္ဂလာကို ဖိတ်ခေါ်ဖို့အတွက်ဖြစ်ပြီး ကလေးနဲ့အမကတော့ အိမ်တွင်း မိသားစုအခက်အခဲ၊ အန္တရာယ်တွေက ကာကွယ်ဖို့၊ အိမ်တွင်းသာယာမှုရဖို့ပါ။ မင်္ဂလာရှိတဲ့အကောင်ရုပ်တွေပါ။

### ထားရှိပုံ

သူတို့ကို အဝင်ဝကြမ်းပြင် (သို့) နည်းနည်းမြင့်တဲ့နေရာမှာ ထားလို့ရပါတယ်။ ဒါပေမဲ့ သတိထားရမှာတစ်ခုက အဲဒီတံခါးရဲ့ မျက်နှာချင်းဆိုင်မှာ ဓာတ်လှေကား (သို့) စက်လှေကား (သို့) အမြင့်တက်တဲ့လှေကားတစ်ခုခုရှိနေရင်တော့ ကောင်းခြင်း မင်္ဂလာ မဖြစ်နိုင်တော့ပါဘူး။ မကောင်းခြင်းတောင် ဖြစ်သွားတတ်ပါတယ်။

Little Boy PUBLISHING HOUSE


## ၃။ ကီလင်း ၃ ကောင်တွဲလည်း ရှိသေးတယ်



သူတို့ကို 3 Killings လို့ခေါ်တယ်။ သူက သူခိုးဓားပြရန်၊ အမှုအခင်းဖြစ်ခြင်း၊ လိမ်လည်လှည့်စားခံရခြင်း စတဲ့ ၃ မျိုးကို ကာကွယ်ပေးပါတယ်။ အဝင်ဝတံခါး၊ ဧည့်ခန်း၊ အိပ်ခန်းတို့မှာ ထားလို့ရတယ်။ Three Killings (Chi -Lin) က တခြား အရုပ်လို ထားရှိပုံ မတူပါဘူး။ သတိထားရပါမယ်။ သူ့ကိုတော့ နှစ်နဲ့လိုက်ပြီး နေရာ ပြောင်းပေးရတယ်။ ဥပမာ-ကျားနှစ်ဆို မြောက်အရပ်။ နေရာထားမှားရင် မခိုက် ပေမယ့် အစွမ်းမပြဘူးတဲ့။ နည်းနည်းတော့ ခေါင်းစားတာပေါ့။ ဒါပေမဲ့ သိရင် လွယ်ပါ တယ်။


နွားနှစ်၊ မြွေနှစ်၊ ကြက်နှစ်ဆို အရှေ့အရပ် (၂၀၀၁၊ ၂၀၀၅၊ ၂၀၀၉)၊ ဝက်နှစ်၊ ယုန်နှစ်၊ ဆိတ်(သိုး)နှစ်ဆို အနောက်အရပ် (၂၀၀၃၊ ၂၀၀၇၊ ၂၀၁၁)၊ ခွေးနှစ်၊ မြင်းနှစ်၊ ကျားနှစ်ဆို မြောက်အရပ် (၂၀၀၂၊ ၂၀၀၆၊ ၂၀၁၀)၊ မျောက်နှစ်၊ ကြွက်နှစ်၊ နဂါးနှစ်ဆို တောင်အရပ် (၂၀၀၄၊ ၂၀၀၈၊ ၂၀၁၂)

## ၄။ ဖန်သားကီလင်တွေ



ဖုန်းရွှေ ကီလင်းရုပ်တုတွေကို အသားအမျိုးမျိုးနဲ့ထုပြီး ဆောင်ခဲ့ကြတယ်။ အခုခေတ်မှာတော့ ရောင်စုံ Crystal glass နဲ့လုပ်တဲ့ အရုပ်တွေက အကာ အကွယ် တစ်ခုတည်းသာမက အလှအပအတွက်ပါ ရှုမငြီးစရာဖြစ်လာပါတယ်။ နာမည်ကြီး တဲ့ glass တစ်မျိုးကတော့ LIULI GLASS JEWELRY ကလုပ်တဲ့ ကီလင်း ရုပ်လေး တွေပါ။


## (၅) ကျောက်စိမ်းကီလင်းတွေ





အဲဒါတွေက တန်ဖိုးလိုက်ပြီး အစိမ်းအမျိုးမျိုး ကွဲပြားတယ်။ ကျောက်စိမ်း ဆိုပေမယ့် အဖြူရောင်၊ အမည်း၊ မီးခိုး၊ အဝါ၊ လိမ္မော်နဲ့ ခရမ်းအထိ အမျိုးမျိုးရှိပါတယ်။

# (၆) ငွေပုံပေါ်က ကီလင်းတစ်စုံ



လုပ်ငန်းရှင်၊ ဆိုင်ရှင်တွေထားတဲ့ ကီလင်းတစ်စုံဖြစ်ပါတယ်။ ဝင်ထားတဲ့လာဘ်လာဘကို စောင့်ရှောက်ပြီး ထပ်ဝင်အောင် ဖိတ်ခေါ် ပါတယ်။

**ထားရှိပုံ**

ကီလင်းတစ်စုံကို အလုပ်စားပွဲမှာထားရင် လာဘ်ကောင်း အောင်မြင်မယ်။ အလုပ်မှာ ကြီးပွားမယ်။ ရန်အတိုက် အခိုက်မရှိဘူး၊ မီးခံသေတ္တာနဲ့ ငွေသိမ်းကောင်တာပေါ်မှာဆို ငွေကြေးဥစ္စာကို သူခိုးဓားပြရန်က ကာကွယ်ပေးတယ်။ ငွေကြေးကံဆိုးမှုကို ကာကွယ် စောင့်ရှောက်ပေးတယ်တဲ့။ ဒါပေမဲ့ အိမ်အပြင်ဘက်ပဲ မျက်နှာထားရမယ်။ အိမ်အတွင်း မျက်နှာမလှည့်၊ ခေါင်းမလှည့်ရဘူး။ အလုပ်စားပွဲမှာဆိုလည်း ကိုယ့်ဘက် ခေါင်းမလှည့်မိဖို့ သတိထားပါ။

## ၇။ ပတ်ကွာအင်းကွက်ပေါ်ပြေးရင်း ခေါင်းနောက်ပြန်လှည့်ကြည့်နေတဲ့ကီလင်း




ပတ်ကွာပေါ် ပြေးပြီး နောက်ပြန်လှည့်ကြည့်နေတဲ့ ကီလင်းကတော့ မကောင်းတဲ့ ကံတွေက ကျော်လွှားနိုင်ဖို့ပါ။ အဓိပ္ပာယ်ကတော့ ဘာပဲအဆိုးကြုံခဲ့ကြုံခဲ့ ထူးခြား စွမ်းအင်တစ်ခုကြောင့် မယုံနိုင် လောက်အောင် အမြန်ဆုံး နဲ့ အကောင်းဆုံး အခြေအနေဆီ ပြန်ရောက်ဖို့ပါပဲ။

## ၈။ နဂါးခေါင်းလိပ်ရုပ်ပေါ်က ကီလင်း



နဂါးခေါင်းနဲ့ လိပ်ကြီးပေါ် စီးနေတဲ့ ကီလင်းရုပ်ပါ။ အရုပ် ၂ ခုလုံးရဲ့ စွမ်းအင် တွေ ပေါင်းစပ်နေပါတယ်။ ပြုစား ခံရခြင်း၊ မကောင်းဆိုးဝါး နှောင့်ယှက်ခံရခြင်း၊ မိသားစု တွင်းမှ သစ္စာဖောက်သူရှိနေခြင်း၊ မိတ်ဆွေရင်း (သို့) စီးပွားဘက်မှ သစ္စာဖောက် ခံရခြင်း စတဲ့ ကိစ္စတွေအတွက် သုံးတဲ့အဆောင်ပါ။ ဖုန်းရွှေ ဆရာတွေကတော့ အိမ်ထောင်ရေး ဖောက်ပြန်မှု ကိစ္စ၊ အရှက်တကွဲ အကျိုးနည်း ဖြစ်ရတဲ့ ကိစ္စ တွေအတွက် သုံးတာများတယ်လို့ ပြောပါတယ်။

## ၉။ တာအိုဖုန်းရွှေဆရာတို့ရဲ့ ကံမြင့်ကီလင်းအသစ်



ဒီကီလင်းတစ်စုံကတော့ မြင်ရတွေ့ရခဲတဲ့ ရှားပါးတဲ့ဒီဇိုင်းပါ။ လှလည်းလှ၊ အစွမ်းလည်း ရှိတယ်။ တာအိုဂိုဏ်းဖုန်းရွှေဆရာတွေ အသစ်ထွင်ထားခဲ့တာပါ။ အိမ်တစ်အိမ်မှာရှိတဲ့ လိုအပ်ချက်တွေဖြည့်ပေးမယ့် ကီလင်း တစ်စုံပါ။ ကံကောင်းမယ်။ ကံကိုမြှင့်ပေးတယ်။ နာမည် ကျော်ကြားအောင်မြင်မယ်။ စစ်ဘက်ကဆို ပို့မိုထူးချွန် ထက်မြက်မယ်။ စီးပွားရေး သမားဆို ခြေလှမ်းတိုင်းအောင် မြင်မယ်။ ကျောင်းသားဆိုလည်း၊ တပည့်ဆိုလည်း လေ့လာမှု ထက်မြက်ပြီး ရလဒ်ကောင်းမယ်။ ဘဝကို ဆထက်ထမ်းပိုး မြှင့်တင်ချင်တဲ့ သူတွေအတွက် အဆောင်ပါ။

## ၁၀။ ကံဆိုးမယ့်နှစ်အတွက် ပတ်ကွာကီလင်း

တရုတ်မှာ မွေးတဲ့ နှစ်အလိုက် အကောင်တွေ ရှိပါ တယ်။ အဲဒီအကောင်တွေအလိုက် ကံဆိုးတဲ့ နှစ်တွေ ကိုယ်စီရှိပါတယ်။ သူတို့ကတော့ ကံဆိုးတဲ့ ကြယ်နှစ် တွေလို့ပြောပါတယ်။ မြန်မာမှာ စနေဂြိုဟ်ဝင်တာလို့ ပြောသလိုပေါ့။ အဲဒီအချိန်ဆို ပြောသမျှ မအောင်၊ လုပ်သမျှ အနှောင့်အယှက်ပေး၊ အိမ်ထောင်ရေးအဆင်မပြေ၊ ရန်သူ ပေါ်တတ်ပါတယ်။ ပယောဂလည်း ဝင်လာ နိုင်ပါတယ်။ အဲဒါမျိုးဆို ဒီပတ်ကွာ အင်းချပ်နဲ့ ကီလင်းတွဲထားတဲ့အရုပ်ကို အိပ်ခန်းထဲ ထားရပါတယ်။ ဒါက သင့်ဘဝကိုညှိနှိုင်းပြီး အဆိုးဆုံး ဖြစ်မသွားအောင်တော့ ကာကွယ်သွားပါလိမ့်မယ်။



## ၁၁။ ရွှေဂါး(၃)ပြားနဲ့ ကျောက်စိမ်းကီလင်း




ချစ်သူကိုပေးဖို့ ကံကောင်းအဆောင်ပါ။ ရွှေဒင်္ဂါး ၃ ခုတွဲထားတဲ့ ကျောက်စိမ်း ကီလင်း ဖြစ်ပါတယ်။ ရွှေဒင်္ဂါးက ဥစ္စာဓနေ၊ လာဘ်လာဘနဲ့ အိမ်မြေနေရာပိုင်ဆိုင်မှုတွေကို ကိုယ်စားပြုပါတယ်။ ကီလင်းက အင်အားကြီးမားတဲ့ မျှော်မှန်းချက်၊ ကောင်းတဲ့ အစောင့်အရှောက်၊ ကျန်းမာရေး ကောင်းစေဖို့၊ ကျော်ကြားအောင်မြင်မှုတို့ကို ကိုယ်စား ပြုပါတယ်။ ကျောဘက်မှာ ဖုန်းရွှေရဲ့ အထင်ကရ အမှတ်တံဆိပ် ပတ်ကွာအင်းကို ထွင်းထုထားပါသေးတယ်။ ကံဆိုးစေတဲ့ ကြယ်ပျံတွေကြောင့် ဖြစ်ပေါ်တဲ့ အတိုက်အခိုက်နဲ့တကွ မကောင်းမှုကိုလည်း ဖယ်ရှားပေးမယ်။ အိပ်ခန်းမှာ (သို့) စိတ်မသန့်တဲ့အိမ်မှာ ချိတ်ဆွဲရပါတယ်။

သားယောက်ျားလေးမွေးဖို့ မျှော်လင့်စောင့်စားနေသူများ ဆောင်ရမယ့် အဆောင်တစ်ခုလည်း ဖြစ်ပါတယ်။ သူက အကာအကွယ်ကောင်းပါ။ တရုတ်မှာ အဆိုတစ်ခုရှိပါ သေးတယ်။ နာမည်ကျော် ကွန်ဖြူးရှပ်ရဲ့အမေဟာ ကီလင်းခြေရာကို နင်းမိပြီးမှ ကွန်ဖြူးရှပ်ကို မွေးဖွားခဲ့တယ်တဲ့။

## ၁၂။ အသိဉာဏ်ပညာမြင့်မားမှုအတွက် ကီလင်း

တရုတ်ရှေးမှတ်တမ်းမှတ်ရာတွေအရ ကီလင်းနဲ့ တရုတ်ဘာသာစကား၊ ကွန်ဖြူး ရှပ်စတာတွေနဲ့ ဆက်နွှယ်နေပါတယ်။ ဒါကြောင့် အခုတွေ့တဲ့ ကီလင်း ရုပ်အဆောင်တွေကို ဖွံ့ဖြိုးစအချိန်မှာ အထူးသဖြင့် (၁) ဗရုတ်ကျ၊ စကား နားမထောင်၊ ကလန်ကဆန်လုပ်တတ် သူတွေ၊ ပြဿနာရှာသူတွေ၊ (၂) အမြဲတမ်း အိမ်မှာ ဆူညံပူညံ အငြင်းပွား စကားများတတ်တဲ့ ဆွေမျိုးတွေ၊ (၃) ကလေးနဲ့ အရွယ်ရောက်ပြီး ပညာရပ်တစ်ခုခု လေ့လာလိုက်စားသင်ယူ နေသူတွေ၊ (၄) ဆရာဝန်၊ အင်ဂျင်နီယာ၊ သိပ္ပံပညာရှင်တွေ၊ အတတ်ပညာပိုင်းဆိုင်ရာ၊ အသိပညာပိုင်းဆိုင်ရာနဲ့ အလုပ်လုပ် နေရသူတွေအတွက် အထူးအထောက်အကူပြု အဆောင်ပါ။

## ၁၃။ ကလေးတစ်ယောက် ကျောပေါ်တင်ထားတဲ့ကီလင်း



ကီလင်းပါးစပ်ထဲမှာ စာရွက်လိပ် တစ်ခုကို ကိုက်ဆွဲပြီး ရယ်မောနေတဲ့ ကလေးကို ကျောပေါ်တင်ထားပါတယ်။ ဒီအရုပ်က သင့်ကလေးရဲ့ ပညာရေးကို အထူးတလည် ကံကောင်းအောင် ကူညီပေးပါလိမ့်မယ်။ ကလေးကိုင် ဆောင်ထားတဲ့ ကြီးမားတဲ့ Ru Yi ဟာ အနာဂတ်မှာ အောင်မြင်တဲ့ ဘဝကို ရမယ်ဆိုတဲ့ နိမိတ်ပါ။ ရှေးပုံစံဒီဇိုင်းဖြစ်ပြီး အနီရောင်သစ်သား (သို့) ယွန်းနီပုံနဲ့ပဲ တွေ့ရလေ့ရှိပါတယ်။


အနှိုင်းမဲ့ဉာဏ်ပညာရှင်တွေဖြစ်တဲ့ ဧကရာဇ် YAO၊ ဧကရာဇ် SHUN နဲ့ ကွန်ဖြူးရှပ်တို့ကို ကမ္ဘာမြေပေါ် ကီလင်းအရှင်တစ်ကောင် တွေ့လိုက်ရတဲ့နေ့မှာ မွေးဖွားကြတယ်ဆိုတဲ့ နိမိတ်တဘောင်တွေ ရှိခဲ့တယ်။ ဒါကြောင့် ယနေ့ခေတ် အထိ တရုတ်ဘုန်းတော်ကြီးကျောင်းလက္ခဏာဗေဒင် အကြားအမြင်ဟောသူ ဖုန်းရွှေပညာရှင်တွေဆီကလေး အတွက်သွားမေးရင် ကီလင်းအဆောင်ကိုသာ ပေးပါတယ်။

## ၃၄။ ကြေးဝါကီလင်းအဆောင်ရုပ်ကလေး



ဒီအကာအကွယ်ရုပ်ကလေးကို နံရံ၊ ပြတင်းပေါက်၊ ရုံးခန်း တံခါးဝတွေမှာ ချိတ်ဆွဲပါ။ သူ့ဗိုက်မှာ တရုတ် ပိုက်ဆံ ပြားပုံပါ တယ်။ အိမ်အတွက် ငွေကြေး ဝင်မယ့် နိမိတ်ပါ။ ကြီးအနီက သူ့စွမ်းအင်ကို ဖြည့်ပေးပါတယ်။ အိမ်အဝင်ဝ တံခါး အပြင် ဘက် (သို့) ဝင်ပေါက်အနား (သို့) ဧည့်ခန်း (သို့) မိသားစု စုဝေး လေ့ရှိရာ နေရာတွေမှာ ချိတ်ဆွဲတာ ကံကောင်းစေပါတယ်။ ကြွက်နှစ်သမားတွေ ကံဆိုးနေရင် ကိုယ်နဲ့မကွာ ဆောင်ရပါ တယ်။

## ၃၅။ ချိတ်ဆွဲစရာ ကီလင်းကျောက်စိမ်းဖြူရုပ်



ကျောက်စိမ်း အဖြူသားလေးနဲ့ ထုထားတဲ့ ကီလင်းရုပ်တုပါ။ ကီလင်းက စွမ်းအား၊ အင်အား၊ လာဘ်လာဘ၊ ကံမကောင်းမှုကိုဖယ် ရှားခြင်း၊ နာနာဘာဝ ပယောဂနှိမ်နင်းခြင်းတို့ အတွက်ပါ။ သား ယောကျ်ားလေး လိုချင်တဲ့အိမ်၊ စိတ် မသိုးမသန့် ဖြစ်ရတဲ့အိမ်၊ လတ်တလော ကံဆိုးနေ တယ်လို့ထင်ရတဲ့အခါအတွက် အိပ်ခန်းနဲ့ ဧည့်ခန်း အဝင်ဝတွေမှာ ချိတ်ဆွဲထားစရာ အဆောင်ပါ။

## ၁၆။ ရွှေအစစ်နဲ့လုပ်ထားတဲ့ ဖဲကြိုးနီကီလင်း



သူ့ကို ၂၄ ကာရက် ရွှေအစစ်နဲ့ လုပ်ထားတယ်။ မတ်တတ်ရပ်ပုံစံဖြစ်ပြီး လည်ပင်း မှာ ဒင်္ဂါးပြားတွေဆွဲထားပါတယ်။ ဒီအရုပ်က သတ္တုဓာတ်ပါလို့ ကီလင်းအစွမ်းကို ပို အားဖြည့်တယ် လို့ဆိုတယ်။ နဂိုကီလင်း အစွမ်းတွေအပြင် ဖဲကြိုးနီနဲ့ ဒင်္ဂါးနှစ်ခုပေါင်း အင်အားက ငွေကြေးကံကို တစ်ဟုန်ထိုး မြှင့်တင်စေတာပါ။ စီးပွားရေး သမားတွေ ဆောင်သင့်တဲ့ အဆောင်ပါ။

ဖုန်းရွှေအဆောင်ရုပ်တုတွေထဲက ကီလင်းရုပ်တုလေးအကြောင်းကို ရှာဖွေတွေ့ရှိ သမျှကတော့ ဒီလောက်ပါပဲ။ ကီလင်းကို ဘာသာပြန်ပြီးတဲ့အခါ နောက်တစ်ပိုင်းမှာ PI YAO အကောင်လေးကို ဘာသာပြန်ပေးချင်ပါသေးတယ်။

♦ ♦ ♦

# ၁၆

## Pi Yao

နောက်ထပ် လာဘ်ကောင်လေးကတော့ Pi Yao ဖြစ်ပါတယ်။ Chi Lin နဲ့ သူ့ကို မှားလေ့ရှိပါတယ်။ ဒါပေမဲ့ Chi Lin က နဂါးမျက်နှာ၊ သူက ခြင်္သေ့မျက်နှာပါ။ သူ့ အကြောင်းလေးကို သေချာ ပြောပြရမယ်ဆိုရင်တော့. . .

## ကံကောင်းခြင်းတွေယူဆောင်ပေးမယ့် Pi Yao



တရုတ်ရိုးရာ ဖုန်းရွှေမှာ ချစ်စရာ အဆောင်ရုပ်ကလေးတွေကို အလုပ်ခန်းနဲ့ အိမ်မှာထားဖို့ အပြင် သွားလေရာ ခေါ်ဆောင်သွား နိုင်ဖို့ လက် ဝတ်လက်စားအနေနဲ့ရော၊ ဆန်းဆန်းပြားပြားလေးတွေရော တွေ့လာရပါတယ်။ ကျွန်မကလည်း ဒါမျိုး ပေါက်ပေါက်ရှာရှာ လေးတွေ စပ်စုတတ်သူဖြစ်နေတော့ ကောင်းနိုးရာရာ ရှာဖွေစပ်စုမိတာလေးတွေကို ဖုန်းရွှေ အဆောင်ရုပ်တု တစ်ခုဖြစ်တဲ့ Pi Yao အကြောင်း ဗဟုသုတအနေနဲ့ အသေးစိတ်ရေးပြချင် ပါသေးတယ်။ သူ့ကို Pi Xiu (သို့) Pi Sou လို့လည်း ခေါ်ပါသေးတယ်။ ကျွန်မမှာလည်း မမျှော်လင့်ဘဲ ဒီအဆောင်ရုပ်တုလေးတစ်ခုရရှိ ထားပါတယ်။ ဒါကြောင့်လည်း သူ့ကို စိတ်ဝင်စားမှုက ပိုပါတယ်။ ဖျားနာခြင်းကို ဖြစ်ပေါ်စေတဲ့ Fling Chi ကို ကာကွယ်ပေးပါတယ်။ နောက်တစ်ခုက မမျှော်လင့်ဘဲ ငွေပိုငွေလျှံရရှိခြင်းကို ပေးနိုင်ပါသတဲ့။ ဒါကြောင့် ကာဆီနိုလောင်းကစားသမားတွေက လောင်းကစားရုံ သွားရင် ခေါ်ဆောင်သွားလေ့ရှိတဲ့ အဆောင်ရုပ်တုလေးလို့လည်းဆိုပါတယ်။ နောက်ပြီး အိမ်မှာ (လူမမြင်အောင်ဖွက် ထားရပါမယ်) ထားရင်တော့ ကံမကောင်းမှုတွေ အိမ်ထဲဝင်လာခြင်းကို တားဆီးပေးတယ်လို့ ဆိုထားပါတယ်။ ဒီ ဒဏ္ဍာရီ အကောင်လေးရဲ့ ရာဇဝင်ပုံပြင်လေးကတော့ သူဟာ နဂါးမင်းရဲ့ န၀မမြောက်သားတော် ဖြစ်ပါတယ်။ သူ့ခန္ဓာကိုယ်က သတ္တဝါမျိုးစုံနဲ့ ရောစပ်ဖွဲ့စည်းထားပါတယ်။ ကျွန်မတို့မြန်မာပြည် ရှေးရခိုင်လူမျိုးတွေရဲ့ အဆောင်ဗျာလွလေးတွေလိုပါပဲ။ သူ့မျက်နှာက ခြင်္သေ့ပါ။

ပြီးတော့ ဦးချိုတစ်ချောင်းတည်း ပါပါတယ်။ ခြေလေးချောင်း ပါတယ်။အဲဒီ ခြေတွေမှာ ခွာ ပါပါသေးတယ်။ အမြီးလည်းရှိပြီး တောင်ပံ သေးသေးလေးတစ်စုံ ပါပါတယ်။ အရမ်းချစ်စရာကောင်းပါတယ်။ ထူးခြားချက်တစ်ခုက ဒီကံကောင်းစေတဲ့ အဆောင် လေးမှာ မရှိမသေ စကားပြောရရင် စအိုပေါက် မပါပါဘူး။ ဒါက ဘယ်တော့မှ ဝင်ပြီးရင် ပြန်ထွက်စရာမရှိဘူး။ ဆာလောင်ခြင်းလည်း မရှိစေရဘူးဆိုတဲ့ အဓိပ္ပာယ် ပါတဲ့။ ဝင်ငွေတွေ စုဆောင်းမိမယ်။ ဝင်လာပြီး အဖတ်မတင်တာမျိုး မရှိစေရဘူးပေါ့။ Pi Yeo ရုပ်တုလေးကို အရှေ့တိုင်းနိုင်ငံတွေမှာ တွေ့ရလေ့ရှိပါတယ်။ ဘဏ်တွေ၊ ကာစီနိုတွေ၊ အောင်သွယ်ကုမ္ပဏီတွေ၊ ရင်းနှီးမြှုပ်နှံတဲ့လုပ်ငန်းကြီးတွေရဲ့ အဆောက်အအုံ တွေမှာပါပဲ။ ရှေးတုန်းကတော့ ဧကရာဇ်နဲ့ အရာရှိကြီးတွေရဲ့ အိမ် အဆောက်အအုံတွေမှာ အရုပ်ကြီးတွေအနေနဲ့ အလေးအမြတ်ထားလေ့ရှိပါတယ်။ အလုပ်စားပွဲပေါ်တွေ၊ တံဆိပ်တုံးအနေနဲ့တွေရောပါပဲ။ နောက် ပြီး Pi Yao က သစ္စာရှိတဲ့ အကောင်ပါ။ သူ့ကိုယ်ပိုင်သခင်ကို ချစ်ခင်ပြီး စောင့်ရှောက်တယ်လို့ ယုံကြည်ပါတယ်။ အထူးသဖြင့် ကံဆိုးမှုမရှိအောင်နဲ့ ဥစ္စာဓနပိုင်းကိုပါ။ Pi Yao က သခင်အတွက် အကျိုးဆောင်တာတွေကတော့ (၁) နောင်ရေးကံကောင်းစေခြင်း၊ (၂) ဖုန်းရွှေအရ မြေကံကောင်းစေခြင်း၊ (၃) ဥစ္စာဓန ဝင်ငွေအားကောင်းစေခြင်း၊ (၄) အိမ်ဂေဟာကို စောင့်ရှောက်ခြင်း၊ (၅) မကောင်းဆိုးဝါးပြုစားနှောင့်ယှက်မှုမှ ကာကွယ်ခြင်း၊ (၆) မတော်တဆ ထိခိုက်ဒဏ်ရာရမှုမှ ကာကွယ်ပေးခြင်း၊ (၇) Tai Sui ကိုညှိပြီး ကာကွယ်ပေးခြင်းတို့ပါပဲ။

Grand Duke Jupiter of Tai Sui က အိမ်တွေမှာရှိပါတယ်။ သူက နှစ်တိုင်း ၁၅ ဒီဂရီ တိမ်းစောင်းပါတယ်။ အနေအထိုင် လွဲမှားတဲ့အခါ Grand Duke Jupiter လမ်းကြောင်းကြောင့် ကံမကောင်းမှု ဖြစ်ပေါ်တတ်ပါတယ်။ အဲဒီအခါ Pi Yao က သင့်ပေါ်ကျတဲ့ ကံဆိုးမှု၊ ဘာပြောပြော ဘာလုပ်လုပ် အဆင်မပြေ ဖြစ်ပေါ်တတ်တာမျိုးတွေကို သူ့ဘာသာဖြေရှင်းပေးပါတယ်တဲ့။ တော်တော်အားကိုးရတာပဲ နော်။ Pi Yao ကိုသာ ဘယ်သွားသွား ဆောင်ထားလိုက်ပါ။ တကယ်လို့ အက်ဆီးဒင့် တစ်ခုခုဖြစ်လို့ ကိုယ် ဘာမှ ဆိုးဆိုးဝါးဝါး မဖြစ်ဘူး။ လုယက် တိုက်ခိုက်ခံရပေမယ့် ဘာဒဏ်ရာ

PUBLISHING HOUSE

မှ မရတဲ့အခါမျိုးမှာ Pi Yao လေးကိုထုတ်ကြည့်ပါ။ သူ့မှာ တစ်ခုခုကျိုးပဲ့နေတာ၊ ကွဲအက်နေတာ ဒါမှမဟုတ် တစ်နေရာရာ ထိခိုက်နေတာတွေ့ရပါမယ်တဲ့။ ဒီလို ကိစ္စမျိုးတွေ တွေ့ရင် Pi Yao ဟာ သခင်ကို အနာခံ ပေးဆပ်ပြီး ကာကွယ်တဲ့ အကောင်လေးဆိုတာ ယုံကြည် လက်ခံရပါလိမ့်မယ်။ မယုံမရှိပါနဲ့လို့ ဆိုပါတယ်။ သူ့ကို သင်မွေးထားတဲ့ သက်ရှိ အကောင်လေးလို့ နေ့စဉ် ပွတ်သပ်သန့်ရှင်းပေးမယ်၊ သွားလေရာ ခေါ်ဆောင်သွားမယ်ဆို သူကလည်း သင့်ကို ပိုချစ်ပြီး ကောင်းကျိုးပေးပါမယ်။

အသေးစား Pi Yao အရုပ်ကလေးကို အဆောင်အနေနဲ့ ဝတ်ဆင်နိုင်တယ်။ ဒါမှမဟုတ် သွားလေရာ အိတ်ထဲခေါ်သွားနိုင်ပါတယ်။ သူ့ကို ပျော်ရွှင်အောင်တော့ ထားပါ။ ပစ်စလက်ခတ် မထားပါနဲ့။ ဒါမှ အကျိုးပေးမှာပါ။ ခရီးဝေးသွားရတဲ့ အခါမျိုးမှာ ပိုပြီး Pi Yao ကို ဆောင်သွားသင့်ပါတယ်။ ထိခိုက်ဒဏ်ရာရမှု၊ မတော်တဆ ထိခိုက်မှုတို့က ကာကွယ်ပေးပါတယ်။ အလုပ်ကိစ္စအတွက် ကံကောင်းစေပါတယ်။ လူဆိုးနဲ့ မကောင်းတဲ့ဝိညာဉ် တွေရဲ့ရန်ကလည်း ကာကွယ်ပေးနိုင်တယ်။ ဒါကြောင့် တတ်နိုင်သမျှ ကိုယ်နဲ့မကွာဆောင် ထားသင့်တဲ့ ကံကောင်းခြင်းအဆောင်ဖြစ်ပါတယ်။ လောင်းကစားလုပ်တတ်တဲ့သူနဲ့ ငွေရင်းနှီးမြှုပ်နှံတဲ့ လုပ်ငန်း လုပ်တဲ့သူတွေဆို ပိုတောင် ဆောင်သင့်တဲ့ အရုပ်ကလေးပါ။ သူတို့ ဆီမှာတော့ ကာစီနိုသမားတွေ၊ စတော့ရှယ်ယာ ကစားသူတွေ၊ ထီကစားသူတွေ၊ မြင်းလောင်းသူတွေ၊ ဘောလုံး လောင်းသူတွေ၊ မာကျောက် ဖဲသမားအကုန်ကြားမှာ ရေပန်းစားတဲ့ အဆောင်ရုပ်တုလေးပါ။

## Pi Yao/ Pi Xiu/ Pi Kan

Pi Yao/ Pi Xiu/ Pi Kan ရယ်လို့ ညီအစ်ကိုတွေရှိကြတယ်ဆိုပါတယ်။ တချို့ကလည်း (၃)ကိုယ်ခွဲထားတာလို့ ပြောပါတယ်။ Pi Yao က ကောင်းကင်မှာနေပြီး Pi Xiu က ကမ္ဘာမြေမှာ နေတယ်။ Pi Kan ကတော့ ပင်လယ်သမုဒ္ဒရာမှာနေတယ်။ အားလုံးက ကောင်းမွန်တဲ့ဆုမွန်တွေ ဆောင်ကြဉ်းပေးပြီး ဘေးအန္တရာယ်က ကာကွယ်ပေး တယ်ဆိုပါတယ်။ ဥစ္စာပစ္စည်းကိုလည်း တိုးပွားစေတယ်တဲ့။ ကောင်းကင်မှာနေတဲ့

Pi Yao က ခြသေ့်လို၊ ခွေးလိုမျက်နှာမျိုးနဲ့ ဦးချိုတစ်ချောင်းပါတယ်။ ခွာတွေပါပြီး တောင်ပံ သေးသေးလေးပါပါတယ်ဆိုတာ ရေးပြီးပါပြီ။ တရုတ်ပိုက်ဆံပြားပေါ် ထိုင်နေတဲ့ Pi Yao ဆို ကံကောင်းစေတယ်။ ငွေကို စောင့်တယ်လို့ ဆိုပါတယ်။ လူတချို့ကတော့ Pi Yao က စအိုဝမပါတဲ့ လာဘ်ကောင်မို့ ပိုပြီးသဘောကျပါတယ်။ ဝင်ပြီးရင် ထွက်စရာမလိုဘူးဆိုတဲ့ ယူဆချက်ကြောင့်ပါ။ ဝမ်းဟာစရာမရှိဘူးဆိုတဲ့ သဘောလည်း ပါပါတယ်။ နောက်ပြီး သူက သခင်ကိုချစ်တယ်၊ သစ္စာရှိတယ်ဆိုတဲ့ စရိုက်လည်းရှိလို့ပါပဲ။ ဒီအောက်မှာတော့ Pi Yao အဆောင်လေးတွေ လက်လှမ်းမီသလောက် ရှာဖွေ တင်ပြပေးထားပါတယ်။

## (၁) အချစ်ရေးအဆင်ပြေစေဖို့ Rose Qartz နဲ့ လုပ်ထားတဲ့ Pi Yao



ပန်းရောင်သလင်းကျောက်နဲ့လုပ်ထားတဲ့ Pi Yao လေးက အချစ်ရေးအဆင်ပြေအောင် ကူညီတယ်တဲ့။

## ၂။ မကောင်းဆိုးဝါးရန်နဲ့ အတိုက်အခိုက် မကောင်းကြံစည်ရခြင်းတို့အတွက် မဟူရာနဲ့လုပ်ထားတဲ့ Pi Yao ရုပ်တုကလေး


တချို့ Pi Yao တွေရဲ့ကျောမှာ တရုတ်ရှေးပိုက်ဆံပြား ပုံပါပါတယ်။ သူ့ကို ချိတ်ဆွဲထားတာက ငွေကံကောင်းဖို့အတွက်နဲ့ ငွေကြေးကို ကာကွယ်ပေးဖို့ အတွက်





ဖြစ်ပါတယ်။ အနီရောင်ကြိုးက မဟူရာ Pi Yao ရဲ့ စွမ်းအားကို အားဖြည့်ပေးပါတယ်။ မဟူရာက မကောင်းဆိုးဝါးရန်နဲ့ အတိုက်အခိုက် မကောင်း ကြံစည်ခံရခြင်းတို့က ကာကွယ်ပေးပါတယ်။

## (၃) ရန်အတိုက်အခိုက်အတွက် စုံတွဲ Tai Sui Pi Yao



ဒီ Pi Yao (၂)ကောင်တွဲကိုတော့ Tai Sui Pi Yao တွေလို့ လူသိများကြပါတယ်။ တွေ့တော့ တွေ့ရခဲ့ပါတယ်။ ဝယ်လို့ မရ လောက်ပါဘူး။ (ဗဟုသုတအနေနဲ့သာ ဖော်ပြပေး တာပါ။) ကံမကောင်းမှုကို ဖြေရှင်း ပေးတဲ့နေရာမှာ သုံးတာလို့ ဆိုပါ တယ်။ သူက သူ့သားကို ကျောပေါ် ပိုးထားပါတယ်။ မိခင်က ကလေးကို ကာကွယ်သလို ကာကွယ်


တဲ့ သဘောပါ။ ဦးချိုကလည်း သာမန်အရုပ်တွေထက် ပိုရှည်ပါတယ်။ Pi Yao ဘုရင်ကို တင်စားတာပါ။ သာမန်တွေထက် စွမ်းရည် ပိုတာပြတာပါပဲ။ ဘယ်မကောင်း ဆိုးဝါး ကိုမဆို တိုက်ခိုက်နိုင်ပါတယ်။ သူတို့က ချစ်စရာကောင်းသလို ကြောက်စရာ သွင်ပြင် လည်း ရှိပါတယ်။ အေးအေးဆေးဆေး မျက်နှာတွေပေမယ့် အချိန်မရွေး တိုက်ခိုက် ဖို့ စောင့်နေသလိုပါပဲ။ လက်နှစ်ဖက်လည်း အချင်းချင်းတွဲထားပါတယ်။ ရင်ဘတ်မှာ အင်းတွေ ပါပါသေးတယ်။ တာအိုဆရာတွေ သုံးတဲ့အင်းပါ။ Tai Sui and Sui Po ရုပ်တွေကို သတ္တုနဲ့လုပ်ပါတယ်။ သတ္တုနဲ့မှ အင်အားကောင်းတဲ့အရုပ်ဖြစ်မှာပါ။ ကျွဲလွှယ်၊ ရှုလွှယ်၊ ပျက်လွယ်တဲ့ ဖန်၊ ပလတ်စတစ်၊ တွင်းထွက်ကျောက်တွေနဲ့ လုံးဝ မလုပ်ရပါဘူး။ အထူးသဖြင့် ကြေးနီ၊ ကြေးဝါနဲ့လုပ်ကြပါတယ်။ ဖြီးမှ အပေါ်က အပြီးသတ် အနေနဲ့ ၂၄ ကာရက် ရွှေပြားကပ်ပါတယ်။ ဒါဆို တော်တော် တန်ဖိုးထားတဲ့ အရုပ် တွေဆိုတာ ခန့်မှန်းရလောက်ပါပြီ။ ရင်ဘတ်နဲ့ ကြမ်းပြင်ကလည်း ရိုးရိုး Pi Yao အရုပ်တွေလို ကတ်သတ်မနေပါဘူး။ အပေါ်မြင့်မြင့် မတ်တတ်ထထားပါတယ်။

## (၄) ကိုယ်ပိုင်ဥစ္စာဓနတွေကို စောင့်ရှောက်မယ့် ဖန်သား Wealth Generating Pi Yao



ဒါကလည်း စပါယ်ရှယ်အော်ဒါမှာယူရတဲ့ ဖန်သား Pi Yao အရုပ်ကလေးပါပဲ။ ပတ်ဝန်းကျင်မှာရှိတဲ့ ချီဓာတ် ကို တောက်ပစေတယ်လို့ ညွှန်းထားပါတယ်။ အဝါရောင် နဲ့ လိမ္မော်ရောင်ကိုသုံးပါတယ်။ Citrine ကျောက်နဲ့ ထုပြီး ဆောင်လို့ရပါတယ်။ ကြည်လင် နေတဲ့ဗိုက်ကနေ ဖောက်ပြီး ရွှေပြားတွေကို မြင်ရပါတယ်။ သူ့ကို ဝမ်းဗိုက် အသားပေး စိတ်ဝင်စားစရာ လုပ်ထားတာပါ။

## (၅) ပြဿနာတွေ ပြေလည်သွားမယ့် ကံကောင်းအဆောင် ကျောက်စိမ်းလက်ပတ် Pi Yao




ကံကောင်းစေဖို့ လက်မှာ ပတ်ထားလို့ ရတဲ့ ကျောက်စိမ်း Pi Yao လေးပါ။ ခေါင်းပေါ် ကပ်နေတဲ့ ဦးချိုကွေးကွေးလေး ထုဆစ်ထားပါတယ်။ ကိုယ်ထည်က ခပ်ဝဝလေးပါ။ ကျောမှာ ပိုက်ဆံပြား ၃ ပြားကို လွယ်ထားပါတယ်။ လှပပြီး ချစ်စရာအနေအထားပါ။ ဒါပေမဲ့ အလှသက်သက်ထက်အချိန် အတန်ကြာ ရင်ဆိုင်နေခဲ့ရတဲ့ ပြဿနာတွေကို ဖြေရှင်းပေးတဲ့ အဆောင်လို့ဆိုပါတယ်။

## ၆။ အလုပ်အကိုင်ကောင်းဖို့ Pi Yao စုံတွဲအဆောင်ရုပ်ကလေး




ကျောက်စိမ်းအဝါနဲ့လုပ်ထားတဲ့ စုံတွဲ Pi Yao လေးတွေပါ။ သူ့ကို အလှအပအနေနဲ့ ပုတီးစေ့လေးတွေ ပါတွဲပြီး ဆင်ယင်ထားပါတယ်။ သူ့ကို အိမ် (သို့) အလုပ်၊ ရုံးခန်းအဝင်ဝမှာ ချိတ်ဆွဲထားပါ။ ကံမကောင်းခြင်းကို လက်တွဲပြီး ဖြေရှင်းပေးပါတယ်။

## (၇) ကျောက်စိမ်း Pi Yao လော့ကက်များ



နည်းနည်းအရောင်အကြည်လေးပါတဲ့ ကျောက်စိမ်းအဖြူနဲ့ အစိမ်းပါ။ မျက်နှာကို တစ်ခြမ်းလှည့်ပြီး Ru Yi ကို ကိုက်ထားတဲ့ပုံပါ။ ထုံးစံအတိုင်း ကံကောင်း လာဘ်ရွှင် အဆောင်ပါပဲ။

## (၈) ကိုယ်ဝန်ဆောင် Pi Yao



ဒီအရုပ်တွေက ခပ်ဝဝ၊ ခပ်ကြီးကြီး ကိုယ်ဝန်ဆောင် ဗိုက်ပူပူတွေနဲ့ပါ။ တချို့က Tian Lu (heavenly deer) လို့ခေါ်ပေမယ့် အများအားဖြင့်တော့ ကိုယ်ဝန် ဆောင် Pi Yao လို့ပဲ ခေါ်ကြပါတယ်။ အိမ်မှာ တယုတယ ဂရုစိုက်ပြီးထားရင် ငွေကြေး ကံကောင်းစေပါတယ်။

## (၉) ယင်နဲ့ယန် Pi Yao စုံတွဲ (Magic Yin-Yang Pi Yao)



ဒါကတော့ အထူးစီမံထားတဲ့ **Pi Yao** လေးတွေပါ။ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ ရှိလျက်နဲ့ ကြန့်ကြာနေတဲ့ သူမျိုးတွေအတွက်ပါ။ အလုပ်စားပွဲပေါ် ထားပေးရပါတယ်။ ကံမကောင်းမှုတွေ ဖယ်ရှားပေးပြီး ကံကောင်းမှုတွေနဲ့ အစားထိုးပေးပါ တယ်။

## (၁၀) မကောင်းဆိုးဝါးနှင်ပေးတဲ့ တောင်ပံဖြန့် Pi xie (toHxGufu Pee xieh yg)

သူက မကောင်းဆိုးဝါး ဝိညာဉ်တောင် နှင်ပေးပါတယ်။ သူက Pi Yao ရဲ့ ကိုယ်ခွဲတစ်ခုပါပဲ။



သူ့တောင်ပံက Pi Yao ထက် ပိုကြီးပြီး ပိုလှပါတယ်။ အဲဒီ အတောင်တွေကို ဖြန့်ထားပါတယ်။ ခြသေ့် ကနေတာနဲ့တူပြီး နဂါးဦးချိုမျိုး ၂ချောင်း ပါပါတယ်။ ပါးစပ်မှာ ကံကောင်း ပိုက်ဆံပြား ကိုက်ထားပါတယ်။ ကိုယ်မှာလည်း ပိုက်ဆံပြားပုံ ပါတတ် ပါတယ်။ ပြုံးကျယ်တဲ့ မျက်စိ ရှိပါတယ်။ သူ့ကို

ကိုယ်ခက်ခဲပင်ပန်းတဲ့ အချိန်တွေမှာ ဆောင်ရပါတယ်။ သူက သစ္စာရှိအကောင်လေးပါ။ သခင်ရဲ့ အခက်အခဲ ဒုက္ခကို ကူညီဖြေရှင်းပေးပါတယ်။ တစ်ချိန်တည်းမှာလည်း ကံကောင်းခြင်းကို ဆောင်ယူပေးပါတယ်။ မကောင်းဆိုးဝါး တိုက်ခိုက်တာ၊ ဝိညာဉ် နှောင့်ယှက်တာ၊ ပြုစားတာ၊ ကျိန်စာ တိုက်ခံရတာမျိုးတွေအတွက် ဖြေရှင်းပေးပါတယ်။ ရှေးဟောင်းပစ္စည်းတွေ စုတတ်တဲ့အိမ်မျိုး၊ အရောင်းအဝယ် လုပ်တဲ့ဆိုင်ခန်းမှာ ကိုယ်မသိလိုက်ဘဲ ကျိန်စာပါတဲ့ပစ္စည်းဝိညာဉ် တည်ရှိနေတဲ့ပစ္စည်းမျိုးကြောင့် ကိုယ့် မိသားစုမှာ မကြာခဏဖျားနာတာမျိုး၊ ငွေရစရာရှိ လျက်နဲ့ လူတွေကမပေးချင်တာမျိုး၊ မကြာခဏ အသေးစား သွေးထွက်ရှနာ ဒဏ်ရာမကြာ ခဏရနေတာမျိုးတွေအတွက် ဒီအရုပ်ကို ဆောင်ထားသင့်တယ်တဲ့လေ။ အညံ့ပိုင်းဇာတာရောက်နေတဲ့သူမျိုးတွေ၊ အကြွေးတွေတင်ပြီး ပြန်မဆပ်နိုင်သူတွေ ဆောင်ရမယ်လို့လည်း ဆိုတယ်။

## (၁၁) သလင်း Pi Yao Necklace



သလင်းအကြည်နဲ့လုပ်ထားတဲ့ Pi Yao လေးပါ။ အလုပ်အကိုင်နဲ့ ပညာရေး ကောင်းမွန်ဖို့ အဆောင်ပါ။ အလိုလို ကြံ့သိခြင်းနဲ့ မှန်ကန်တဲ့ ဆုံးဖြတ်ချက်ချနိုင်ဖို့ အတွက် ကူညီတယ်လို့ ဆိုပါတယ်။ ဦးချို တစ်ချောင်းနဲ့ ခပ်ဝဝ ဗိုက် ပါတယ်။ ကံမကောင်းတာကိုလည်း ဖယ်ရှား ပေးပါတယ်။

Little Boy PUBLISHING HOUSE

## ၁၂။ ပိုက်ဆံ ၃ ပြား အတူတူကိုက်ချီထားတဲ့ အနီရောင် Pi Yao စုံတွဲ



လင်မယားအတူတူ ဒိုးတူပေါင်ဖက် စီးပွားရှာတဲ့ အိမ်အတွက်အဆောင်ပါ။ ဒီအရုပ်ကို ကျောက်စိမ်းအနီနဲ့ ထုထားတာပါ။ ရွှေလက်တစ်ဖက်စီကို ထိထားပါတယ်။ ပါးစပ်မှာတော့ ဘုရားရဲ့စာချွန် အရွက်လိပ်ကို ကိုက်ချီထားပါတယ်။ ဘုရားမိန့်ဆိုချက်နဲ့ ရန်ကိုဖယ် ရှားပေးမယ့်နိမိတ်ပါ။ ပါးစပ်တွေ ကျယ်ကျယ်ဟထားတာကတော့ သခင်အတွက် စည်းစိမ်ဥစ္စာကို မျိုနိုင်သမျှမျိုချပြီး ရယူပေးမယ်လို့ ဆိုလိုတာပါ။ လည်ပင်းနှစ်ခုကိုတော့ ပိုက်ဆံပြား ၃ ပြားရဲ့အပေါက်တွေထဲ ကြိုးအနီနဲ့ သွယ်တန်းပြီး ချိတ်ဆွဲထားပါတယ်။ ဒါကတော့ ငွေကံကောင်း စေဖို့ပါပဲ။

## (၁၃) အဝါရောင်ကျောက်စိမ်း Pi Yao လက်ကောက်



ဒီလက်ကောက်လေးက တော်တော်လေး လှပါတယ်။ ဗိုက်ပူပူနဲ့ ခေါင်းပေါ်မှာ ချိုတစ်ချောင်းပါတဲ့ **Pi Yao** ပါပဲ။ ကံကောင်းစေမယ်။ မကောင်းတာတွေ ဖယ်ရှားပေးမယ်။ သွားလေရာခေါ် သွားလို့ရတဲ့ ချမ်းသာခြင်းတွေ ဖန်တီးရယူပေးမယ့် အဆောင် လာဘ်ကောင်လေးပါ။

## (၁၄) သားချီထားတဲ့ကျောက်စိမ်းအဝါ Pi Yao လာဘ်ကောင်းလော့ကက်လေး



သူ့ကို ကျောက်စိမ်းအဝါနဲ့လုပ်ပြီး ပိုးကြိုးနဲ့ တပ်ထားပါတယ်။ ယောက်ျားလေးတွေလည်း သုံးလို့ရတဲ့ စတိုင်လ်ပါ။ အားဖြည့်တဲ့အနေနဲ့ သူ့ပါးစပ်ထိပ်မှာ မဟူရာ ကျောက်ပုတီးလေးတစ်လုံးကို ထည့်ထားပါတယ်။ ချိုတစ်ချောင်း၊ ဝမ်းပူပူနဲ့ Pi Yao ဖြစ်ပေမယ့် ထူးခြားချက်က သူ့ ကျောပေါ် မှာ Pi Yao ပေါက်စလေး တစ်ကောင်ကို သယ်ဆောင်ထားတာပါပဲ။ ကံကောင်းစေမယ်၊ လာဘ်ရွှင်မယ်၊ အစောင့်အရှောက် ကောင်းရမယ်၊ လူကြီးသူမ ရာထူးအရှိန်အဝါကြီးသူရဲ့ အကူအညီရမယ် လို့ဆိုလိုတာပါ။

## (၁၅) နဂါးခေါင်းနဲ့ မြင်းပျံကျောပေါ်က Pi Yao ရုပ်တု



ဒီအရုပ်ကတော့ တွေ့ရခဲပါတယ်။ လိုချင်မှသာ အော်ဒါမှာစီရင်တဲ့ အရုပ်ပါ။ ကြေးနဲ့လုပ်ထားပါတယ်။ နဂါးခေါင်းမြင်းပျံက အမြန်ကိုစွစီရင်တဲ့ သဘောပါ။ မြင်းက အပြေးမြန်တဲ့သတ္တဝါမို့ပါ။ နဂါးစွမ်းအင်နဲ့ပေါင်းတော့ အတိုင်းထက်အလွန် မြန်မယ်လို့ ဆိုပါတယ်။ ပြီးတော့ တောင်ပံကလည်း လက်လှမ်း မမီတဲ့နေရာလို့ထင်တဲ့ဆီကို ပေါက်ရောက်မယ့် အစီအရင်ပါ။ Pi Yao ကလည်း အခက်အခဲကို ပြေလည်အောင် လုပ်ပေးတယ်။ ပူပန်မှုကို ဖယ်ရှားပေးတယ်။ ဒါတွေကြောင့် ဒီရုပ်တုက အကြံအစည်ကြီးကြီးတစ်ခုကို အကောင်အထည်ဖော်ရာမှာ၊ ပရောဂျက်ကြီးကြီး တစ်ခုကို ချပေးဖို့ တောင်းခံရာမှာ အမြန်ပြီးမြောက်အောင် မြင်ဖို့ အဆောင်ရုပ်ဆိုတာ လွဲမှားစရာမရှိပါဘူး။ အမှု ရင်ဆိုင်နေရတယ်ဆိုလည်း အမြန်ပြီးပြတ် အောင်မြင်မယ်လို့ ဆိုပါတယ်။

## ၁၆။ စားပွဲခုံလေးပေါ်က Dzi Pi Yao



ဟိမဝန္တာတောင်ကထွက်တဲ့ Aagate ကျောက် အနက်နဲ့ ထုထားတဲ့ Pi Yao ပါ။ အဓိကက မကောင်းဆိုးဝါး ဝိညာဉ် အန္တရာယ်က ကာကွယ်ဖို့ပါပဲ။ Agate ကျောက် အနက်က Pi Yao ရဲ့အစွမ်းကို ပိုမြင့်ပေးပါတယ်။ အချိန်အတန်ကြာ မဖြေရှင်းနိုင်တဲ့ ပြဿနာကိုလည်း ဖြေရှင်းပေးတယ်တဲ့ လေ။ Agate မဟုတ်လည်း မဟူရာနဲ့လည်း သုံးပါတယ်။ သစ်သားဆိုလည်း ဆေးအမည်း သုတ်ရမယ်လို့ ပြောပါတယ်။

## ၁၇။ ပိုက်ဆံဖား (သို့) ခြေ ၃ ချောင်းဖားပြုတ်



ဒီအပိုင်းမှာတော့ ပိုက်ဆံဖားလို့ခေါ်တဲ့၊ လာဘ်ခေါ်ဖားလို့လည်းခေါ်တဲ့၊ ခြေ ၃ ချောင်းဖားပြုတ်အကြောင်း ပြောပြချင်ပါတယ်။ သူ့မှာက ခြေထောက် ၃ ချောင်း ပဲပါပါတယ်။ ဒါပေမဲ့ သူ့ကို ရွှေပုံငွေပုံ ပေါ် အမြဲထိုင်နေတာတွေ့ရပါတယ်။ သူ့ပါးစပ်မှာ ပိုက်ဆံ တစ်ပြားကိုက်ထား ပါတယ်။ တချို့ဖားကတော့ မကိုက်ထား ပါဘူး။ ဖုန်းရွှေအယူအဆအရ ဒီဖားကို ကြွယ်ဝချမ်းသာပိုင်ဆိုင်မှုတွေ၊ ငွေကြေး လာဘ်လာဘကိုခေါ်ဆောင်ဖို့ ငွေကြေး ကံကောင်းစေဖို့ အဆောင်အယောင်ပဲဖြစ်ပါတယ်။

သူက လမှာနေတယ်လို့ယူဆပြီး လကြတ်ချိန်ဟာ သူ့အစွမ်းအပြည့်ဆုံး အချိန်လို့ ဆိုပါတယ်။ သူနဲ့ပတ်သက်တဲ့ဒဏ္ဍာရီတွေကတော့ အမျိုးမျိုးဖြစ်နေခဲ့ပါတယ်။ ပြောပြရမယ် ဆိုရင်တော့. . .

## ဒဏ္ဍာရီ ၁

Lui Hai ဒဏ္ဍာရီထဲက ခြေ ၃ ချောင်းဖားပြုတ်ရဲ့အစကတော့ ၁၀ ရာစုကဖြစ်ခဲ့ပါတယ်။ ခြေ ၃ ချောင်းဖားက **Lui Hai** လို့အမည်ရတဲ့ အစွမ်းထက်တာအိုပညာရှင်တစ်ပါးရဲ့ လက်သပ်မွေး အချစ်တော်အကောင်ဖြစ်ခဲ့ပါတယ်။ သူက ပညာသင်ကျောင်းသားဘဝတည်းက ငွေမက်တဲ့ပိုက်ဆံဖား ပုန်းနေရာက ထွက်လာအောင် ရွှေပြားတွေကို ကြိုးနဲ့သီပြီး မျှားခေါ်ဖမ်းခဲ့တယ်။ မကြာခဏ သူ့ဖား ပျောက်ပြီဆို ဒီနည်းနဲ့ပဲ ပြန်ဖမ်းတယ်လို့ ရေးထားပါတယ်။ ဒီဒဏ္ဍာရီအရ လူတွေက ဝင်ငွေအတွက် ကံကောင်းချင်ရင် ကြိုးနီနဲ့သီထားတဲ့ ပိုက်ဆံပြားတွေရယ်၊ ခြေ ၃ ချောင်းဖားရုပ်ရယ်ကို အဆောင်အဖြစ် ဆောင်လာခဲ့တာ အစဉ်အဆက်ပါ။

## ဒဏ္ဍာရီ ၂

နောက်ဒဏ္ဍာရီတစ်ခုကလည်း ထာဝရတန်ခိုးရှင်တစ်ပါးရဲ့ လောဘကြီးတဲ့ ဇနီးက ကောင်းကင်ဘုံရဲ့ ထာဝရမသေ ဆေးသစ်သီးကိုခိုးမိလို့ ကောင်းကင်ဘုံနဲ့ နတ်ဒေဝတာ တွေအားလုံးက ဒဏ်ခတ်အပြစ်ပေးလိုက်တဲ့အတွက် ခြေ ၃ ချောင်းဖားပြုတ်ဘဝရောက် သွားတယ်လို့ ရေးပါတယ်။

## ဒဏ္ဍာရီ ၃

နောက်ဒဏ္ဍာရီတစ်ခုကတော့ ခြေ ၃ ချောင်းဖားဟာ မူလပထမက တန်ခိုးရှင် ၏ ၈ ပါးထဲက တစ်ပါးရဲ့ဇနီးဖြစ်ပါတယ်။ သူဟာ ငွေအလွန်မက်ပါတယ်။ သူက ငွေကြေးနဲ့ ရတနာရွှေစိန်တွေကို မက်မောလွန်းမက မက်မောတော့ ရသမျှတွေ သူ့အိပ်ရာအောက်၊ ထိုင်ခုံအောက်တွေ ခိုးဖွက်ထည့်ထားပြီး ကြည်နူးနေတတ် ပါတယ်။ တစ်နေ့တော့ Wang ကြဆိုတဲ့ အနောက်အရပ် နတ်ဘုရားမပိုင် အဖိုးတန်ရတနာတွေကိုခိုးပြီး ကြောက်ကြောက်နဲ့ လဆီထွက်ပြေးမိပါရော။ ဒါနဲ့ ဘုရားသခင်က အပြစ်ပေးတဲ့အနေနဲ့

ခြေ ၃ ချောင်းဖားပြုတ်အဖြစ် ပြောင်းပစ်လိုက်တယ်လို့ ဆိုထားပါတယ်။ သူက သူ့ပင်ကို စရိုက်ကို ဘယ်လိုမှ မအောင့်အည်း နိုင်တဲ့အတွက် ဖားဘဝရောက်နေသည့်တိုင် သူ တစ်ပါးဆီက အဖိုးတန်တာတွေ၊ ငွေတွေလုညှ့်လည်ရယူနေတုန်းလို့ ဒဏ္ဍာရီအရ သိရပါတယ်။ လကြွတ်တာလည်း ခြေ ၃ ချောင်းဖားပြုတ်က လောဘတကြီး မျိုလိုက်တာလို့ပြောပါသေးတယ်။

ဒဏ္ဍာရီက အမျိုးမျိုးကွဲနေပေမယ့် ဘယ်ဒဏ္ဍာရီမှာမဆို ခြေ ၃ ချောင်း ဖားက လောဘကြီးတယ်၊ ရွှေငွေမက်တယ်၊ မရရတဲ့နည်းနဲ့ သူ့အတွက် သူယူတယ်ဆိုတဲ့ စရိုက်ကို သတိပြုမိမှာပါ။ ဒါကြောင့် ဖုန်းရွှေနဲ့ တာအိုဆရာတွေက ခေတ်အဆက်ဆက် ငွေကြေးအတွက် အဆောင်ရုပ်ကို ပိုက်ဆံဖားနဲ့ပဲ အများဆုံး စီရင်ခဲ့ပါတယ်။ ဒါကြောင့် ခြေ ၃ ချောင်းဖားရုပ်တုတိုင်းမှာ သူ့လောဘနဲ့ ရယူ စုဆောင်းထားတာတွေပြသဖို့ ပတ်လည်မှာ ရွှေတုံးငွေတုံးတွေ၊ ပိုက်ဆံပြားတွေပဲ ဝန်းရံနေပါတယ်။ ခေတ်တွေ ပြောင်းလာတဲ့ အခါ ပိုက်ဆံဖားကို ငွေကြေး ကံမကောင်းမှုကိုပယ်ဖျက်ဖို့နဲ့ အိမ်တွင်းစီးပွား တိုးတက်ဖို့ပါအပြင် ကျန်းမာရေးအတွက်ပါ ထပ်မံပံ့ပိုးစီရင်လာပါတယ်။ ကျောမှာ ကြယ် ၇ ပွင့် အစီအရင်၊ အန္တရာယ်ကင်း ပတ်ကွာအင်း၊ ကြိုးအနီနဲ့ ငွေပြားတွေ၊ ကြိုးရွှေရောင်နဲ့ ပိုက်ဆံပြားတွေကိုပါ တွဲဖက် စီရင်လာတာဖြစ်ပါတယ်။

## ခြေ ၂ ချောင်းဖားပြုတ် (သို့) ပိုက်ဆံဖားထားရှိသင့်သောနေရာများ

အဝင်တံခါးကို ထောင့်ဖြတ်အနေအထားနဲ့ ဧည့်ခန်း (သို့) ရုံးခန်း၊ အလုပ်ခန်း မှာထားရှိရင် ချီဓာတ်လို့ခေါ်တဲ့ ကြွယ်ဝချမ်းသာခြင်းကို ဖိတ်ခေါ်ပါတယ်။ အကောင်ရေ မည်မျှမဆိုထားလို့ရပေမယ့် ၉ ခုထက်တော့ မကျော်ရပါဘူး။ ၉ ကောင် အများဆုံး ထားရပါတယ်။ ဖောက်သည်နဲ့ဆုံတွေ့ရာ၊ ငွေသိမ်း ကောင်တာ စားပွဲတွေမှာလည်း ထားနိုင်ပါတယ်။

တကယ်လို့ ကိုယ့်ခြံဝင်း၊ ကိုယ့်ဥယျာဉ်ထဲထားမယ်ဆိုရင်တော့ ရေကန် လေးနား၊ ရေပန်းကလေးနား၊ ရေတံခွန်လေးနားထားရင် ကောင်းပါတယ်။ ဒါပေမဲ့

Little Boy PUBLISHING HOUSE

အဲဒီနေရာကနေ မိမိနေထိုင်ရာ အိမ်တံခါးဝဘက်ကို မျက်နှာမမူထားဖို့တော့ အထူးသတိထားရပါမယ်။ အိပ်ခန်းနဲ့ အိပ်ရာနား၊ ရေချိုးခန်း၊ အိမ်သာနဲ့ မီးဖိုခန်းတွေမှာလည်း လုံးဝမထားမိဖို့ ဂရုစိုက်ပါ။ စီးပွားရေးသမားတွေ အတွက် ကတော့ ငွေသိမ်းကောင်တာ၊ အံဆွဲ၊ ဗီရို၊ အာမခံ သေတ္တာ၊ ဖောက်သည်နဲ့စကားပြော အပေးအယူလုပ်တဲ့ စားပွဲမှာ ထားရပါတယ်။


အလုပ်အကိုင်အောင်မြင်ဖို့၊ ဝင်ငွေတိုးဖို့၊ ရာထူးတက်ဖို့ တစ်ကောင် (သို့) ၃ ကောင် (သို့) ၆ ကောင် (သို့) ၉ ကောင်ကို ဧည့်ခန်းထဲမှာ၊ ခြံထဲမှာ ဖြန့်ထားရပါမယ်။ ဖားတွေ ခုန်ပေါက်မြူးထူးတဲ့ သဏ္ဌာန်လုပ်တာပါ။ အိမ်ထဲမှာ ဖြန့်ထားတဲ့အကောင်တွေထဲက အိမ်တွင်းဖက်နေရာအနှံ့ မျက်နှာလှည့်ထားပါ။ အိမ်ပြင်တံခါးမဆီ ဘေးတိုက်ထားတာလုပ် လို့ရပေမယ့် တံခါးမနဲ့တည့်တည့် မျက်နှာမူပြီး တိုက်ရိုက်ကြီးတော့ မထားပါနဲ့။ ငွေမဝင်ဘဲ ဒလဟောထွက်ပါလိမ့်မယ်။

ဖုန်းရွှေဆရာတွေက ပိုက်ဆံဖားတွေက နေ့မှာပိုက်ဆံထွက်ရှာပြီး အိမ် အပြန် သူတို့ ခြေဖဝါး၊ လက်ဖဝါးတွေမှာ ငွေတွေ ကပ်ယူလာတယ်လို့ ယုံကြည် ပါတယ်။ ညကတော့ သူတို့နားချိန်ပါ။ သူတို့က ဖားပဲဖြစ်ပါတယ်။ နတ်ဘုရားတွေ မဟုတ်ပါဘူး။ ဒါကြောင့် သူတို့ကို နတ်ဘုရားလို ပူဇော်ပသစရာမလိုဘူး။ နိမ့်တဲ့နေရာ ကြမ်းပြင်မှာ ချထားလို့လည်းရပါတယ်။ ကုလားထိုင်တွေ၊ ဆိုဖာတွေအောက်၊ စားပွဲအောက်တွေမှာလည်း ထားလို့ရပါတယ်။ အိပ်ခန်း၊ ရေချိုးခန်း၊ မီးဖို၊ အိမ်သာမှာပဲ မထားရတာပါ။

တကယ်လို့ သူတို့ကို အမြင့်ကြီးတွေမှာတင်ထားရင် ခုန်ချရမှာကြောက်ပြီး အပြင်ထွက် ငွေမရှာပေးဘူးလို့လည်း ယုံကြည်ကြပါတယ်။ ဝင်ငွေနှစ်ဆတိုးချင်ရင်တော့ တံခါးမအတွင်း ဘေးတစ်ဖက်တစ်ချက်မှာ ဖားနှစ်ကောင်ရဲ့ခေါင်းကို တစ်ကောင်အတွင်း၊ တစ်ကောင် အပြင်ထားပေးပါ။


ခြေ ၃ ချောင်းဖား အဆောင်ရုပ်လေးတွေအကြောင်း လက်လှမ်းမီ စုဆောင်းမိသရွေ့လေး ဗဟုသုတအနေနဲ့ ပြောပြချင်ပါသေးတယ်။

## မျိုးဆက် ၃ ဆက် ပိုက်ဆံဖားကြေးရုပ်တု




အရွယ် အကြီးအသေး အဆင့်ဆင့် ပိုက်ဆံဖား ၃ ကောင် ငွေပုံပေါ် တစ်ကောင်နဲ့ တစ်ကောင် အမှီပြု ထပ်ထိုင်နေတဲ့ အစီအရင် ဖြစ်ပါတယ်။ ထုံးစံအတိုင်း ငွေပုံ ရွှေပုံပေါ်မှာပါ။ ကြေးနဲ့ သွန်းထားတဲ့ အရုပ်ကြီးဖြစ်ပါတယ်။ မျိုးဆက် ၃ ဆက် ချမ်းသာကြွယ်ဝခြင်းဆိုတဲ့ အစီအရင် ပါပဲ။ ပင်မအိမ်တံခါးဝတစ်ဖက် တစ်ချက်မှာ အိမ်အတွင်းဘက်လှည့်ပြီးထားရပါတယ်။ အထက်လူကြီးအကြီးအကဲထံမှ အကူအထောက်အပံ့ရခြင်း၊ အမွေရခြင်း၊ လက်ရှိ စည်းစိမ်မပြိုကွဲဘဲ မြဲခြင်းတို့အတွက်ပါ။ ဥမကွဲ သိုက်မပျက် စီးပွားမခွဲတဲ ချစ်ခင်ရင်းနှီးတဲ့ မိသားစုရဲ့ ကြွယ်ဝခြင်းလည်း ဖြစ်ပါတယ်။ သူကြွယ်အိမ်၊ မင်းမျိုးမင်းဆွေများ၊ အကြီးအကဲများအိမ်တွင်ထားသော အဆောင်ရုပ်တုပါ။

## ကျောက်စိမ်းအဝါ (သို့) သလင်းအဝါနဲ့ထုထားတဲ့ ရွှေရောင်ဖဲကြိုးချည်ပိုက်ဆံ ၃ ပြားပါ ပိုက်ဆံဖားလော့ကက်



ကျောက်စိမ်းအဝါ (သို့) သလင်းအဝါ ကောင်းကောင်းရရင် ကျွမ်းကျင်တဲ့ရတနာပန်းပုသမားကို မနှမြောဘဲ ဒီ အဆောင် အပ် လိုက်ပါ။ အကျိုးရှိစေရမယ်လို့ ဆိုထားပါတယ်။ Kang Hsi, Yong Cheng and Chien Lung လို့ခေါ်တဲ့ ချင်မင်းဆက် ၃ ပါးရဲ့ပိုက်ဆံပြားတွေကို ရွှေရောင်ဖဲကြိုးနဲ့ ဖားရုပ်ကို တွဲချည်ပါ။ အဝါရောင်က ကမ္ဘာမြေကြီးကို ကိုယ်စားပြုပါတယ်။ ကြည်လင်တဲ့ကျောက်သားဆို ပိုစွမ်းအင်ရှိတယ်လို့ ဖုန်းရွှေဆရာ များက ဆိုထားပါတယ်။

## ချိတ်ဆွဲစရာ ကျောက်စိမ်းပိုက်ဆံဖားအဆောင်




ကျောက်စိမ်းနဲ့ထုလုပ်ထားတဲ့ ပိုက်ဆံဖားအဆောင်ဖြစ်ပါတယ်။ အိမ်မှာ ချိတ်ဆွဲထားရုံမက အလုပ်လုပ်ဖို့အပြင်သွားရင်လည်း ဆောင်သွားလို့ရပါတယ်။ အိမ်အပြန် ငွေပါမယ့် ကံကောင်းအဆောင်လို့ ယုံကြည်ကြတဲ့ ကံကောင်းအဆောင်ပါ။ ဒီပုံထဲက အရုပ်လေးကိုအရည်ကောင်းကျောက် စိမ်းနဲ့ထုပြီး ပိုးကြိုးနဲ့ သီထားပါတယ်။ သူ့ပါးစပ်ထဲ ငွေပြား ၃ ပြားကို ကိုက်ထားပါတယ်။ ပိုက်ဆံဖားက လောဘကြီး တဲ့အတွက် နေ့အခါငွေထွက်ရှာပြီး အိမ်ယူလာတယ်လို့ အဆိုရှိပါတယ်။ ညဘက်ထွက်ရင်တော့ သူက အစွမ်းမရှိဘူးတဲ့။ ငွေကို လောဘကြီးပြီး အသည်းအသန်ရှာတဲ့သူတွေအတွက် ဒီအဆောင်ရဲ့ သဘာဝက ကိုက်ညီအကျိုးပြုပါတယ်။ ပိုက်ဆံဖား (သို့) ခြေ ၃ ချောင်းဖားကို Greatest Money Hunters လို့ ဖုန်းရွှေဆရာတွေက လက်ခံကြပါတယ်။ ကုန်သည်ပွဲစား၊ ငွေရောင်း ဝယ်သူ၊ ထီသမားတို့အတွက် အပြင်ကတစ်ခါပြန်လာရင် သူ့ခြေဖဝါးမှာ ငွေတွေကပ် ပါခေါ်ယူလာမယ်ဆိုတဲ့ အဆောင်ပါ။

## ပိုက်ဆံပြားကိုက်ချီထားတဲ့ ဖား ၃ ကောင်အစီအရင်



ကြေးနဲ့လုပ်ထားတဲ့ပိုက်ဆံပြားကိုက်ချီထားပြီးရွှေပုံ ပေါ်ထိုင်နေတဲ့ ဖား ၃ ကောင်ပါ။ ကုန်အရောင်းအဝယ် သမားတွေအတွက် အစီအရင်ဖြစ်ပါတယ်။ တစ်တွဲတည်း ဧည့်ခန်းမှာထားရပါတယ်။ ၃ ကောင် (သို့) ၉ ကောင် အထိထားရပါတယ်။ ပုံမှာ ပြထားတဲ့အတိုင်း ခပ်ဝိုင်းဝိုင်း ပုံစံလေးစီပြီး ထားရမှာပါ။

**ပိုက်ဆံပြား ၅ ပြား အတွဲလိုက်ကိုက်ချည်ဆွဲလာတဲ့ ခြေ ၃ ချောင်းဖားပြုတ်**



အရှေ့၊ အနောက်၊ တောင်၊ မြောက်နဲ့ ဗဟိုလို့ ရည်ညွှန်းတဲ့ ချင်မင်းဆက်ရဲ့ ကေရာဇ် (၅)ပါးရဲ့ ပိုက်ဆံပြား(၅)ပြားကို ကြိုးအနီနဲ့ချည် ထားတာပါ။ မျက်လုံးမှာ ပတ္တမြား (သို့) အနီ ရောင်ကျောက်နှစ်လုံး စီခြယ်ထားပါတယ်။ (၁) ကံကောင်းခြင်း၊ (၂) လခ နှင့် ရာထူး၊ (၃) အသက် ရှည်ခြင်း၊ (၄) ပျော်ရွှင်ခြင်းနှင့် (၅)ကြွယ်ဝချမ်းသာခြင်းတို့ကို ခြေ(၃)ချောင်းဖားပြုတ်က သယ်ဆောင်လာခြင်းလို့လည်း ရည်ရွယ်ပါတယ်။

**ပိုက်ဆံပြား(၆)ပြားကိုင်ထားတဲ့ ခြေ(၃)ချောင်းဖားပြုတ်**



ရွှေရောင်ဖဲကြိုးနဲ့ ကြာပွင့်သဏ္ဍာန်ချည်ထားတဲ့ ပိုက်ဆံပြား(၆)ပြားကိုင်ထားတဲ့ (သို့) လည်ပင်းမှာဆွဲ ထားတဲ့ ခြေ ၃ ချောင်းဖားပြုတ်ကြီး ဖြစ်ပါတယ်။ ကောင်းကင်ဘုံကပေးတဲ့ လာဘ်လာဘကို ရည်ညွှန်းပါတယ်။ လူတစ်ယောက်ရဲ့ ကြွယ်ဝမှုက မပြိုမကွဲ တည်မြဲမယ်ဆိုတာပါ။ ငွေပြား ၃ ပြား အပေါ်မှာ နောက်ထပ် ၃ ပြားကို ထပ်ထားတာပါ။ ပတ်ကွာ ၈ မြောင့်အင်းအပေါ် ရတနာပုံ ရှိနေတယ်။ အဲဒီအပေါ်ကိုမှ ခြေ ၃ ချောင်းဖားက ထိုင် ထားတာပါ။ ပတ်ကွာက ငွေကြေး ပိုင်ဆိုင်မှု


အတွက် အဖျက်အဆီး၊ အတိုက်အခိုက်ကို နှိမ်နင်းပါတယ်။ သူ့ကျောက ကြယ် ၇ ပွင့်ကိုတော့ မတူညီတဲ့ သလင်းကျောက် ၇ ပွင့်ထည့်ထားပြီး မျက်လုံးကို ပတ္တမြားပဲ ထည့်ထားပါတယ်။ အိမ်ရှေ့တံခါးဝဘက်ကို မျက်နှာမူထားရမှာပါ။ တကယ်လို့များ တတ်နိုင်ရင် လှုပ်ရှားနေတဲ့ အလှဆင်ရေတံခွန်လေးတွေနဲ့ တောင်ပုံစံငယ်လေးတွေ ထားရင် ပိုအစွမ်းထက်မယ် ဆိုပါတယ်။

## ကြေးဝါခြေ(၃)ချောင်းဟားပြုတ်ဘုရင်



သူက ကြေးနီ၊ ကြေးဝါနဲ့လုပ်ထားတဲ့ အရုပ်အကြီးတွေပါ။ ရွှေပုံငွေပုံပေါ် မိန့်မိန့်ကြီး ထိုင်နေတဲ့အပြင် ပါးစပ်မှာ ပိုက်ဆံကိုက်ထား ပါတယ်။ တခြား အရုပ်တွေနဲ့မတူ ထူးခြားချက်ကတော့ သူ့ဦးခေါင်းပေါ် သရဖူဆောင်းထား ပါတယ်။ ထိုင်ခုံအာဏာတည်မြဲဖို့ အုပ်ချုပ်နိုင်ဖို့ ရည်ရွယ်ခဲ့ဟန်တူပါတယ်။ မျက်လုံးမှာနဲ့ ရင်ဘတ်ရှေ့ ပိုက်ဆံပြားမှာ ပတ္တမြား အစစ်စီခြယ်ထားတဲ့ အဆောင်ရုပ်တုပါ။ ပတ္တမြားရဲ့ အာနိသင်က ဘုန်းတန်ခိုးဖြစ်ပါတယ်။ အနီကလည်း စွမ်းအားပါဝါမို့လို့ ဒီရုပ်တုရဲ့ အစီအရင်ဟာ ပြီးပြည့်စုံတဲ့ အစီအရင်လို့ ဆိုရမှာပါ။ ဒါက ရှေးရုပ်တုတစ်ခု ဖြစ်ခဲ့ပါတယ်။ ကျောမှာ ကြယ် ၇ ပွင့်နဲ့ သရဖူအနောက်မှာ ပတ်ကွာအင်းလည်း ပါပါတယ်။ ရှေးက မင်းအုပ်ချုပ်သူတွေရဲ့ အဆောင်ဖြစ်ခဲ့ဟန် တူပါတယ်။

၂၄ ကာရက်ရွှေပေါ် ရတနာစီခြယ်ထားတဲ့ ခြေ ၃ ချောင်းဖားပြုတ်



အနုပညာလက်ရာတစ်ခုနဲ့ မင်း စိုးရာဇာ သူကြွယ်တွေစုဆောင်းကြတဲ့ ရုပ်တုပါ။ ပန်းထိမ်ဆရာ လက်ရာမြောက်လေ တန်ဖိုးရှိလေပါပဲ။ ရွှေချိန်များများနဲ့ပဲ လုပ်လေ့ရှိပါတယ်။

ဒါတွေကတော့ ပိုက်ဆံဖားအစီ အရင်ရဲ့ မှတ်စုတိုလေးတွေပဲ ဖြစ်ပါတယ်။

◆ ◆ ◆


# ၁၈

## Dragon Tortoise
## လိပ်နဂါးအဆောင်ရုပ်




လိပ်နဲ့ နဂါးရောစပ်ထားတဲ့ အဆောင်ရုပ်တု ကို ရှေးကောရာဇ် တွေလက်ထက်က စလို့ အသက်ရှည်ဖို့ အောင်မြင်ဖို့ လိုရာဆန္ဒ ပြည့်ဖို့ နိုင်နင်းစွာ အုပ်ချုပ်နိုင်ဖို့တို့ အတွက် ရည်ရွယ်ပြီး အဆောင်တစ်ခုအဖြစ် အိမ်တွေမှာ ထားရှိကြပါတယ်။ လိပ်နဲ့ နဂါးဆိုပေမယ့် တစ်ခါတလေ နဂါး၊ ဇာမဏီ၊ ကျားနဲ့လိပ် အကောင် ၄ မျိုးရဲ့ လက္ခဏာ တွေထဲက နှစ်မျိုးနဲ့လည်း တွဲတွေ့ရပါသေးတယ်။ တကယ့်ကို ထူးခြား ဆန်းကြယ် ရုပ်တုလေးပါ။ လိုလားတဲ့ရည်မှန်းချက်ပြည့်ဖို့နဲ့ အသိဉာဏ်ပညာ အတွက်လို့လည်း ဆိုပါသေးတယ်။ နဂါးခေါင်းနဲ့ လိပ်ခန္ဓာကိုယ်ဖြစ်ပါတယ်။ ပုံစံအမျိုးမျိုးရှိပေမယ့် ရွှေပြားငွေပြား၊ ရွှေတုံးတွေ အပေါ်ထိုင်နေတာတွေ အတွေ့များပါတယ်။

## LIUI Glass Jewelry လိပ်နဂါးရုပ်များ



အာရှမှာ လူသိများတဲ့ရတနာနဲ့ အသုံးအဆောင်ပစ္စည်းလေးတွေ ထုတ်လုပ်တဲ့ ကုမ္ပဏီတစ်ခုဖြစ်တဲ့ LIUI Glass Jewelry ကတော့ အနုပညာလက်ရာမြောက်လှတဲ့ ဒီဖုန်းရွှေအဆောင်ရုပ်ကလေးကို ဖန်နဲ့ပြုလုပ်လိုက်ပါတယ်။ လှပဆန်းကြယ်ပြီး ချစ်စရာကောင်းလွန်းလို့ အစွမ်းမသိရင်တောင် ဧည့်ခန်းမှာထားချင်စရာတွေပါ။

## ကျောပေါ် လိပ်တစ်ကောင်ပိုးထားပြီး ရွှေပြားတွေပေါ်ရပ်နေတဲ့ လိပ်နဂါး



ဒီ Dragon and the tortoise အရုပ်ကတော့ Chi Lin အကောင်လိုပါပဲ။ အဓိပ္ပာယ် အများကြီး ရှိနေခဲ့ပါတယ်။ (၁) လိပ်ကတော့ အသက်ရှည် အနာမဲ့ခြင်းကို ရည်ရွယ်တာပါ။ လိပ်ဆိုတာက လေမရှိ၊ အစာမရှိရင်တောင် နှစ်ထောင်နဲ့ချီ အသက်ရှင်တယ်လို့ ဆိုရိုးရှိပါတယ်။ (၂) နဂါးကတော့ အောင်မြင်မှု၊ သတ္တိနဲ့ ဆုံးဖြတ်ချက်ကို ဖော်ဆောင်ပါတယ်။ လိပ်ကနဂါးအသွင် ပြောင်းတယ်ဆိုတာကတော့ ကံကောင်းခြင်း၊ အလုပ်အကိုင် အောင်မြင် ခြင်းပါ။ ၃ ရွှေပြားငွေပြား၊ ရွှေတုံးတွေကတော့ ကြွယ်ဝ

ချမ်းသာမှုပါပဲ။ ၄ တချို့ အရုပ်မှာတော့ လိပ်ကလေးကို ကျောပိုးထားပါတယ်။ အဲဒါကတော့ ကောင်းတဲ့ကံကြမ္မာကို သယ်ဆောင်လာပေးတဲ့ အမိပ္ပာယ်ပါ။ သားယောက်ျားလေး မရရှိသေးသူများလည်း ဆောင်သင့်တဲ့ အရုပ်ဖြစ်ပါတယ်။

**ဘယ်လိုနေရာမျိုးမှာ ထားရှိရမလဲ**

စာကြည့်စားပွဲပေါ် စာရွက်ဖိလေးအဖြစ် (သို့) အလှထားအရုပ်ဖြစ်ဖြစ် မြောက်အရပ် (သို့) အရှေ့အရပ်မှာထားရပါမယ်။ ကိုယ်နေတဲ့ ရှေ့တည့်တည့် မျက်နှာမူပြီး လုံးဝ(လုံးဝ)မထားရပါ။ အဲဒါက ကိုယ့်ကိုခိုက်တတ်ပါတယ်။ သတိထားရမယ့်ကိစ္စပါ။ ဘေးဘက်မှာ ထားလည်းရပါတယ်။ ထိုင်နေရာရဲ့ အနောက်တည့်တည့်မှာ ထားချင်လည်းရပါတယ်။

**ရရှိစေမည့်အကျိုးကျေးဇူးများ**

နဂါးနဲ့လိပ်ရုပ်က အလုပ်အကိုင်၊ ဝင်ငွေနဲ့ အသက်ရှည်ကျန်းမာရေးအတွက် ဆိုတာတော့ အထက်မှာပြောပြီးပါပြီ။ အလုပ်အကိုင် ကောင်းစေတယ်၊ ကံကောင်းစေတယ်။ ဝင်ငွေလည်းတိုးပွားစေတယ်။ ကျရောက်မယ့် အန္တရာယ်ကို ကာကွယ် ပေးတယ်။ ပြိုင်ဘက်တွေကို ဖြေရှင်းပပျောက်စေတယ်။ တစ်ခါတလေကျရင် နဂါးပါးစပ်ထဲ ငွေပြားကိုက်ထား တာတွေရှိပါသေးတယ်။ အဲဒါကတော့ စီးပွားရေး သမားတွေအတွက် အထူးပြုထားတာဖြစ်ပါတယ်။ အရောင်းအဝယ် ကောင်းစေပါတယ်။

**ထားရန်နေရာများ**

အိမ်ရဲ့တစ်နေရာရာမှာထားရင်တော့. . .

၁။ ဧည့်ခန်း (သို့) ထမင်းစားခန်းရဲ့ မြောက်အရပ်မှာဆို အလုပ်အကိုင် ကောင်းမယ်၊ အောင်မြင်မှုရပါမယ်။ အထက်လူကြီးရဲ့ ကူညီစောင်မ ကြည့်ရှုမှုရမယ်။

Little Bear PUBLISHING HOUSE

၂။ အလုပ်စားပွဲ (သို့) ထိုင်နေရာ အနောက်တည့်တည့်မှာထားရင် မှန်မှန် ရာထူးတက်နေမယ်၊ တိုးတက်မြင့်မားတဲ့ဘဝရမယ်၊ လုပ်ပိုင်ခွင့် ထူးထူး ခြားခြားရမယ်။

၃။ အိမ်ရဲ့အရှေ့အရပ်မှာထားတာကတော့ မိသားစုကျန်းမာရေးကောင်းမယ်၊ အသက် ရှည်အနာမဲ့မယ်။

၄။ သင်ခရီးသွားတဲ့အခါ သူ့ကို အိမ်ရှေ့တံခါးဝဘက် မျက်နှာလှည့်ထားပါ။ လမ်းခရီးမှာ အထိအခိုက်မရှိ ဘေးကင်းမယ်၊ အလုပ်ကိစ္စအောင်မြင်မယ်၊ ပျော်ရွှင်မှုရမယ်။

၅။ အနောက်မြောက်အရပ်မှာထားရင်တော့ မိသားစုတွင်းလေးစားခံရတဲ့ အိမ်ထောင် ဦးစီးဖြစ်အောင်ပါ။

၆။ ဧည့်ခန်း (သို့) ထမင်းစားခန်းရဲ့ အရှေ့တောင်အရပ်ကတော့ ငွေကြေး ကံကောင်းစေ ပါတယ်။ ငွေ အစုအပြုံ ဝင်စေပါတယ်။

၇။ ဆိုင်ဖွင့်သူဆို ငွေထားတဲ့မီးခံသေတ္တာ၊ ငွေသိမ်းကောင်တာ စတဲ့ နေရာမျိုး နားမှာ ထားနိုင်ပါတယ်။

၈။ အရှေ့မြောက်အရပ် (သို့) စာကြည့်စားပွဲမှာထားရင် စာပေနဲ့ပတ်သက်လို့ ထူးချွန် အောင်မြင်မှုတွေရမယ်။


၉။ အမှုအခင်း၊ ပြဿနာ၊ ရန်များအတွက် မြောက်အရပ်မှာထားရပါမယ်။

အခြားပုံစံအမျိုးမျိုးနဲ့ လိပ်နဂါးတွေကိုလည်း အကြမ်းဖျင်း လက်လှမ်း မီသလောက် ဆက်ပြောပြချင်ပါသေးတယ်။

LittleBoy PUBLISHING HOUSE

## Clear Quartz Dragon Tortoise On Stand

## အောက်ခံခုံလေးပါတဲ့ သလင်းအကြည်လိပ်နဂါး



အောက်ခံခုံပါတဲ့ သလင်းအကြည် လိပ်နဂါးရုပ်ကတော့ အောင်မြင်မှု၊ အလုပ်အကိုင်၊ ရရှိရန်ရှိတဲ့ငွေကြေး၊ အခွင့်အရေးတွေကို ပိတ်ဆို့နေတဲ့ အတားအဆီးကို ဖယ်ရှားနိုင်တယ်။ အထက်လူကြီးတွေဆီက ကူညီထောက်ပံ့မှုကို ရနိုင်တယ်။ လုပ်ပိုင်ခွင့်၊ စီမံခန့်ခွဲနိုင်ခွင့်ရမယ်။ ဦးတည်ရည်ရွယ်ချက်ထားတဲ့ လမ်းကိုလျှောက်လှမ်းဖို့ ချောမွေ့မယ်။ လိုချင်တဲ့နေရာတစ်ခုကိုပိုင်ဆိုင်နိုင်မယ်။ သင့်ရဲ့ ကျန်းမာရေးကိုလည်း ကြည့်ရှုစောင့်ရှောက်ပေးမယ်။ သလင်းအကြည်ကျောက်မှာ ထူးခြားတဲ့ ကိုယ်ပိုင်စွမ်းအင် နဂိုတည်းကရှိပြီးသားမို့ လိပ်နဂါးနဲ့ပေါင်းပြီးရင် ပိုအစွမ်းထက်သွားတာ ဖြစ်ပါတယ်။ တကယ်လို့များရခဲ့ရင် ဆောင်သာဆောင်ပါလို့ ဖုန်းရွှေ ဆရာတွေက တိုက်တွန်းပါတယ်။ လက်ဝတ်ရတနာ ပန်းပုသမားကောင်းကောင်းရှိရင် သလင်းတုံးကို ဝယ်ပြီး ထုခိုင်းလိုက်ပါ။ ကျွမ်းကျင်မှုပေါ် မူတည်ပြီး သာမန် အကြမ်းတုံးထက် ပိုပြီးကြည်လင်လှပသွားတတ်ပါတယ်။ အန္တရာယ် တစ်စုံတစ်ရာရှိလည်း သလင်းက အရိပ်အယောင် ခပ်နောက် နောက်ဖြစ်လာခြင်းနဲ့ သတိပေးတတ်ပါတယ်တဲ့။ သူ့ဆီကစွမ်းအင်က ၅ မီတာဝန်းကျင် ဖြန့်ထားနိုင်တယ် ပြောပါတယ်။ လော့ကက်၊ လက်ကောက်အနေနဲ့ ရရင်လည်း ဆောင်ပြီး သွားလေရာ ဝတ်ဆင်သင့်ပါတယ်။

## 24 K Exclusive Dragon Tortoise with Luoshu Pattern



၂၄ ကာရက် ရွှေအစစ်နဲ့ ပြုလုပ်ထားတဲ့ လိပ်နဂါးရုပ်ပါ။ အောက်ခံ ရွှေပြားမှာ Bagua အင်းကွက်နဲ့ Luoshu Pattern ပါပါတယ်။ မင်း ဧကရာဇ် မျိုးကြီး မတ်ရာနဲ့ သူကြွယ်တွေအိမ်က အဆောင်တစ်ခု ဖြစ်ခဲ့ပါတယ်။ ရွှေ (သို့) ကြေးနဲ့ လုပ်ခဲ့ပါတယ်။ Luoshu Pattern ကို ရှာဖွေ တွေ့ရှိခဲ့ သူက Yu လို့ နာမည်ကြီးခဲ့တဲ့ Shaman ဘုရင်ပါ။ သူက Luo မြစ်ထဲမှာရေကြီးအောင် စွမ်းအင်နဲ့ပြုလုပ်တဲ့သူပါ။ The Luoshu Pattern က လိပ်တစ်ကောင်ရဲ့ ကျောခွံမှာ တွေ့ရတဲ့ ဂမ္ဘီရလက္ခဏာ ကြယ်ပွင့် သင်္ချာန်တွေပါပဲ။ နောင်တစ်ချိန်မှာ ကောင်းကင်ပတ် ကွာအင်းအသွင် ပြောင်းခဲ့ပါတယ်။ အဲဒါတွေကို ဒီရွှေရုပ်လေးမှာ ထည့်သွင်းစီမံထားပါတယ်။ သူက နေရာထားမှားလို့ ခိုက်နေတာမျိုးကို ကုစားပေးနိုင် တယ်လို့ဆိုပါတယ်။


## Anti-Evil Xuan Wu (မကောင်းဆိုးဝါးရန်ကာကွယ် Xuan Wu လိပ်နဂါး)



ဒါလေးကတော့ လိပ်နဂါးက သူ့ကျောပေါ် မြွေ တစ်ကောင် တင်ဆောင်လာတဲ့ အဆောင်ပါ။ Xuan Wu လို့ လူသိကြပါတယ်။ ကံထူးထူးခြားခြား ကောင်းစေတဲ့ အဆောင်ပါ။ မကောင်းဆိုးဝါး၊ နာနာဘာဝ၊ ဝိညာဉ် စသည်တို့ရဲ့ရန်ကို ကာကွယ်ပြီး ကံကောင်းစေပါတယ်။

Little Boy PUBLISHING HOUSE

## Rice Bowl Protected by Celestial Guardian
## (ဆန်ခွက်ကိုကျောပိုးထားတဲ့ လိပ်နဂါး)



အလုပ်မြှုတ်၊ ရာထူးမြှုတ်၊ စီးပွားပျက်၊ ဒုက္ခရောက်၊ စားဝတ်နေရေးအတွက် ပင်ပန်းဆင်းရဲခက်ခဲ နေသူများကို ကူညီမယ့် အဆောင်ဖြစ်ပါတယ်။ အလုပ်စားပွဲ (သို့) ထမင်းစားခန်းမှာထားပါ။ ကျောပေါ်က ကြေးခွက်ရွှေရောင်ထဲ ဆန်အစိမ်း ကိုထည့်ပါ။ တစ်လအတိ ပြည့်ချိန်မှာ တစ်ခါလဲပေးပါ။ မှိုတက်၊ ရေစိုပျက်စီးခြင်း ရှိခဲ့လျှင်တော့ ချက်ချင်း လဲပေးရမှာဖြစ်ပါတယ်။ ပိုင်ဆိုင်မှု တိုးပွားချင်သူများကတော့ ကျောက် မျက်ရတနာများနဲ့ ငွေကြေးပိုက်ဆံပြားများကို ဖြည့်ထားပေးရပါမယ်။

## Ru Yi Dragon Tortoise (ကျောပေါ် Ru Yi တင်ထားသောလိပ်နဂါး)



လိပ်နဂါးကျောပေါ် လှပတဲ့ **Ru Yi** သယ်ဆောင်လာတဲ့အဆောင်ပါ။ အဆက် အသွယ်ကောင်းရရှိဖို့နဲ့ အလုပ်အကိုင် ရာထူးတက်ဖို့ဖြစ်ပါတယ်။ စီးပွားဖြစ်စေမယ့် အခွင့်အလမ်းကောင်း ဆုံတွေ့စေပါမယ်။ ထားရှိရမှာကတော့ အလုပ်စားပွဲပေါ်တွေ (သို့) မြောက်ဘက်အခန်းထောင့်ဖြစ်ပါတယ်။

## Xuan Wu Dragon Tortoise (ကျောပေါ်မြွေတင်ထားသော Xuan Wu လိပ်နဂါး)



လိပ်နဂါးကျောပေါ် မြွေတင်ထားတာကို **Xuan Wu** လိပ်နဂါးလို့ သိကြပါတယ်။ **Xuan Thien** နဲ့ **Shang Di** အရှင်နှစ်ပါးရဲ့ စွမ်းအင်ပါပဲ။ မီးနဲ့ ရေစွမ်းအား ဖြစ်ပါတယ်။ ဒီနှစ်ခုအရောရဲ့ သဘော ကတော့ ယုံကြည်ချက် ကံတရား ဘေးကြမ္မာ ဆိုးကို ဖယ်ရှား ခြင်း ကံကောင်းစေ သောအနာဂတ်တို့ အတွက်ပါ။

## Bronze Pi Yao Dragon Tortoise (ကြေး Pi Yao လိပ်နဂါး)



လိပ်နဂါးကျောပေါ် Pi Yao တင်ထားတဲ့ အဆောင်ပါ။ ကြမ္မာဆိုးများက သင့်အပေါ် ဘယ်သော အခါမှ မလွှမ်းမိုးနိုင်စေခြင်း၊ ဆန္ဒများ ပြီးမြောက် အောင် ကူညီခြင်း၊ အထက်လူကြီး၏ ချီးမြှောက် ကူညီခြင်းကို ခံစားရခြင်း၊ အလုပ်အပ်သူ ပေါများ ခြင်း၊ ဖောက်သည် များပြားခြင်း၊ အစစအရာရာ ကံကောင်းခြင်းတို့ကို ရရှိပါမယ်။အလုပ်စားပွဲ ပေါ်၊ အလုပ်ခန်းရဲ့ မြောက်အရပ်မှာ ထားပါ။

## Bronze Ru Yi Dragon Tortoise (ကြေး Ru Yi ကို လိပ်နဂါးကျောထက်တင်ထားခြင်း)

ကြေး Ru Yi ကို လိပ်နဂါး ကျောထက်တင်ထားသော အဆောင်ရုပ် ကတော့ အလုပ်အကိုင် ရာထူး တက်ခြင်းအတွက်ပါ။ အဆက်အသွယ်ကောင်း ရခြင်း၊



အခွင့်ကောင်းပေါ်ခြင်းတို့နဲ့လည်း သက်ဆိုင်ပါတယ်။ အလုပ်စားပွဲပေါ် (သို့) အလုပ်ခန်း မြောက်ဘက်မှာ ထားရပါတယ်။

**Bronze Bagua Yin-Yang Dragon Tortoise**
**(ယင်နှင့်ယန်တံဆိပ် ကျောပေါ်ပါသောလိပ်နဂါး)**




ပတ်ကွာအင်းအလယ် ယင်နှင့်ယန်ကို ကျောပေါ် တင်ထားသော လိပ်နဂါးရုပ်ကတော့ မကောင်းတဲ့ ချီဓာတ်ကို ပယ်ဖျက်ပေးပါတယ်။ မကောင်းတဲ့ ကံကြမ္မာရယ်၊ နာနာဘာဝ အတိုက်အခိုက်ကိုလည်း ဖယ်ရှားပါတယ်။ ကံမကောင်း ခြင်း၊ အမှုအခင်း၊ အတိုက်အခိုက်၊ ပိတ်ဆို့နေတဲ့အခွင့် အလမ်းစတာတွေကို ဖယ်ရှားပေးပါတယ်။ ပျော်ရွှင်ခြင်း ဖန်တီး နိုင်သောစွမ်းအား၊ ဆုံးဖြတ်ချက်မှန်ကန်စွာချနိုင်ခြင်း တို့အတွက်လည်း ဖြစ်ပါတယ်။

**Bronze Pair of Dragon Tortoises with Child and String of Coins on Wealth Bed (ကလေးပါတဲ့ ကြေးလိပ်နဂါးစုံတွဲ)**

ကလေးပါတဲ့ကြေးလိပ်နဂါးစုံတွဲမှာ တစ်ကောင် က ကျောပေါ်ကလေးပါပြီး တစ်ကောင်ကတော့ ကျောပေါ် ကြိုးနဲ့သီထားတဲ့ပိုက်ဆံပြားကို ထမ်းထားပါတယ်။ အဖိုအမစုံတွဲပါ။ ကံကောင်းပြီး သာယာပျော်ရွှင် တဲ့မိသားစုဘဝအတွက်ဖြစ်ပါတယ်။

PUBLISHING HOUSE




စီးပွားရေးကောင်းခြင်း၊ အကူအညီရခြင်း၊ အလုပ်အကိုင်ကောင်းခြင်း၊ ရာထူးတက်ခြင်း၊ အိမ်တွင်းရေး သာယာခြင်းတို့အတွက် ဖြစ်ပါတယ်။

## Water Dragon Tortoise Biting Coin
## (Water Element သမားဆောင်ရမယ့်လိပ်နဂါး)



ခရမ်း (သို့) အပြာရောင်ပိုက်ဆံကိုက်ထားတဲ့ လိပ်နဂါး ကတော့ တရုတ်မွေးနှစ် 5 elements ထဲက Water element သမားဆောင်ရမှာ ဖြစ်ပါတယ်။ မြောက်အရပ်မှာ ထားရမှာပါ။ အရှေ့ အရပ်မှာဆို ကျန်းမာရေး၊ အရှေ့တောင်မှာဆို စီးပွားချမ်းသာရေးအတွက် ဖြစ်ပါတယ်။

## Dragon Tortoise on Bagua
## (လိပ်တစ်ကောင်ကျောပိုးပြီး ပတ်ကွာအင်းပေါ်ထိုင်၊ ပိုက်ဆံကိုက်ထားတဲ့ လိပ်နဂါးရုပ်)



လိပ်ကလေးတစ်ကောင် ကျောပိုးပြီး ပတ်ကွာ အင်းပေါ်ထိုင်၊ ပိုက်ဆံကိုက်ထားတဲ့ လိပ်နဂါးရုပ် ကတော့ အလုပ်မှာအောင်မြင်ပြီး ရာထူးတိုးဖို့ပါပဲ။ မှားယွင်းသော အထားအသိုကိုလည်း ပြုပြင်ပေးပါတယ်။

## Bronze Dragon Tortoise


(လိပ်တစ်ကောင်ကျောပိုးပြီး ရွှေပုံငွေပုံပေါ်ထိုင်နေသော လိပ်နဂါးရုပ်)



ကံမကောင်းခြင်းကိုဖယ်ရှားပြီး ချမ်းသာကြွယ်ဝဖို့ပါ။

## Imperial Dragon Tortoise of Longevity

(Sau စာတန်းပါ အသက်ရှည်ကျန်းမာဖို့အတွက် အဆောင်လိပ်နဂါး)






အသက်ရှည်ကျန်းမာဖို့အတွက် လိပ်နဂါးရုပ်ကလေးပါ။ Sau (Longevity Symbol) ဆိုတဲ့ လက္ခဏာတွေကို သူ့ကျောပေါ်တွေ့ရပါတယ်။ အသက်ကြီးသူတစ်ဦးဦး၊ ကိုယ့်အထက်အရာရှိ၊ မိဘ ဘိုးဘွားလူကြီးမင်းတွေရဲ့ မွေးနေ့ပွဲအတွက် အကောင်းဆုံးလက်ဆောင်မွန် ဖြစ်ပါတယ်။

**Bronze Dragon Tortoise on Treasure Bed**
(ငွေပုံ ရတနာပုံပေါ် မတ်တတ်ရပ်နေတဲ့ လိပ်နဂါးရုပ်တု)



ငွေပုံ ရတနာပုံပေါ် မတ်တတ်ရပ်နေတဲ့ လိပ်နဂါး ကလည်း စီးပွားဥစ္စာ တိုးတက်ဖို့အတွက်ပါပဲ။ ဒါတွေကတော့ လိပ်နဂါးအဆောင်ရုပ်တုတွေ အကြောင်းပါပဲ။

◆ ◆ ◆



# ၁၉

## Wu Lou (ဘူးတောင်း)
## နှင့်
## Flutes (ဝါးပုလွေများ)

နောက်ထပ် ဖုန်းရွှေအဆောင်တွေကတော့ Wu Lou နဲ့ Flutes တွေပါပဲ။ Wu Lou က အသက်ရှည်ဆေးကို ပိုင်စိုးတဲ့နတ်ဘုရား SHU ရဲ့ အထိမ်းအမှတ် ပစ္စည်းဖြစ်ပါတယ်။ Wu Lou လို့ခေါ်တဲ့ ဘူးတောင်းလေးက အမြိုက်ဆေးရည်ဘူး တောင်းလေး ဖြစ်ပါတယ်။ ကျန်းမာရေးအတွက် အဆောင်ဖြစ်ပါတယ်။ ကျန်းမာရေး တကယ် ထိခိုက် နေတဲ့အခါ အိပ်ရာဘေး တစ်ဖက်တစ်ချက်ကို ပတ်ကွာအင်းထွင်းထားတဲ့ ဒီအဆောင် တစ်ခုစီထားပြီး အိပ်စက်ရပါမယ်။

**What the Wu Lou symbolizes and how to use this symbol to enhance your Feng Shui?**

**ဖုန်းရွှေမှာ Wu Lou ကို ဘာအတွက် သုံးသင့်သလဲ၊ ဘာရဲ့ နိမိတ်ပုံလဲ။**

ရှေးအခါက Wu Lou ဆိုတာ ခရီးသွားလာရင် ဆောင်သွားလေ့ရှိတဲ့ ရေဘူးတောင်းလေးပါပဲ။ ခရီးသွားလာသူတွေအတွက် ရေက အသက်ဖြစ်တာကိုတင်စားရင်း ရေဘူးတောင်းဟာ အသက်ပေးဆောင်သူဆိုတဲ့နိမိတ်သင်္ကေတ၊ တင်စားချက်ကို ရရှိပိုင်ဆိုင်လာပါတယ်။ ကြာရှည်ထာဝရတည်တံ့ခိုင်မြဲခြင်း၊ ကျန်းမာခြင်း၊ ခရီးရောက်ခြင်းဆိုတဲ့ ဖော်ညွှန်းချက်လည်း ဖြစ်ပါတယ်။ ရှေးက တရုတ်လူမျိုးတွေရဲ့ ဒဏ္ဍာရီ တစ်ခုထဲမှာတော့ Wu Lou ကို တာအိုဆရာတွေနဲ့ နတ်ဘုရားတွေက မကောင်းဆိုးဝါးတွေကို အန္တရာယ်မပေးနိုင်တော့အောင် စုပ်ယူဖမ်းဆီးချုပ်နှောင်ဖို့ အသုံးပြုပါတယ်။ ဒါကြောင့် Wu Lou ဟာ ဖုန်းရွှေအဆောင်တစ်ခုအနေနဲ့ ကိုယ့်ပတ်ဝန်းကျင်က မကောင်းတဲ့ ဓာတ်တွေကို စုပ်ယူဖမ်းချုပ်ဖို့အတွက် သုံးလာပါတယ်။

မိမိအိမ်မှာ ကံမကောင်းဘူး၊ နေမကောင်းတာ ခဏခဏဖြစ်တယ်ထင်ရင် Wu Lou များများ နေရာအနှံ့ချိတ်ထားလို့ရပါတယ်။ ပြန်ပြီးကံကောင်း၊ နေကောင်းလာပါမယ်။

၁။ Wu Lou နှစ်ခုကို အိပ်ရာဘေး တစ်ဖက်တစ်ချက်ထား အိပ်တာက ကျန်းမာရေးပြန်ကောင်းနိုင်ပါတယ်။ (ဘေးဘက်ထားထား၊ ချိတ်ဆွဲထားထားရပါတယ်။)

၂။ ဖုန်းရွှေ Wu Lou ကို ဧည့်ခန်းအရှေ့အရပ်မှာထားရင် တစ်အိမ်သားလုံး ကျန်းမာရေးကောင်းမယ်။

၃။ ဖုန်းရွှေ Wu Lou ကို အလုပ်ခန်းရဲ့ အလုပ်စားပွဲမှာထားရင် အဆိုးတွေဖယ်ထုတ်ပြီး ကံမကောင်းခြင်းကို ကာကွယ်ပေးပါမယ်။

## အမည်းရောင် Wu Lou

၁။ အမည်းရောင် Wu Lou ကို ဝတ်ဆင်မယ်ဆိုရင် သူက ကံမကောင်းတာတွေ ဖယ်ရှားပေးပါတယ်။ ကိုယ်နဲ့ စိတ်မှာရှိတဲ့ အညံ့ဓာတ်တွေ (ဆိုးဝါးတဲ့ချီတွေ)ကို ဖယ်ပေးပါတယ်။ အသားကို အမြဲ Wu Lou က ထိနေတဲ့အတွက် အကျိုးသက်ရောက်မှု ပိုများပါတယ်။

၂။ အမည်းရောင် Wu Lou ကို ကားမှာချိတ်ဆွဲထားမယ်ဆို မတော်တဆထိခိုက်ခြင်းတွေက ကာကွယ်ပေးပြီး အဝေးခရီးသွားတဲ့အခါ လမ်းမှာကြုံတတ်တဲ့အန္တရာယ်တွေက ကာကွယ်ပေးပါမယ်။


၃။ အမည်းရောင် Wu Lou လေးခုကို အိပ်ရာလေးဖက်လေးတန်မှာ ချိတ်ဆွဲထားရင် မကောင်းတဲ့အိပ်မက်ဆိုးတွေကြောင့် ညညချောက်ချားခြင်း၊ ကလေးငယ်များ လန့်ငိုခြင်း၊ မကောင်းဆိုးဝါး အနှောင့်အယှက်ရှိတယ် ခံစားတတ်သူတွေအတွက် အကောင်းဆုံးအစီအမံ ဖြစ်ပါတယ်။



အမည်းရောင် Wu Lou ကို Black Obsidian ကျောက်နဲ့ လုပ်ပေးရင် ပိုအစွမ်းထက်ပါတယ်။ Black Obsidian ဆိုတာ အစွမ်းထက်တဲ့ ကျောက်တစ်မျိုးပါ။

**Flutes (ဝါးပုလွေများ)**

ဝါးနဲ့ပြုလုပ်ထားတဲ့ပုလွေတွေက ဖုန်းရွှေအဆောင်ကောင်းတွေဖြစ်ပါတယ်။ ပုလွေနှစ်ချောင်းကို ကြိုးအနီ (သို့) ဖဲကြိုးနီပုံမှာပြထားတဲ့အတိုင်း ဆိုင်းထားပါ။ ပါးစပ်နဲ့မှုတ်တဲ့အပိုင်းက အောက်ဖက်ဖြစ်ရပါမယ်။ သူခိုးဓားပြရန်က ကာကွယ်ပေးပြီး ဈေးဝယ်



ဖောက်သည်တွေကို ဆွဲဆောင်တဲ့အစီအရင်ဖြစ်ပါတယ်။ ဈေးဆိုင်အရောင်းအဝယ်လုပ်သူဆို ငွေသိမ်းကောင်တာနားမှာချိတ်ဆွဲပါ။ ဧည့်ခန်း၊ ရုံးခန်း၊ အိပ်ခန်းတို့မှာလည်း ချိတ်ဆွဲ နိုင်ပါတယ်။ ငြင်းခုံ၊ ရန်ဖြစ်၊ စကားများ၊ အချေအတင်ပြောဆိုရခြင်းတွေ အေးချမ်းသွားပါလိမ့်မယ်။

ဒါတွေကတော့ Wu Lou နဲ့ ဝါးပုလွေတို့အကြောင်း တစေ့တစောင်း မှတ်စုလေးတွေပဲ ဖြစ်ပါတယ်။

◆ ◆ ◆



# ၂၀

## Dragon

## နဂါး

နဂါးကတော့ တရုတ်လူမျိုးတွေရဲ့ ရှေးမလေ့ထုံးတမ်း စဉ်လာများအရ အမွန်အမြတ်ထားစရာ ဝိသေသပြယုဂ်တစ်ခု ဖြစ်သလို ဖုန်းရွှေမှာလည်း အရေးကြီးတဲ့ပုံရိပ်တစ်ခုဖြစ်နေခဲ့ပါတယ်။ ၂၀၁၂ ဟာ နဂါးနှစ်ဖြစ်ပါတယ်။ တရုတ်ရိုးရာ ရာသီခွင်အရ တိရစ္ဆာန် ၁၂ ကောင်ထားရှိရာမှာ နဂါးနှစ်ဖွားတွေက အခြားနှစ်ဖွားတွေထက် ထူးခြားတယ်လို့ သတ်မှတ် ခံရပါတယ်။ တရုတ်ရိုးရာ နှစ် ၁၂၀ လူနာပြက္ခဒိန်အရတော့ နဂါးနှစ်ဖွားတွေကို သတ္တု၊ ရေ၊ သစ်သား၊ မီး၊ မြေ ၅ မျိုးနဲ့ ထပ်ဆင့်ခွဲထားပါသေးတယ်။ ၂၀၁၂ အထိကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်။


| | | | |
|---|---|---|---|
| ၁၈၈၀၊ ဖေဖော်ဝါရီ ၁၀ | မှ | ၁၈၈၁၊ဇန်နဝါရီ ၂၉ | သတ္တုနဂါး |
| ၁၈၉၂၊ ဇန်နဝါရီ ၃၀ | မှ | ၁၈၉၃၊ ဖေဖော်ဝါရီ ၁၆ | ရေနဂါး |
| ၁၉၀၄၊ ဖေဖော်ဝါရီ ၁၆ | မှ | ၁၉၀၅၊ ဖေဖော်ဝါရီ ၃ | သစ်သားနဂါး |
| ၁၉၁၆၊ ဖေဖော်ဝါရီ ၃ | မှ | ၁၉၁၇၊ ဇန်နဝါရီ ၂၂ | မီးနဂါး |
| ၁၉၂၈၊ ဇန်နဝါရီ ၂၂ | မှ | ၁၉၂၉၊ ဖေဖော်ဝါရီ ၈ | မြေနဂါး |
| ၁၉၄၀၊ ဖေဖော်ဝါရီ ၈ | မှ | ၁၉၂၁၊ ဇန်နဝါရီ ၂၆ | သတ္တုနဂါး |
| ၁၉၅၂၊ ဇန်နဝါရီ ၂၆ | မှ | ၁၉၅၃၊ ဖေဖော်ဝါရီ ၁၃ | ရေနဂါး |
| ၁၉၆၄၊ ဖေဖော်ဝါရီ ၁၃ | မှ | ၁၉၆၅၊ဇန်နဝါရီ ၃၁ | သစ်သားနဂါး |
| ၁၉၇၆၊ ဇန်နဝါရီ ၃၁ | မှ | ၁၉၇၇၊ ဖေဖော်ဝါရီ ၁၇ | မီးနဂါး |
| ၁၉၈၈၊ ဖေဖော်ဝါရီ ၂၂ | မှ | ၁၉၈၉၊ ဖေဖော်ဝါရီ ၅ | မြေနဂါး |
| ၂၀၀၀၊ ဇန်နဝါရီ | မှ | ၂၀၀၁၊ ဖေဖော်ဝါရီ | သတ္တုနဂါး |
| ၂၀၁၂၊ ဇန်နဝါရီ ၂၃ | မှ | ၂၀၁၃၊ ဖေဖော်ဝါရီ | ရေနဂါး |

တို့ဖြစ်ပါတယ်။

နဂါးတစ်ကောင်တည်းဖြစ်ပြီး ပါးစပ်မှာ ပုလဲလုံး ဟပ်ထားတာကတော့ ကံကောင်း စေမယ့်လက္ခဏာနိမိတ်ပါ။ ပိုအစွမ်းထက်အောင် ထားရမယ့်နေရာက မိမိအိမ်ရဲ့ အရှေ့အရပ် မှာဖြစ်ရပါမယ်။ အိမ်တင်မက အလုပ်ရုံးခန်း၊ စက်ရုံ စတာ တွေမှာ ထားလို့လည်းရပါတယ်။


## နဂါးရုပ်တုတွေကို ဘယ်လိုထားရမလဲ

### ပုံစံ(၁)




အလုပ်ကံကောင်းစေဖို့ ရုံးခန်း အလုပ်စားပွဲပေါ်ထားပါ။ စုံတွဲပုံ ၂ ကောင်ဆိုရင် အလုပ်ရုံးခန်းရဲ့လက်ဝဲ ဘက်မှာထားရပါမယ်။ အဲဒါက အလုပ်ရုံးခန်းရဲ့ ချီဓာတ်ကို တိုးမြှင့်ပေးပါတယ်။ ကံကောင်းခြင်း၊ ရာထူးတိုးခြင်း၊ လစာတိုးခြင်း၊ လုပ်ဖော်ကိုင်ဖက်အကြီးအကဲတို့ထံမှ အထောက် အပံ့ အကူအညီကောင်းရခြင်းတို့အပြင် လုပ်ငန်းခွင်အတွင်း အတင်းအဖျင်းပြောခံရခြင်း၊ အထင်လွဲမှားခံရ ခြင်းတို့မှလည်း လွဲဖယ်စေပါတယ်။

### ပုံစံ(၂)




စုံတွဲပုံ ၂ ကောင်ကို အိမ်အဝင်ဝတံခါး၏ လက်ဝဲဘက်မှာ ထားပါ။ လုပ်ငန်းကိုင်ငန်း အဆင်ပြေမယ်။ စကားများငြင်းခုံရခြင်း၊ အထင်လွဲမှား သံသယအဖြစ်ခံရခြင်း၊ အမှုအခင်းရင်ဆိုင်ရခြင်းတို့မှ ကင်းဝေးစေပါမယ်။

## LIULI Glass Jewelry



ကြံ့တုန်းကြံ့ခိုက် Liuli glass artworks, jewelries နဲ့ accessories တွေ အကြောင်းပါ ထည့်ရေးပေးပါမယ်။ LIULI Glass Jewelry လုပ်ငန်းက အာရှမှာတင်မက ဥရောပနဲ့ အမေရိကအထိ လူသိထင်ရှားကျော်ကြားပါတယ်။ သူက ရှေးဟောင်း ဖန်အနုပညာသုံးထားတဲ့၊ လက်မှုပညာအလှအပတွေ မွှန်းထုံနေတဲ့ လက်ဝတ် လက်စား အလှထားပစ္စည်းဖန်ထည်လေးတွေလုပ်တာပါ။ သူ့ဆီက ဖုန်းရွှေအမှတ်တရ ရုပ်တုလေးတွေ ထုတ်လေ့ရှိပါတယ်။ ပုံမှာပြထားတာ သူ့ဆီကထုတ်တဲ့ ဖန်သားနဂါးပါ။ လှပပြီး လက်ရာမြောက်လှတဲ့ရုပ်တုဖြစ်ပါတယ်။

◆ ◆ ◆

# ၂၁

## Temple Lions (သို့မဟုတ်)
## Fu Dogs



တရုတ်ဧကရာဇ်များ အုပ်ချုပ်မင်းမူနေစဉ်ခေတ်အခါ ပီကင်းမှစပြီး နန်းတော်ဝ တွေမှာ ခြင်္သေ့ရုပ်အစောင့်အရှောက်တွေထားလေ့ရှိလာပါတယ်။ ရည်ရွယ်ချက်ကတော့ ရန်သူတွေနဲ့ မကောင်းဆိုးဝါးနှောင့်ယှက်မှုတွေက ကာကွယ်နိုင်ဖို့ပါပဲ။ ဒီ ဘုရားကျောင်းခြင်္သေ့တွေ (Temple Lions) ကို Fu Dogs (ဖုခွေး)တွေလို့လည်း နောက်တစ်နည်း ခေါ်ပါသေးတယ်။



Fu Dogs လို့ပြောရင် နောက်အကောင်တစ်မျိုးလားလို့ မတွေးပါနဲ့။ Temple Lions တွေပဲဖြစ်ပါတယ်။ ဖိုမစုံတွဲဖြစ်ပြီး အများအားဖြင့် အထီးက ဘောလုံးလို အလုံးတစ်လုံးကစားနေပြီး အမရဲ့လက်သည်းတွေကြားမှာတော့ သူ့မရဲ့ သားငယ်လေး ပါတတ်လေ့ရှိပါတယ်။ အထီးနဲ့ ဘောလုံးရဲ့အဓိပ္ပာယ်က အမိန့်အာဏာ အကြီးအကဲ ဆိုတဲ့ အထိမ်းအမှတ်ဖြစ်ပြီး အမနဲ့ သားငယ်ရဲ့အဒိပ္ပာယ်ကတော့ ကာကွယ် စောင့်ရှောက်ခြင်းနဲ့ သစ္စာတည်ခြင်းဆိုတာပဲဖြစ်ပါတယ်။ ခြံကြီးခြံကောင်းတွေမှာလည်း ယခုအခါ ထားလေ့ရှိလာပါတယ်။ အိမ်မှာထားမယ်ဆိုရင် အိမ်အဝင်ဝအပြင်ဘက် တစ်ဖက်တစ်ချက်မှာ ထားရမှာပါ။

မကောင်းဆိုးဝါးအတိုက်အခိုက်၊ အောက်လမ်းနှင့်ပြုစားခြင်းတို့ကို ကာကွယ်ပေး မယ်ဆိုပါတယ်။

**ထားရှိပုံ**

သူ့ကို အိမ်ထဲမထား ရပါဘူး။ နောက်ပြီး ကြမ်းတစ်ပြေးတည်း မြေပြင်မှာ မချရပါဘူး။ နည်းနည်းမြင့်တဲ့နေရာမှာထားရမှာပါ။ အထီးကို အတွင်းဘက်ကအပြင်ကို လှမ်းကြည့်ရင် မြင်ရတဲ့ အဝင်ဝရဲ့ ဘယ်ဘက် အခြမ်းမှာ ထားတာက နေရာမှန်ဖြစ်ပါတယ်။ ညာဘက်မှာမှ အမကိုထားရပါမယ်။ လမ်းမဘက်ပဲ မျက်နှာတွေလှည့်ထားရပါမယ်။ အချို့ကတော့ ဘောလုံးပဲကိုင်ထားတဲ့ အထီး ၂ ကောင်ကို ထားပါတယ်။ သူကတော့ အမိန့်အာဏာကိုပဲ ၂ ဆဆိုတဲ့ သဘောပါ။

## Imperial Lion (ဧကရာဇ်နိုင်ငံတော် ခြင်္သေ့တံဆိပ်တုံး)



ဧကရာဇ်ဘုရင်တွေက သူတို့ရဲ့ တံဆိပ်တုံး (သို့) စာရွက်ဖိတုံးကို Imperial Lion က ရတနာတစ်ခုခုနဲ့ ဆော့ကစားနေတဲ့ပုံ ပြုလုပ်ပြီး ဆောင်တတ်ပါတယ်။ သူက အသုံးလည်းဝင်၊ ကိုယ့်ကိုလည်းကာကွယ်ပြီး ချမ်းသာမှု ပေးနိုင်တဲ့ အဆောင်ရုပ်တုလည်း ဖြစ်ပါတယ်။ အိမ်ထဲမှာထားလို့ရတဲ့ အဆောင်ရုပ်ပါ။ သူက မမျှော်လင့်တဲ့ ငွေယိုပေါက်များ၊ ဆုံးရှုံးပျက်စီးမှုများ ကို ကာကွယ်ပေးပြီး ငွေတိုးပွားအောင်လည်း ဖန်တီးပေးပါတယ်။ ပိုင်ရှင်ရဲ့

စီးပွားရေးကို ဘဝနဲ့ရင်းပြီး စောင့်ရှောက်ပေးတယ်လို့ဆိုပါတယ်။ တစ်ခုခုခိုက်စရာရှိရင် အရုပ်က ပျက်စီးမှုရှိတယ်လို့ ယုံကြည်ကြပါတယ်။ မှော်၊ စုန်း၊ အောက်လမ်းစတဲ့ ပညာသမားတွေရဲ့ အတိုက်အခိုက်ကိုလည်း ကာကွယ်ပေးနိုင်ပါတယ်။ ကံကောင်းစေပါတယ်။ သူခိုးလူဆိုးရန်ကလည်း ကာကွယ်ပေးပါတယ်။ ဟထားတဲ့ ပါးစပ်ကျယ်ကျယ်နဲ့ ချွန်ထက်တဲ့ သွားတွေကသားကောင် (သို့) ရန်သူကို ဆွဲယူ စားသောက်ပစ်လိုက်မယ့်ဟန် ဖြစ်ပါတယ်။ အရေးကြီးတဲ့ သင့် စာရွက် စာတမ်းတွေကို ဒီ စာရွက်ဖိတုံး (သို့) တံဆိပ်တုံးနဲ့ဖိထားပြီးမှ သုံးရင် ကံကောင်းခြင်းတွေ ဆောင်ကြဉ်း လာနိုင်မယ်လို့ ဖုန်းရွှေဆရာတွေကပြောပါတယ်။


**Where to place:**

အိမ်မှာ ရွှေရောင် **Imperial Lion** တံဆိပ်တုံး (သို့) စက္ကူဖိတုံးထားရင် အနောက်မြောက်အရပ်မှာထားရင် ပိုကောင်းပါတယ်။

♦ ♦ ♦

Fu Dogs တွေပြီးတာနဲ့ တစ်ဆက်တည်းရေးပြချင်တာက Cicada အကောင်ပဲဖြစ်ပါတယ်။ သူကလည်း ကာကွယ်စောင့်ရှောက်ပေးတဲ့ လာဘ်ကောင်မို့ပါ။

## Cicada (စီကာဒါ)



စီကာဒါ အဆောင်ရုပ်ကိုတော့ ယွန်းအနီနဲ့ ပြုလုပ်ထားတာတွေပဲ များပါတယ်။ တခြားသတ္တုတွေနဲ့လည်းလုပ်ပါတယ်။ ပိုးကောင်ရုပ်ပါပဲ။ စီကာဒါက immortality ထာဝစဉ် တည်တံ့ခိုင်မြဲခြင်း အတွက် အထိမ်းအမှတ်ဖြစ်ပြီး အစွမ်းထက်လှတဲ့လက်ဖွဲ့တစ်ခုဖြစ်ပါတယ်။ ပျော်ရွှင်ခြင်းနဲ့ နုပျိုခြင်း အသွင်ဆောင်ခြင်းတို့ရဲ့ အထိမ်းအမှတ် သင်္ကေတလည်း ဖြစ်ပါတယ်။ စီကာဒါကို ဧည့်ခန်းတွင်(သို့) အလုပ်ခန်းတွင် ဆောင်ထားခြင်းဖြင့် အန္တရာယ်များ၊ သစ္စာမဲ့သော မိတ်ဆွေ အပေါင်းအသင်းနှင့် ရန်သူများအပေါ် ခံနိုင်ရည်ရှိခြင်း၊လုပ်ဖော်ကိုင်ဖက် မနာလိုသူများနှင့် နိုင်ထက်စီးနင်းလုပ်တတ်သော အထက်လူကြီးအလုပ်ရှင်တို့ထံမှ ကာကွယ်ပေးခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိနိုင်ပါတယ်။

**အကျိုးပြုပုံ**

သူက အိမ်တွေမှာရှိတတ်တဲ့ မကောင်းတဲ့-ဒုတ်သဘောတွေကို ဖယ်ရှား ပေးပါတယ်။ အိမ်တွင်းဝင် ရောက်လာတဲ့ ရန်အတိုက်အခိုက်ကို ဖယ်ရှားပေးပါတယ်။

**အသုံးပြုပုံ**

သူ့ခြေတစ်ချောင်းကို ဖဲပြားစအနီနဲ့ချည်ပြီး အိမ်အဝင်တံခါးနားမှာ အနှောင့်အယှက်များဝင်ရောက်ခြင်း ဟန့်တားနိုင်ရန် ချိတ်ဆွဲထားပါ။ ထို့အပြင် မည်သည့်စိတ်မသန့်သည့်နေရာတွင်မဆို ချိတ်ဆွဲနိုင်ပါတယ်တဲ့။

**လက်ဆောင်ပေးရမည့်သူများ**

နိုင်ငံရေးအတိုက်အခံခေါင်းဆောင်များ၊ မနာလိုခံရ သူရှိနိုင်သော အနုပညာသမားများ၊ စာတော်သော ကျောင်းသားကျောင်းသူများနှင့် စီးပွား ရေးလုပ်ငန်းရှင်များ၊ ပြိုင်ဘက်အငယ်အနှောင့်ကိစ္စပူပင်ရသော အမျိုးသမီးကြီးများဆောင်ထားရန် လိုအပ်တဲ့လက်ဖွဲ့ဖြစ်ပါတယ်။ မြင်းကျောပေါ် Cicada တက်နေပုံရုပ်တုကတော့ အပြိုင်အဆိုင်များကို အမြန်ဆုံး ကျော်ဖြတ်နိုင်ဖို့ လိုအပ်သူအတွက်ပါပဲ။ (အမှု အခင်းဖြစ်နေသူများအတွက် ပိုမိုသင့်တော် ပါတယ်။)

◆ ◆ ◆

ကျွန်မ ဖတ်မိ၊ မှတ်မိ၊ စုဆောင်း ဘာသာပြန်မိထားတဲ့ မှတ်စုလေး တွေကတော့ ဒီလောက်ပါပဲ။ ဒီမှတ်စုစာအုပ်လေးကို ဖတ်မိသွားခဲ့ ပြီဆိုရင်တော့ ဖုန်းရွှေဆိုတာ ဘာလဲဆိုတာရယ်၊ ဖုန်းရွှေ အဆောင်ရုပ်တုတွေ၊ အထူးသဖြင့် လာဘ်ကောင်လေးတွေ အကြောင်းကို အကြမ်းဖျင်းအားဖြင့် စုံစုံလင်လင် သိရှိနားလည် သွားပြီလို့ ယူဆရပါတယ်။ စာဖတ်သူများ၊ အဆောင်လာဘ်ကောင် စိတ်ဝင်စားသူများ ကံကောင်းအောင်မြင် ငွေဝင်ပျော်ရွှင်အောင် ဖုန်းရွှေနဲ့ ဖန်တီးနိုင်ကြပါစေလို့. . .။

♦ ♦ ♦